
www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

## ဆူးသုံးခက်အလယ်ကနှင်းတစ်ပွင့်



အချစ်
လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံတူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

22 OCT 2012

# မမသဒ္ဒါမောင်

# ဆူးသုံးခက်

# အလယ်က နှင်းတစ်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၂၊ နိုဝင်ဘာ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် | | ဦးအေးလွင် (၀၈၂၁၀) |
| အတွင်းပုံနှိပ်သူ | | ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - | ၁၆၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

မမသဥ္ဇါမောင် ၈၉၅.၈၃
ဆူးသုံးခေါက် အလယ်က နှင်းတစ်ပွင့် /မမသဥ္ဇါမောင်။ -
ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၂ ။
၂၉၇ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) ဆူးသုံးခေါက်အလယ်က နှင်းတစ်ပွင့်



မင်းအသက် (၁၇)နှစ်မှာ ကိုယ့်အသက်က (၃၂)နှစ်ရှိနေပြီ 'ဖက်ဆွတ်နှင်း'.... (၁၅)နှစ်ကျော် ကွာဟနေတဲ့ အသက်အပိုင်းအခြားမှာ ရည်ရွယ်တဲ့လမ်း၊ ရည်မှန်းတဲ့ပန်းတိုင်နဲ့ ဦးတည်ချက်တိုင်းက အများကြီး ကွာခြားနေမှာအမှန်ပဲ။ ကိုယ်က ကိုယ့်ထက်ဦးနှောက်ငယ်တဲ့ မိန်းကလေးမျိုးကို ဘယ်တော့မှ စိတ်မဝင်စားဘူး....ကိုယ့်ပခုံးကို ယှဉ်တိုက်နိုင်မယ့် သတ္တိရှိမိန်းမမျိုးကိုမှ သဘောကျတာ....

ဘုန်းစကြာ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အပေးနဲ့အယူဆိုတာ အမြဲဒွန်တွဲနေတာ သဘာဝပါ၊ ကမ်းလင့်နေတဲ့လက်တစ်စုံမှာ နှလုံးသားကို အပိုင်ပေးဖို့ အဆင်သင့်ထည့်ထားပြီးသား။ ကိုယ်လိုချင်တာ တစ်ခုတည်းပါ 'နှင်း'....ရင်ထဲကချစ်ခြင်းကို ပြန်မပေးချင်ရလောက်အောင် မင်းနှလုံးသားက အဘယ်မျှ မာကျောအေးခဲနေရတာပါလဲ၊ လွယ်လင့်တကူ ရိုက်ချိုး ဖျက်ဆီးပစ်ရလောက်အောင် ကိုယ်က ခပ်ပျော့ပျော့ ဖော့ဖယောင်းမျိုး မဟုတ်ဘူးဆိုတာကိုတော့ မင်းသိထားစေချင်ပါတယ်....

ကျော်ဇေယျာလင်း





*မိန်းမတိုင်းက ကိုယ့်ရှေ့မှာ မားမားရပ်ပြီး ကာကွယ်ပေးတတ်တဲ့ ယောက်ျားမျိုးကိုမှ သူရဲကောင်းလို့သတ်မှတ်ပြီး ချစ်သူအဖြစ် ရွေးချယ်တတ်ကြတယ်...အဲဒီလိုယောက်ျားမျိုးထဲမှာ မင်းမပါဘူး 'နှင်းမောင်'...ကိုယ်က အချစ်ကို ရူးရူးမိုက်မိုက်နဲ့ ကိုးကွယ်ယုံကြည်တတ်တဲ့မိန်းမမျိုးမဟုတ်ပေမယ့် ကိုယ့်ရင်ထဲမှာ နှစ်နှစ်ကာကာချစ်ခဲ့တဲ့ လူတစ်ယောက်တည်း ရှိနေတာ အသေအချာပဲ....*

*ဖက်ဆွတ်နှင်း*



www.burmeseclassic.com

www.burmeseclassic.com



အချစ်က ပိုင်ဆိုင်ခြင်းပဲ....ကျွန်တော် 'မ'ကို သိပ်ချစ်တယ်၊ ချစ်မိမှတော့ ပိုင်ဆိုင်လိုစိတ်က ဖြစ်တည်လာမှာပဲလေ၊ ဒါကို 'လောဘ'လို့ 'မ'က ခေါင်းစဉ်တပ်ချင်သလား....'မ'အတွက်ဆိုရင် ကျွန်တော့်အသက်ကို ပေးဆိုရင်တောင်မှ ရဲရဲကြီး စတေးဝံ့တဲ့ကောင်ပါ၊ 'မ'လိုသမျှ ဆန္ဒအားလုံးကို ဖြည့်ဆည်းပေးနိုင်ပါလျက်နဲ့ ကျွန်တော့်ရင်ကို ဘာကြောင့် အစိတ်စိတ်အမွှာမွှာဖြစ်အောင် ရက်စက်ရပါသလဲ....

နန္ဒမောင်



## အခန်း (၁)

စားပွဲတင်နာရီထံမှ Alum မြည်သံကြောင့် လန့်နိုးသွားရပါ၏။ မျက်စိကို ဖျတ်ခနဲဖွင့်လိုက်မိစဉ် အရုဏ်ဦးအလင်းက ထိန်နေလေပြီ။ တစ်မိုးလင်း တစ်နေ့ရောက်ပြန်ပြီပေါ့။ (၂၄)နာရီဆိုတာ ကျွန်မအတွက်ကတော့ အတော့်ကို နည်းပါးလွန်းတဲ့အချိန်ပါပဲ။

လက်နှစ်ဖက်ကို အပေါ်သို့ဆန့်ကာ တစ်ချက်သန်းဝေလိုက်မိပြီး ကုတင်ဘေး စားပွဲပေါ်ရှိ နာရီလေးထောင့်လေးကို လှမ်းပိတ်လိုက်ရပါ၏။ အိပ်ရာထက် တစ်ချက်လှိမ့်ပြီး ခေါင်းအုံးပေါ် မျက်နှာမှောက်ကာ ခဏမျှငြိမ်လိုက်မိသည်။ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲထလိုက်လျှင် မိုက်ခနဲမူးသွားတတ်လို့ပါလေ။

တစ်မိနစ်မျှ အချိန်ယူပြီးသည်နှင့် ကုတင်ပေါ်မှာထိုင်ကာ ခေါင်းအုံးနှစ်လုံးကို နေရာတကျပြန်ထားလိုက်သလို တစ်ညလုံးခြုံထားသည့် ဂွမ်းစောင်ကို ဖြန့်ခါလျက် ခေါက်လိုက်၏။ တွန့်ကြေနေသည့်အိပ်ရာခင်းကို သေသပ်ညီညာအောင် ဆွဲတန်ဆွဲ၊ ဖြန့်တန်တာ ဖြန့်ပြီးမှ ရေချိုးခန်းထဲ ဝင်လိုက်ပါသည်။

သွားပွတ်တံထဲသို့ သွားတိုက်ဆေး ညှစ်ထည့်နေရင်းမှ ခေါင်းချိုး ခါးလှည့် ကိုယ်လိမ်သည့်သွေးပူလေ့ကျင့်ခန်းကို ခပ်သွက်သွက်လုပ်လိုက်ရပါ၏။ ချွေးနည်းနည်းစို့သွားလေမှ သွားတိုက်၊ မျက်နှာသစ်ဆပ်ပြာ Cream ဖြင့် မျက်နှာကိုဆေး၊ Dentiss (ပလုပ်ကျင်းဆေးရည်)ဖြင့် ပါးစပ်အနံ့အသက်ပျောက်ရန် ဆေးလိုက်ပြီးမှ ရေချိုးလိုက်ပါ၏။

ညသိပ်ထားသည့်ရေမို့ အေးစက်နေပေမယ့် ကျွန်မက ရေအေးကြိုက်တာမို့ ကိစ္စမရှိပါလေ။ အညောင်းလည်းပြေ၊ တစ်ကိုယ်လုံးလည်း အေးသွားပြီးမှ ရေချိုးခန်းမှထွက်ကာ အပြင်ထွက်ရန် ပြင်ဆင်ရပါတော့၏။ မျက်နှာကို Foundation Cream ပါးပါးလူး၊ Puff ရိုက်၊ မျက်ခုံးကို ပါးပါးလေးဆွဲ၊ နှုတ်ခမ်းကို





မသိမသာဆိုးဆေးတင်ပြီးစဉ် နာရီမှ မြည်သံထွက်လာပြန်လေ၏။ ဒီတစ်ခါမြည်သံက လက်ပတ်နာရီမှမို့ အလုပ်သွားရန် အချိန်ပါလေ။

အခန်းပြင်ထွက်လိုက်သည်နှင့် ဘုရားခန်းမှ အမွှေးတိုင်ရနံ့လွင့်လာတာမို့ မေမေ ဘုရားဆွမ်းတော်တင်ပြီးပြီမှန်း သိလိုက်ပါ၏။ Slim bag ကို Phone စင်ထက် တင်လိုက်ပြီး ဇာလိုက်ကာစလေးကို လှပ်ကာ ဘုရားခန်းသို့ဝင်လိုက်ပါသည်။ အနန္တောအနန္တငါးပါးကို ဦးခိုက်လျက် အာရုံပြုလိုက်ရပါ၏။ ဘုရားရှိခိုးချိန် (၁၅)မိနစ်နှင့် တရားထိုင်ချိန်က (၁၅)မိနစ်သာ ရမှာလေ။

ပြီးရင် Breakfast ကို မိနစ်(၂၀)၊ ကားထုတ်ချိန်က (၁၀)မိနစ်၊ ပြီးရင် လမ်းပေါ်ကို ကားရောက်ဖို့ Ready ဖြစ်နေမှ အချိန်ကိုက်မှာကိုး။ တစ်ခါတစ်ခါ ကျွန်မကိုယ်ကျွန်မ လူမဟုတ်တော့ဘဲ စက်ရုပ်များဖြစ်နေပြီလားဟု သံသယပင် ဝင်မိပါလေ၏။ အဲဒီလောက်ထိ အချိန်ရှားပါးလွန်းလှပြီး အလုပ်လောဘကြီးနေရတဲ့လူသား ဖြစ်နေလို့ပါပဲ။

"သမီးရေ. . . နိုးပြီလား"

လှေကားမှဆင်းလာစဉ် မေမေအသံပြုသံ ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရပါ၏။ အမေတစ်ခုသမီးတစ်ခုသာရှိသည့် ဒီအိမ်မှာ အလုပ်သမား နှစ်ယောက်သာရှိတာမို့ လူလေးယောက်စာအတွက် ကျွန်မ ငွေရှာနေတာ လုံလောက်ပေမယ့် ဒီ့ထက်ပိုပြီး ကြီးပွားချမ်းသာချင်စိတ်ကို ချိုးနှိမ်မရလေခဲ့။

ဘာကြောင့်လဲလို့ အမေးရှိနေလျှင် အဘယ်ကြောင့်ဆိုသော်ဆိုပြီး ဖြေရန်ဖြေစရာတွေက ကျွန်မထံမှာ အပုံလိုက်ရှိနေတာ အမှန်ပါလေ။

''ဘာချက်ထားလဲ မေမေ''

''ကြာဆံပြုတ်ထားပေးတယ် သမီး။ သိပ်မပူတော့ဘူး။ နွေးနွေးလေးပဲ။ စားလို့ဖြစ်တယ်မဟုတ်လား''

''ဟုတ်ကဲ့''

မေမေက စင်ပေါ်မှာ တင်ထားသည့်ရေတ်ကောင်းဘူးလေးကို ထမင်းစားပွဲထက် ချပေးလိုက်ပါ၏။ ကြက်သွန်မြိတ်ပါးပါးလှီးထားတာကို အနည်းငယ်နှိုက်ကာ ကြာဆံပြုတ်ခွက်ထဲဖြူးလိုက်သလို ငရုတ်ကောင်းကိုပါ ထပ်ဖြူးလိုက်ပါသည်။ ကျွန်မက ကြာဆံပြုတ်ပဲ စားစား၊ ဆန်ပြုတ်ပဲ စားစား၊ ကြက်သွန်မြိတ်ထည့်စားတာ အကျင့်ဖြစ်နေပါ၏။





''ဒီနေ့ရော မောင်ဦးမှာပဲလား''

ရေနွေးတစ်ခွက် ငှဲ့ပေးလျက် မေးသည့်မေမေ့အမေးကြောင့် ကျွန်မ ခေါင်းကိုညိတ်ပြလိုက်မိခဲ့၏၊ မေမေ သက်ပြင်းဟိုးရှိုက်လိုက်လေသည်။ ကျွန်မ အိမ်ပြန်မရောက်မချင်း ရင်တမမနှင့် မျှော်နေမည့်မေမေ့ကို ရင်မမောစေလိုပါလေ။

''စိတ်မပူဘဲ စောစောအိပ်နှင့်ပါ မေမေ၊ မချမ်းကို အိမ်ရှေ့သံတံခါးအပြင်ကနေပဲ သော့ခတ်ထားခိုင်းလိုက်ရင် ရပါတယ်၊ သမီးဘာသာသမီး ဖွင့်ဝင်မယ်။ ခြံတံခါးကို ဦးဖြိုး စောင့်ဖွင့်ပေးမှာပဲဟာ''

''စိတ်မပူဘဲ ရှိပါ့မလား သမီးရယ်၊ ဒီအမေနဲ့ ဒီသမီးပဲ ရှိတာကို''

''(၁၁)နာရီဆိုတာ သိပ်ကြီးမိုးမချုပ်လှပါဘူး မေမေရယ်၊ အလုပ်တွေက များလွန်းလို့ပါ။ ပြီးတော့ မေမေလည်း သိတယ်မဟုတ်လား။ ဒီလိုမှ မကြိုးစားရင် ကျော်ဆီက ယူထားတဲ့အကြွေးကို ဘယ်လိုဆပ်နိုင်မှာလဲ''

''သမီးရယ်၊ ဒီပါးစပ်နှစ်ပေါက်ကို ဝလင်အောင် ရှာနိုင်ရုံနဲ့ ရောင့်ရဲပါတော့လား။ ဘာဖြစ်လို့ အဲဒီငွေကို သေလုမျောပါး



www.burmeseclassic.com

www.burmeseclassic.com



ရှာနေရတာလဲ၊ ပြောလည်း ရှော့မဟုတ်ပါဘူးလေ၊ သမ္မီးနဲ့တော့ ခက်ပါတယ်"

ဝမ်းဝ ခါးလှရုံပဲကွဲသား ကျွန်မလည်း ချောင့်ရဲတော်ချင်တာပေါ့ မမေမရယ်။ ဒါပေမဲ့ ဒီဂီးပွားရောင်လာကကြီးတဲ့ကို ခြေစုံယင်း ဝင်ခဲ့ပြီးကတည်းက ပြုံးပြုံးပြီး ငွေရှာရတာ ကျွန်မအလုပ် ဖြစ်ခဲ့ရတာပါ။ ဒါတွေကို မမေမသိမအောင် ရှင်းပြချင်ပေမယ့် အချိန်မပေးနိုင်တော့ဘူးလေ။

ဒီလိုမျိုး ဖုတ်ပူမီးတိုက် အလောတကြီးသွားလာလုပ်ရှား စီးပွားရှာတတ်အောင် ကျွန်မကို လူတစ်ယောက်က ပြောင်းလဲစေခဲ့တာ၊ သင်ပြပေးခဲ့တာပါ။ 'ပခုံးချင်းယှဉ်နိုင်မှ' တဲ့၊ ဒီအဆင့်ကိုရောက်ဖို့ အားခဲပြီး လှမ်းနေရတဲ့ခွန်အားက နည်းလွန်းနေတာ အမှန်ပါလေ။

"သူစိမ်းသီကနေ ငွေယူတာမျိုးမလုပ်ချင်ပါနဲ့တော့ သမီးရယ်၊ သမီးအစား မေမေရင်ပူရလွန်းလို့ပါ"

"မဖြစ်လို့ ယူရတာပါမေမေ၊ သမီးလည်း ဘယ်ယူချင်ပါ့မလဲ၊ မဖြစ်လွန်းလို့ပါ"

"သမီးနဲ့ မောင်ဖေယျာတို့ ဘယ်အဆင့်ရောက်နေပြီလဲ





ဆိုတာကို မေမေသိအောင် ပြောထားဦးနော်"

ရေဖန်ခွက်ကို မော့ချလိုက်ပြီး ပါးစပ်သုတ်လိုက်ပါ၏။ ကျော်နဲ့ကျွန်မအခြေအနေတဲ့လား၊ တစ်ဖက်က မျှော်လင့်တကြီး စောင့်နေမှန်းသိပါလျက် အားနာဖို့ကို ကျွန်မစိတ်မကူးမိပါချေ၊ ကျော်နဲ့ပတ်သက်ပြီး (စီးပွားရေးကိစ္စကလွဲလို့) ဘာဆိုတာမှ ကျွန်မဘက်က လိုက်လျောသက်ဆံမှုမျိုးမရှိတာ ကျော် အသိဆုံးပင် မဟုတ်လား။

"ဘာကိုပြောရမှာလဲ"

"ကွယ် . . . သမီးကတော့ လုပ်ပြီ၊ မောင်ဖေယျာကို ကြည့်ရတာ သမီးအပေါ် သာမန်ထက်ပိုတဲ့သံယောဇဉ်ရှိမှန်း သမီး သိမှာပါ"

"စောစောစီးစီး ခေါင်းမနောက်ပါရစေနဲ့ မေမေရယ်၊ တောင်းပန်ပါတယ်နော်"

"ဟင်း . . . ခက်လိုက်တာနော်"

"ကျော်က မေမေစိုးရိမ်ရမယ့်လူဖြစ်နေလို့လား"

"မဟုတ်ပါဘူး သမီးရဲ့"

"ဒါဆိုလည်း ဘာစိုးရိမ်စရာရှိလဲမေမေရယ်၊ အလုံလော



www.burmeseclassic.com

www.burmeseclassic.com



လောဆယ် သမီးခေါင်းထဲမှာရှိတာ ကျော့်ကို ပြန်ဆပ်ရမယ့်ငွေတွေပဲ သိတယ်။ ရင်ဘတ်ထဲကကိစ္စကို သတိမရနိုင်ဘူး''

''ကြည့်!''

''သွားပြီမေမေ၊ အလုပ်ဇယားက အပြည့်မို့ မေမေ့ကို အချိန်မပေးနိုင်တာ ခွင့်လွှတ်ပါ''

''ညကျရင်လည်း နှစ်ချက်တီးအထိ အလုပ်တွေဆက်လုပ်နေဦးမှာပဲ မဟုတ်လား''

မေမေညည်းညူပြောနေတာကို မကြားယောင်ပြုလျက် တိုက်ထဲမှ ထွက်လိုက်ပါ၏။ ကားဂိုဒေါင်တံခါးကိုဖွင့်ကာ ကားကိုထုတ်ပြီး ဦးပြုံး ခြံတံခါးဖွင့်ထားသဖြင့် ခြံထဲမှ ကားမောင်းထွက်လိုက်ပါသည်။

လှေကားဆိုတာက တစ်ဆင့်ချင်းတက်မှ အပေါ်ဆုံးကို ရောက်မှာဖြစ်သလို တောင်ကုန်းတွေဆိုရင်လည်း အနိမ့်ဆုံးတောင်မှ စတက်မှသာ အမြင့်ဆုံးတောင်ကို ရောက်မှာအမှန်ပါလေ။

သို့သော် ခုချိန်အထိ ကျွန်မ လက်မထောင် ရင်ကော့ခေါင်းမော့ပြနိုင်တဲ့အခြေအနေကို မရောက်သေးပါဘူး။ 'ကိုကြီး' သိနေမှာပါနော်၊ ကိုကြီးအထင်သေးခဲ့တဲ့ကောင်မလေး၊ ဘာဆို





ဘာမှမဟုတ်နိုင်သေးတဲ့မိန်းကလေးကို ဥပေက္ခာပြုခဲ့သေးတာပဲ။

အသည်းက မာသတဲ့။ ကျော် ပြောလေ့ရှိတဲ့စကားလုံးပါ။ ဒါပေမဲ့ နူနယ်လွန်းတဲ့ ဒီရင်ထဲက အသည်းကို မာကျောလာအောင် ဘယ်သူက သင်ပေးခဲ့တာပါလဲ။ မျက်ရည်ဆိုတာ ပျော့ညံ့သူတွေရဲ့လက်နက်တဲ့လား။ ကိုကြီးရှေ့မှာ မျက်ရည်မကျမိအောင် ကြိုးစားခဲ့ရတာ အနိုင်နိုင်ပါပဲကွယ်။

''ကျွီ!. . .''

''ဘုရား. . . ဘုရား. . .''

ကားကိုဘရိတ်အမြန်အုပ်လိုက်ပြီး ရင်ထဲ ဒုန်းခနဲဆောင့်ခုန်လေ၏။ လမ်းကွေ့ဖို့ အချက်မီးပြလိုက်ပါလျက်နဲ့ ဒီပြိုင်ဘီးကို ဘာကြောင့်မမြင်လိုက်မိပါလိမ့်။ အတိတ်ဆီလွင့်ချင်နေသည့် စိတ်ကိုသာ အပြစ်တင်ရတော့မှာလေ။

ကားတံခါးကိုဖွင့်၍ ဆင်းလိုက်ပါ၏။ စက်ဘီးက မြက်ခင်းထက် ရှိနေပြီး ပိုင်ရှင်က မြောင်းစပ်မှာ မှောက်လျက်လေး ဖြစ်နေလေသည်။ ဘုရားရေ! သေများသေသွားပြီလား။ မဟုတ်သေးပါဘူး၊ ကျွန်မမောင်းလာတဲ့နှုန်းက ဒီလောက်ကြီးမှ မမြန်ဘာလေ။



www.burmeseclassic.com

www.burmeseclassic.com



''ဒီမှာ. . . ဘာဖြစ်သွားသေးလဲ''

တုပ်တုပ်မျှမလှုပ်၊ အမယ်လေး! ကိုယ်ကျိုးနည်းတော့မယ် ထင်ပါရဲ့။ အနီးအနားမှာ ခေါင်းထိသွားစရာ ကျောက်တုံးလို အရာဝတ္ထုမှာမှာမျိုးမရှိပါဘဲနဲ့ ဒီလူ သတိလစ်စရာအကြောင်းမှ မရှိတာလေ။

''အင်း. . . ကျွတ်!. . . ကျွတ်!. . .''

ညည်းညူလိုက်တာမို့ ဝမ်းသာမိသွားရပါ၏။ ဆောင်းနံနက်ခင်းမှာ ကျွန်မချွေးစို့အောင် အဖြစ်အပျက်က ဖန်တီးရတယ်လို့။ ထိုလူအနီးသို့သွားကာ လက်မောင်းကိုကိုင်၍ ထူလိုက်မိပါ၏။

''ရလားဟင်၊ ထလို့ရလား''

တီးတိုးမေးတာကို ပြန်မဖြေဘဲ အားယူထလိုက်သည့်လူကို ကျွန်မငုံ့ကြည့်လိုက်မိ၏။ အိုး! အတော့်ကို နုငယ် သန့်ပြန့်လွန်းတဲ့လူငယ်လေးတစ်ဦး ဖြစ်နေတာလေ။

''နာသွားပြီ''

''ဘယ်နေရာလဲ''

''ဒူး. . .''





သူက ပေသွားသည့်သဲတွေကိုခါလျက် ဒူးကိုပွတ်လိုက်တာမို့ အားကစားဘောင်းဘီတိုအနက်ရောင်ဝတ်ထားသည့် ဒူးခေါင်းမှာ ပွန်းရာအနည်းငယ်ကို မြင်လိုက်ရပါ၏။ အနည်းငယ်လေးသောဒဏ်ရာကို ဤချာတိတ် အပိုပြောဇတော့မှာပဲထင်ပါရဲ့။

''ဒီလောက်ဒဏ်ရာလေးများ ဆေးလိမ်းရုံနဲ့ ပျောက်ပါတယ်''

ခါးကိုင်း၍ ဒဏ်ရာကိုငုံ့ကြည့်နေရာမှ ခါးဆန့်ကာ ကျွန်မကို သူကြည့်လိုက်လေ၏။ မဆိုးဘူး. . . အရပ်အမောင်းရော၊ ခန္ဓာကိုယ်ပါ အားကစားသမားပီသပြီး တောင့်တင်းသားပါလား။ အတော့်ကို ကြည့်ကောင်းတဲ့လူငယ်လေးပါပဲ။

သူက ကျွန်မကိုမြင်တော့ မျက်ခုံးတစ်ဖက်မြင့်တက်သွားပြီး တစ်ချက်ပြုံးလိုက်လေ၏။ သတိထားပေတော့ 'ဖက်ဆွတ်နှင်း'ရေ၊ ဒီကောင်လေးရဲ့အပြုံးထဲမှာ ဉာဏ်နီဉာဏ်နက်တွေ ၆၀ % လောက် ပျော်ဝင်နေတာလေ။

''ဘယ်ရမလဲဗျ၊ Tennis Champion တစ်ယောက်အတွက် ဒူးထိခိုက်မှုဟာ အရေးအကြီးဆုံးပြဿနာပဲဆိုတာ 'မ' သိမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



လာချေပြီ။ Tennis ဆိုမှ သူ့နောက်ကျောမှာလွယ်လာ
သည့်အိတ်ကို ကောက်လိုက်မှပဲ မြင်ရလေ၏။ 'မ' တဲ့၊ အခေါ်
အဝေါ်ကတော့ ညက်နေတာပါပဲလား။ ခပ်တိုတိုဆံပင်ထားပြီး
ခေတ်မီမီ Style မျိုး ဝတ်ထားတဲ့ကျွန်မကို သူ့ထက် (အနည်း
ဆုံး ၁၀ နှစ်ခန့်) အသက်ကြီးမယ်မှန်း သူသိနိုင်ပါသည်။

''မင်းမှားတာလား၊ ကိုယ်မှားတာလား''

'' 'မ' မှားတာ''

''Why...? ''

''လမ်းမကြီးက ယာဉ်ကို အရင်ဦးစားပေးရမယ်လေ''

အင်း. . . ရှိပါစေတော့၊ လေဆတ်များနေရင် ကျွန်မ
အတွက် အချိန်ကုန်တော့မှာကိုး။ နေရာတကာ အနိုင်ရလိုစိတ်
ကို ဂလုခနဲ မျိုချလိုက်ရလေ၏။ လျှော့ထားပေတော့ စိတ်ရေ

''ထားပါတော့၊ ဒါဖြင့် ဆေးခန်းပြဖို့ ကိုယ်လျော်ကြေး
ပေးရမယ်ပေါ့။ လိုက်တော့မပို့နိုင်ဘူးနော်၊ အချိန်မရလို့ပါ''

''ရပါတယ်''

ကျွန်မထုတ်ပေးလိုက်သည့် တစ်သောင်းတန်နှစ်ရွက်
ကိုကြည့်ကာ သူခေါင်းခါလိုက်လေ၏၊ ဆေးကုသစရိတ်က အလွန်





ဆုံးကုန်လှ သုံးလေးထောင်ပဲ ရှိမှာမဟုတ်လား။

''၁၅၀၀ ပဲပေးပါ''

''မရှိဘူး''

''ရတယ်လေ၊ ဒါဖြင့်လည်း 'မ' ရဲ့နာမည်ပဲ ပြောပြခဲ့ပါ''

ချာတိတ်၏ပြုံးတုံ့တုံ့မျက်နှာကို ကျွန်မ တစ်ချက်ကြည့်
လိုက်မိပါသည်။ မလွယ်ပါလားနော်။

⅄ ⅄ ⅄



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ကျွန်မကုမ္ပဏီက သေးသေးလေးပါပဲ။ အဓိကလုပ်တာက မြေဝယ်ပြီး တိုက်ဆောက်၊ Decoration ဆင်ကာ ပြန်ရောင်း။ Shopping Mall ဆောက်ပြီး ပြန်ရောင်း စသဖြင့် လုံးလည်ချာလည်လိုက်နေတာပါလေ။ ရထားသည့် Diploma က G.T.C (Civil) မို့ ဆောက်လုပ်ရေးကန်ထရိုက်အပ်တာကိုလည်း ကျွန်မဦးစီးပြီး ဆောက်လုပ်ပေးတာပင်။

ကျော်နဲ့က ကျောင်းတက်တုန်း အတူဆုံခဲ့တာပါ။ သူငယ်ချင်းတွေထဲမှာ ပိုသာသည့်သံယောဇဉ်ဖြင့် အရင်းနှီးဆုံးဖြစ်ခဲ့တာပင်။ ကျွန်မနောက်ဆုံးနှစ်မှာ ဖေဖေ ရုတ်တရက် ဦးနှောက်ရွှေး



www.burmeseclassic.com

www.burmeseclassic.com



ကြောပြတ်ပြီး ဆုံးခဲ့ပါ၏။ ဖေဖေရှယ်ယာဝင်ထားသည့်ကုမ္ပဏီက အရှုံးပေါ်ပြီး သူများ လက်ဝါးကြီးအုပ် အပိုင်သိမ်းခြင်းကို ခံခဲ့ရတာပါလေ။

အဲဒီအချိန်တုန်းက ကျွန်မတို့သားအမိထံမှာ ဘာဆိုဘာမှမရှိ၊ လက်ချည်းပလာသာ ကျန်ရစ်ခဲ့ရတာပါ။ အလျော်အစား ငွေကြေးကိန်းဂဏန်းတွေကိုလည်း မသိ၊ ဖေဖေ့ငွေတွေမှန်သမျှ မျက်စိအောက်မှာပင် မျက်လှည့်ပြသလို ပျောက်သွားခဲ့ရတာလေ။

ကျွန်မ အလုပ်စလုပ်တော့ ဖေဖေ့အမွေ ဒီဂြီနဲ့တိုက်စာချုပ်ကို ဘဏ်မှာအပေါင်ထားပြီး စွန့်စားခဲ့ရတာပါ။ လိုသည့်ငွေကိုတော့ ကျော့်ထံမှ ယူခဲ့ရလေ၏။ (ကျော်က မိဘပိုင်ကုမ္ပဏီမှာပင် ဝင်လုပ်ခဲ့ပါသည်။) မေမေ့ကို နေစရာဘုံမပျောက်စေရပါဘူးဆိုတဲ့ကတိနဲ့ အရဲကိုးခဲ့သည့်အလုပ်က အဆင်ပြေခဲ့တာမို့ တော်ပါသေး၏။ နို့မို့ မလွယ်ပါချေ။

သံစုံတီးလုံးမြည်လာတာမို့ စားပွဲထက်ရှိ Hand Phone ကို ကောက်ကိုင်လိုက်ရပါ၏။ လက်ထဲမှ Drawing ဆွဲထားသည့် Sample တိုက်ပုံစံစာရွက်ကို ချထားလိုက်ရလေသည်။

"ကျော်လား. . . ပြော"





"Morning... နှင်း၊ အန်တီ နေကောင်းရဲ့လား"

"အင်း"

"ဒီနေ့လေလံပွဲကို သွားဦးမှာလား"

"သွားရမှာပေါ့ ကျော်ရဲ့၊ အဲဒီမှာ ငါလိုချင်တဲ့မြေ သုံးကွက်တောင် ပါတဲ့ဟာ။ မသွားလို့ဘယ်ဖြစ်မလဲ"

"မလွယ်ဘူးနော် နှင်း၊ အဲဒီမှာ နှစ်ကွက်က မြို့အချက်အချာနေရာဆိုတော့ ကုန်တိုက်ဆောက်ဖို့ရည်ရွယ်ပြီး လုဝယ်ကြမှာ"

"သိတယ်လေ"

"မစွန့်စားသင့်ဘူးလို့ ကိုယ်တော့ ယူဆတယ်နှင်းရဲ့။ တခြားလူတွေက ကိုယ်ပိုင်ငွေနဲ့ အလိုက်သင့်ဝယ်ပြီး ကန့်ထရိုက်အပ်ကြတာ။ နှင်းငွေတွေ မြေထဲမှာပဲ မြှုပ်သွားရင် နာပြီပဲ"

" 'ကြောက်ရင်လွှဲ၊ ရဲရင် မင်းဖြစ်' ဆိုတဲ့စကားပုံလည်း ရှိတာပဲကျော်ရယ်။ သိပ်စိုးရိမ်မနေပါနဲ့။ ငါက ချီတက်နေတဲ့လူလေ၊ ရပ်ပြီးနားဖို့မှမဟုတ်ဘဲ။ ဒါတွေ နှင်းသိပါတယ်"

သက်ပြင်းချသံ ထွက်လာလေ၏။ ကြေးက အတော်များတာမို့ ကျော် စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပါလေ။ ငွေနည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



လိုတာနှင့် ကျော့်ထံမှာ (အားမနာစတမ်း) အလွယ်တကူ ယူလေ့ရှိတာကို ကျော့်မိဘတွေပင် အသိပါပဲ။

"မင်းအစား ကိုယ်ရင်မောတယ် နှင်းရယ်"

"ပတ္တမြားသွေးဆေးလေး သောက်လိုက်လေ ကျော့်ရဲ့"

"နှင်းနော်. . . မနောက်နဲ့"

အမြဲတည်နေသည့်မျက်နှာမှာ အပြုံးထင်လေ၏။ အချိန်ပြည့်အလုပ်လုပ်နေသူအတွက် ရုပ်ရည်က ရှိရင်းစွဲအသက်ထက်ပင် ပိုရင့်ရော်နေလေမလား။ ကျွန်မ တစ်ခါမှမတွေးဖြစ်ခဲ့ပါချေ။

"ပြောမနိုင်မှန်း ကိုယ်သိပါတယ်၊ မေမေတို့လည်း ပြောလွန်းလှပြီ"

"ဘာကိုလဲ"

"နှင်း ဘယ်တော့မှ အမောပြေမှာလဲတဲ့"

"သေရင်လို့"

"ဟာကွာ. . . မဟုတ်တာ မပြောရဘူးလေ"

တံခါးခေါက်သံပေးပြီး မန်နေဂျာဝင်လာတာကို လက်အသာပြလိုက်ရပါ၏။ တခြား Phone တွေဆို စကားမြန်မြန်ဖြတ်ကာ ချလေ့ရှိပေမယ့် ကျော့်ကတော့ ကျွန်မအဖို့ သီးသန့်အလေး





ထားရမည့်သူကိုး။

"ကိုယ်လိုက်ဖို့ လိုမလား"

"Where? "

"လေလံပွဲလေ၊ ညနေငါးနာရီမှစတာဆိုတော့ မိုးချုပ်မှာ"

"ရတယ်"

"ပြီးတော့ မိန်းမဆိုလို့ နှင်းတစ်ယောက်တည်း အဲဒီထဲမှာ ဖြစ်နေမှာလေ"

"စိုးရိမ်ရန်ကော. . . Boss တွေရဲ့ Secretary တွေ ပါပါတယ် ကျော့်ရာ"

"စိတ်မချလို့ ပြောမှန်းမသိ၊ နည်းနည်းလေးမှ မငဲ့ကွက်ဘူး"

"Who? "

"ကိုယ့်ကိုပေါ့"

မန်နေဂျာလာပို့သည့် File ကိုစစ်ကြည့်ကာ လက်မှတ်ထိုးပေးလိုက်၏။ ဘယ်လက်မှာ Phone ကိုင်ထားတာကိုလည်း မပြတ်၊ အလုပ်လည်း ပြီးတာကိုး။ ကျွန်မခေါင်းညိတ်ပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုခန့်ပိုင် (မန်နေဂျာ)က ရုံးခန်းထဲမှ ထွက်သွားတော့သည်။

ကုမ္ပဏီမှာ ဝန်ထမ်းအများကြီးမရှိပါ။ မန်နေဂျာနှင့် Drawing အဖွဲ့၊ ဆောက်လုပ်ရေးအဖွဲ့၊ Decoration အဖွဲ့နှင့် သန့်ရှင်းရေးဝန်ထမ်းအနည်းငယ်သာ ထားပေမယ့် လုပ်ရသည့် အလုပ်က ကြီးတာမို့ လစဉ် အလျှင်မိအောင် လုပ်နေရပါသည်။

သူများကုမ္ပဏီက Boss တွေ MD တွေလို ကျွန်မက ကျော့ကျော့လေး မနေရပါ။ ကိုယ်တိုင် မြေလိုက်ဝယ်၊ မြေအနေအထားကြည့်၊ ပြုပြင်သင့်တာပြုပြင်၊ ပန္နက်ရိုက်သည့်ကိစ္စအသေးအဖွဲလေးမှစပြီး တာဝန်ယူတတ်တာမို့ ဝန်ထမ်းတွေနှင့် မိသားစုလိုပင် တရင်းတနှီးရှိကာ၊ နွေးထွေးစွာ ဆက်ဆံလေ့ရှိပါသည်။

''ဘာလုပ်မှာလဲ၊ ကျော့်အတွက် အကျိုးမှမဖြစ်တဲ့ဟာ။ အချိန်ကုန်မခံချင်နဲ့''

''သိပါတယ်၊ ပွဲမှာ ကိုယ် ကဖျက်ယဖျက်လုပ်မှာလည်း စိုးလို့မဟုတ်လား''

''ဟင်းဟင်း. . . သဘောပေါက်သားပဲ''

''အပြန်မှောင်ရင် ကားကိုဂရုစိုက်ပြီး မောင်းဦး''

သတိပေးလိုက်မှပဲ မနက်တုန်းကကိစ္စကို သတိရလျှက်





ရယ်လိုက်မိလေ၏။ ဟိုချာတိတ်ကတော့ (၁၅၀၀)မရဘဲနဲ့ နာမည်သိရုံလေးကို ကျေနပ်သွားတာလေ။

''ဘာရယ်တာလဲ''

''ဒီမနက်ပဲ တိုက်မိခဲ့လို့''

''ဘာကိုလဲ''

''စက်ဘီး''

''ပြဿနာဖြစ်ရောလား''

''နည်းနည်းပါ။ ဖါတို့လမ်းထဲ ဒါမှမဟုတ် နောက်လမ်းတစ်ခုခုမှာနေတဲ့ ချာတိတ်ပဲဖြစ်မှာပါ။ ဒူးနည်းနည်းပွန်းသွားရုံလေးပါပဲ၊ သိပ်မကြီးကျယ်ပါဘူး''

''ချာတိတ်ဆိုတော့ ဘယ်အရွယ်လဲ''

စိုးရိမ်တကြီး ပြောပြန်ချေပြီ။ သူ့အနီးမှာ ရောင်စုံအလှပေါင်းများစွာ ရှိနေပါလျက် ကျွန်မက မစိုးရိမ်ပါဘဲ သူကသာ ကျွန်မကို အူလိုက်တိုလေ့ရှိတာမဟုတ်လား။

''အင်း. . .(၁၉) (၂၀)လောက် ရှိမှာပေါ့''

''ငယ်ငယ်ချောချောလေးပေါ့လေ''

''အဲဒီတော့ ဘာဖြစ်လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဇာတ်လမ်းတွေ ဖြစ်ကုန်မှာစိုးလို့ပေါ့ နှင်းရဲ့။ လျော်ကြေးငွေပေးမယ့်အစား လိပ်စာတို့ Phone နံပါတ်တို့တောင်းရင် သေရော"

"ဟင်းဟင်း. . . ငါလည်း ပေးလိုက်ရတယ်"

"တွေ့လား၊ ထင်တဲ့အတိုင်းဖြစ်လာတာပဲ။ ပြီးရင် အစက ရှည်လာတော့မယ်"

"မရှည်ပါဘူး ကျော်ရယ်၊ နာမည်ပဲ ပြောလိုက်ရတာပါ"

"ကိုယ် မကျေနပ်ဘူးနော်"

ပေါ့ပါးစွာ ရယ်ဖြစ်ပါ၏။ တစ်ယောက်ရဲ့စိတ်ကို တစ်ယောက် နားလည်တာ ကျွန်မနှင့်ကျော့်ကြားမှာသာ ရှိတာပါလေ။ လူကြီးတွေ ဘယ်လိုပဲစောင့်ကြည့်ပြီး ပြောကြပါစေ၊ ကျွန်မက ကျော့်ကိုလက်မောင်းပုတ်တာမျိုး ရှိသလို ကျော်ကလည်း ကျွန်မရဲ့ဆံပင်တွေကို ဖွတတ်သည်အထိ တရင်းတနှီးရှိသော်ငြား သူငယ်ချင်းအဆင့်ထက် မပိုနိုင်ခဲ့။

ဘာလဲလို့မေးတိုင်း သူငယ်ချင်းပေါ့ဟု ခပ်မြန်မြန်ဖြေလေ့ရှိသူက ကျွန်မသာလေ။ ကျော့်ဘက်က အရိပ်အယောင်တွေ အပြောတွေ အကြည့်တွေ တစစပြောင်းလာသော်ငြား နှလုံးသား





က ထူးဆန်းစွာ ခုန်ပေါက်လာခြင်းမရှိသဖြင့် ကာလရှည်ကြာလာသည်အထိ အခင်မင်ဆုံး အရင်းနှီးဆုံးအဆင့်က မကျော်ခဲ့ပါချေ။

"မပူပါနဲ့၊ အင်း. . . ဟိုတလောက Hotel တစ်ခုရှေ့မှာ နှင့်ကိုတွေ့လိုက်တယ်"

"ကြာပြီလား"

"သိပ်မကြာသေးဘူး၊ တစ်လလောက်တော့ ရှိပြီထင်တာပဲ"

အသံတိတ်သွားပါ၏။ သူဘာပဲလုပ်လုပ် ကျွန်မကိုတိုင်ပင်တတ်မယ့် ဒီကိစ္စကိုဖုံးကွယ်ထားသဖြင့် မပြောမိအောင် ငြိမ်နေဖြစ်ပါလျက် မထင်မှတ်ဘဲ ပြောထွက်ချေပြီ။

"အဲဒါ ဖေဖေ့ Mumber ရဲ့သမီးနဲ့ သွားတွေ့ခဲ့တာ"

"တွေ့ဆုံပွဲပေါ့လေ"

"ကိုယ်ဖုံးကွယ်ထားတာ မဟုတ်ဘူးနော်၊ သံသယမဝင်လိုက်နဲ့၊ ဒီလိုပဲ သိပ်အရေးမကြီးလို့ မပြောဖြစ်တာ"

"သိပါတယ်၊ ကောင်မလေးက ငယ်လား"

"ငယ်တယ်၊ (၂၀)မပြည့်သေးဘူး"

"လှတပတလေးပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ငယ်တဲ့ဂုဏ်ရှိန်တော့ ရှိတာပေါ့။ လှတာထက် ချစ်စရာပိုကောင်းတယ်၊ ရိုးရိုးသားသားပြောတာနော်"

"ဟင်းဟင်း. . . နာမည်ကရော"

"မြတ်နိုးသိမ့်သိမ့်တဲ့တဲ့"

"ဟိုက်ရှားဟား! Heart ထိတဲ့ Name ပါပဲလား။ ဘယ်လိုလဲ၊ လူပျိုကြီး ရင်ခုန်သွားရောလား"

"နှင်းနော်၊ လူကိုလိုက်စမနေနဲ့။ ကိုယ်ရင်ခုန်တာ ဘယ်သူဆိုတာ မင်းအသိဆုံးပါ"

နှုတ်ခမ်းကိုက်လျက် ပြုံးမိလေ၏။ မနက်ကပဲ မေမေသတိပေးလိုက်တယ်၊ အခု ကျော်က အိမ်ထောင်ဘက်နဲ့တွေ့ဆုံပွဲတောင် လုပ်ပြီးချေပြီ။ ဟုတ်တာပေါ့လေ၊ စောင့်နေတဲ့သူကဘာအချက်မှမပြလေတော့ သူလည်း ခြေရွှေ့တန်ရွှေ့ပြီပေါ့။ ဒါတရားမျှတပါပေရဲ့။

"ကိုယ်လည်း မသွားချင်ဘဲ သွားတွေ့ခဲ့ရတာ"

"အဲဒီတော့"

"နိုးနိုးဘက်ကတော့ OK တာပဲ၊ ကိုယ်ကသာ"

"အလို့! တယ်ဟုတ်ပါလား၊ တစ်ခါပဲတွေ့ရုံနဲ့ နိုးနိုးတွေ့





ဘာတွေတောင် ဖြစ်နေပြီပေါ့လေ။ မဆိုးဘူး။ ငါ့သူငယ်ချင်းတော်လာပြီ"

"ကျစ်! သူက အိမ်နာမည်နဲ့ပဲပြောလို့ အဲဒီလိုခေါ်ဖြစ်သွားတာပါ။ မင်းသာ ဒီမနက်တွေ့တဲ့ချာတီတ်နဲ့ Date မလုပ်မိစေနဲ့"

သူကပဲ ပြောင်းပြန်လေ၊ ချာတိတ်ကဖြင့် ဘယ်မှာနေဘယ်သူ့သားသမီးမှန်း မသိပါဘဲ ရှာကြံစိုးရိမ်နေတာကိုး။

"နိုးနိုးက OK ဆိုတော့ နှင်က မOK ဘူးလား"

"No..."

"Why? "

"ကျွတ်! ကိုယ်မှ ရင်မခုန်တာကွ"

"ဟာဟ! ဒီအရွယ်ကြီး ရင်ခုန်ချင်သေးလား"

"အခုမှ (၂၇)ပါ နှင်းရာ၊ ကိုယ်တို့လိုယောကျ်ားလေးတွေအတွက် အရွယ်မကြီးသေးဘူး"

"ဩော်! ဒါဖြင့် ငါတို့မိန်းကလေးတွေအတွက်ကတော့အရွယ်ကြီးပြီဆိုပါတော့လေ"

"Right"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောက်လိုက်ချင်၏။ သို့သော် အဲဒီလိုစိတ်ကောက်တတ်သည့်အကျင့်မျိုး ကျွန်မမှာ မရှိပါချေ။ ကျွန်မက မိန်းမသိပ်မဆန်တဲ့ မိန်းမတစ်ယောက်ဖြစ်နေလို့ပါပဲ။

"ဘာလဲ၊ စိတ်ဆိုးသွားတာလား"

"မဆိုးပါဘူး၊ ဘာလို့ဆိုးရမှာလဲ"

"ဒါဆို ဝန်ခံစရာရှိသွားပြီ"

"ဘာကိုလဲ"

"နိုးနိုးနဲ့တွေ့ဖြစ်တာ တစ်ကြိမ်မကတော့ဘူး၊ သုံးလေးခါရှိပြီ။ Phone ပါပြောတယ်ဆိုရင်ပေါ့"

"အားပါးပါး! တိုးတက်လှချည်လား၊ ဘာတွေပြောဖြစ်ကြလို့လဲ"

"ဒီလိုပါပဲ၊ ကိုယ်က သိပ်မပြောဖြစ်ပါဘူး။ သူကချည်းသွက်တော့ ပြောဖြစ်တာ၊ မုန့်လိုက်ဝယ်ကျွေးတာမျိုး ကော်ဖီသောက်တာမျိုးပါပဲ"

အဘယ်မျှရင်ခုန်ဖွယ်ရာပါလဲ၊ ကောင်မလေးချောချောလေးနဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး ပြုံးနေမည့်ကျော့်မျက်နှာကိုပင် မြင်ယောင်လိုက်မိတာလေ။ ဒီလိုကြည်ကြည်နူးနူးလေး စကားထိုင်





ပြောဖို့ ကျွန်မက အချိန်မှမပေးတာလေ။

စိတ်ထဲမှာ အတော်လေးလည်း ဝမ်းနည်းသွားရပါ၏။ ကျော့်လိုမျိုး ရင်ခုန်ဖက်ရှာဖို့အတွက်တောင်မှ ကျွန်မအတွက် ခက်ခဲနေတာမဟုတ်ပါလား။ ကျွန်မကိုယ်ကျွန်မ သနားမိသွားရသလို သူ့ကိုလည်း မနာလိုစိတ်ဖြစ်သွားရတော့၏။

"နှင်း"

"ငါ မနာလိုဘူး. . . ဒါပဲ"

Phone ကိုပိတ်လိုက်တော့၏။ ပြောတာတခြား ထင်တာတလွဲဆိုရင်တော့ ဒုက္ခပဲ၊ ကျော်က ကျွန်မကိုရင်ဖွင့်ပြီး ချစ်နေတဲ့သူဖြစ်နေတာကိုး။ ရင်မောရပါလား ကျော်ရယ်။

⅄ ⅄ ⅄



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"အား!. . . စပ်တယ်၊ ဖြည်းဖြည်းလုပ်ပါဗျ"

"ဟယ်. . . ဆော့တုန်းကတော့ ဆော့ပြီး အနာဖြစ်တဲ့ ဟာကို။ ဒီလောက်လေးနဲ့ နာရသလား"

"ဘွား မသိပါဘူးဗျာ၊ ဒီ Spirit ကြောင့် စပ်လို့အော် တာဗျ၊ နာလို့အော်တာမဟုတ်ဘူး"

အန်တီလေးက သူ့အနာကို ဂွမ်းဖြင့် အရက်ပျံတို့ပေး ရင်းမှ မျက်စောင်းထိုးလေ၏။ အိမ်မှာ သည်းသည်းလှုပ်ချစ်ကြ တဲ့သူ့ကို အနာတရဖြစ်ရင် ကိုယ်တိုင်မနာဘဲ ဘေးကရှိနေသည့် ဘွားတို့ အန်တီလေးတို့က ပိုပြီးနာတတ်ကြတာမို့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းလုပ်ပါ သမီးငယ်ရယ်"

"အခုမှ နှစ်ခါလား တို့ရပါသေးတယ် မာမိရယ်။ ဆေး တောင်မှ မထည့်ပေးရသေးဘူး။ အဖြစ်ကို သည်းတယ်"

"ဒင်းအမေသိရင် ပွက်လောက ညံဦးမှာ။ ဘယ့်နှယ် တော်. . . Professional ဖြစ်တဲ့သူက ဒူးမှာ ဒဏ်ရာဖြစ်လာရ တယ်လို့။ အံ့ပါ့"

သူ့မျက်နှာ ပြုံးမြမြဖြစ်သွားရပါ၏။ တကယ်က Tennis ရိုက်လို့ ချော်လဲတဲ့ဒဏ်ရာမှမဟုတ်တာလေ။ ဒီအဘွားနဲ့ ဒီအဒေါ် က သူ့ဒက်ဒီနဲ့မာမီထက် သူ့ကိုပိုချစ်ကြတာကိုး။

"မောင် ချော်လဲတာမဟုတ်ပါဘူး ဘွားရဲ့"

"ဒါဖြင့် ဒါက ဘယ်လိုရလာတာလဲ"

"ဟင်းဟင်း. . . ကားနဲ့တိုက်မိတာ"

"ဘယ်လို!"

"ဘာ!"

မျက်လုံးပြူးသွားကြသည့် ဘွားဘွားနှင့် အန်တီလေးကို ကြည့်ကာ သူ တဟားဟားရယ်လိုက်မိပါလေ၏။ ကားတိုက်ခံရ သည့်လူနာကို ကျိုးပဲ့ထာမျိုးမရှိဘဲ ဒူးပွန်းဒဏ်ရာလေးသာ ရှိနေ





တာမို့ အံ့သြကြပေမပေါ့။

သူ့ကိုမျက်မှောင်ကြုတ်ကြည့်ရင်း နာမည်ကို မပြောချင် ပြောချင်ဖြင့် ပြောလိုက်သည့်မမလှလှလေး၏ မျက်နှာချောချော လေးကို မြင်ယောင်မိရင်း သဘောအကျကြီးကျနေမိတော့တာ အမှန်ပါလေ။ 'ဖက်ဆွတ်နှင်း' တဲ့။ အဘယ်မျှရှားပါးခေတ်မီလွန်း တဲ့ အမည်လေးပါလဲ။ မြင်မြင်ချင်း မောင့်ရင်ကို မီးတောင်ပေါက် ကွဲသလို တုန်ဟီလှိုက်ဟီးမှုမျိုးဖြစ်စေတဲ့မိန်းကလေးတစ်ယောက် ပါလား 'မ' ရယ်။

"ဘယ်သူ့ကားနဲ့ ဘယ်မှာတိုက်ခဲ့တာတုန်း"

"အရိုးတွေဘာတွေများ ထိမိသေးလား မသိပါဘူး သား ရယ်။ ဆေးရုံမှာ Chuck up သွားလုပ်ကြရအောင်"

"အဲဒီလောက်ကြီးမလိုပါဘူး အန်တီလေးရယ်။ မောင် က ရပ်နေတဲ့ကားကို သွားဝင်တိုက်ပြီး လဲခဲ့တာပါ။ Don't worry! No problem."

"ပြောလိုက်ရင် ပေါ့ပျက်ပျက်နဲ့ပဲ။ လုပ်လိုက်ရင်လည်း နမော်နမဲ့နဲ့၊ ဒီကလေးလေးကတော့လေ"

"အား. . ."



www.burmeseclassic.com

www.burmeseclassic.com



ဘွားက ချစ်စနိုးဖြင့် သူ့နားရွက်ကို (မနာကျင်အောင်) ဆွဲလိမ်လိုက်သော်ငြား သူက အမူအရာပိုပိုဖြင့် နာချင်ယောင်ဆောင်ကာ အော်ပြလိုက်ပါ၏။ မောင်တို့က အဲဒီလိုသည်းသည်းလှုပ်ချစ်ကြလေ၊ ကဲကဲဆတ် ပိုပြလေအကျင့်မျိုးပါပဲ။

"ဆေးထည့်မယ်"

"အန်တီလေးရဲ့ဘဲဘဲကြီးကို ကြင်နာသလို ယုယုယယလေး ထည့်ပေးနော်"

"အံမာ! ဘာမဆိုင်ညာမဆိုင် ကိုဘုန်းကိုထည့်ပြောရတာလဲ ကောင်နာလေးရဲ့"

"ဟုတ်တယ်လေ၊ အန်တီလေးက မောင့်ကိုကျ အိမ်မှာ ဟောက်လိုက် ငေါက်လိုက် အော်လိုက်လုပ်ပြီး ဦးဘုန်းရှေ့ကျတော့ လေသံက အလိုလိုပျော့ကျသွားတာမဟုတ်လား"

"အောင်မယ်! လာလာသေး၊ ငါ့လူနာတွေကိုလည်း ချိုချိုသာသာပြောပါတယ်နော်၊ သူ့တစ်ယောက်တည်းကွက်ပြီး လေသံပြောင်းတာ မဟုတ်ပါဘူး၊ လူကိုများ. . . ဟွန်း"

အန်တီလေးက သူ့ကိုမျက်စောင်းထိုးလိုက်ပြီး ဆေးဘူးဖွင့်ကာ ဆေးထည့်ပေးလေ၏။ မနေ့တုန်းက Night duty ဝင်





ခဲ့သဖြင့် ဒီနေ့ OFF ရက်ရနေသည့် သူ့အန်တီလေး ဒေါက်တာမြနန်းနွယ်က အခု အသက် (၃၀)စွန်းစွန်းအပျိုကြီးပါပဲ။

ကိုယ်ပိုင်ကုမ္ပဏီထောင်ထားသည့် ဒက်ဒီ ဦးမြတ်မင်းက ကုမ္ပဏီ Member ဖြစ်သည့်လူတစ်ဦးနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ပြီး အန်တီလေးနှင့်ဆုံစေခဲ့တာပင်။ ရွှေဆိုင်ဖွင့်ထားသည့် မာမီဒေါ်ထားထားဆွေကလည်း မကန့်ကွက်သလို ဘွားဘွားဒေါ်မေနှင်းကလည်း ထောက်ခံတာကြောင့် အခုဆို အန်တီလေးတို့နှစ်ဦးက နေ့စဉ်မဟုတ်သော်ငြား မကြာမကြာ Phone ဖြင့် Contact ရှိကြသည်လေ။

"အန်တီလေးကို ဘယ်လိုခေါ်လဲ"

"ဘာကိုလဲ"

"ဦးဘုန်းလေ"

"ဟယ်. . . ခြေထောက်နာတာတောင် ငြိမ်ငြိမ်မနေဘူး၊ နှုတ်က ဆတ်ဆော့နေပြန်ပါပြီ။ စပ်စပ်စုစု"

"သိချင်လို့ပါဗျာ"

"မသိချင်နဲ့၊ ကလေးက ကလေးလိုမနေဘူး။ တကယ့်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



''အသက် (၂၂)နှစ်က ကလေးဖြစ်မလားဗျ။ ဘွားတို့အားလုံးက မောင့်ကို ခုထိကလေးလိုမြင်နေတာ ခက်တာပဲ''

''ကလေးမဟုတ်လို့ ဒီအိမ်မှာ မင်းက လူကြီးလား။ မင်းအဒေါ်တောင် အိမ်ထောင်မကျသေးဘဲ မိန်းမယူဖို့များ စိတ်ကူးနေပြီလား။ ကော်င်လေးနော်. . . နာတော့မယ်''

ဘွားပြောလိုက်သည့်စကားကြောင့် သူပြုံးလိုက်မိပြန်ပါ၏။ မိန်းမယူဖို့စိတ်ကူးနေပြီလားတဲ့။ ဟုတ်တော့မဟုတ်ပေမယ့် ယူချင်တဲ့မိန်းကလေးကိုတော့ သူတွေ့ခဲ့ပြီလေ။ ဘယ်လိုလုပ်မလဲ 'မ'ရယ်။ 'မ'ကြောင့် မောင်တော့ အတွေးတွေနဲ့ အိပ်မက်တွေ လုပတော့မှာလေ။

''ဟယ်! အဟုတ်ပါပဲလား။ မာမို့မြေးမျက်နှာ ပြုံးစိစိနဲ့လေ''

''ဟုတ်လား မောင်''

''အာ. . . ဘွားကလည်း''

''ဘာ ဘွားကလည်းလဲ၊ ပြောစမ်း! မင်း ရည်းစားဘယ်နှယောက်တောင် ရှိနေပြီလဲ မောင်''

သူ တဟားဟားရယ်လိုက်မိလေ၏။ ဘွားက စိတ်တို





ဦး သူ့နားရွက်ကို လိမ်ဆွဲလိုက်ပါလေသည်။ ဒုက္ခပါပဲ၊ ဒီအိမ်မှာ သူ့ကို ကလေးလိုပဲမြင်နေတာလေ။ အိမ်မှာ အငယ်ဆုံး တစ်ဦးတည်းသား (မြေး)ဖြစ်နေတာမို့ပါပဲ။

''ဟဲ့! ရယ်မနေနဲ့လေး မေးရင် ပြောမှပေါ့ ကောင်နာလေးရဲ့''

''ရည်းစားတော့ မရှိသေးပါဘူးဗျ''

''ဒါဆို နင့်မျက်နှာက ဘာလို့ပြုံးစိစိဖြစ်နေတာတုန်း''

''ရည်းစားမဟုတ်ဘာမဟုတ် အိစိကလီ ဘာညာ သာရကာတွေကတော့ အများကြီးရှိတာပေါ့''

''အံမာ! မျက်နှာများမယ် မကြံနဲ့နော် မောင်။ နာမည်ပျက်သွားလို့ကတော့ နင် ဒီတစ်သက် မိန်းမရမယ် မထင်လေနဲ့ အကလောင်ရဲ့''

''မများပါဘူး ဘွားရယ်၊ တစ်ယောက်ကိုမှ တစ်ယောက်တည်းပါဗျ''

''ဘယ်လို''

ကဲ! ဘယ်လိုလုပ်မလဲ၊ ဒက်ဒီနဲ့မာမီပြန်ရောက်ရင် သူ့ကို တရားခံလို စစ်မေးကြတော့မှာလေ၊ လောလောဆယ်တော့ ဘွား



www.burmeseclassic.com

www.burmeseclassic.com



နဲ့အန်တီလေးရဲ့မေးခွန်းတွေကို သူဖြေနေရပြီကိုး။ အံ့သြနေသည့်သားအမိကြောင့် သူရယ်ချင်ပေမယ့် ဘွားကိုရိုသေတာမို့ မရယ်ပါချေ။

"ဘယ်သူတုန်း"

"ဘယ်မှာနေတာလဲ"

"ကောင်မလေးက ဘာလုပ်သလဲ"

"အသက်ကရော ငယ်လား"

"နှင်ကြိုက်မှတော့ မလှဘဲနေမှာမဟုတ်ဘူး"

ထင်တဲ့အတိုင်းပါပဲလား။ တရစပ်မေးခွန်းတွေကြောင့် သူနှာခေါင်းရှုံ့ပြလိုက်ပါ၏။ လူကို ပဟေဠိဖြေမယ့်ကျောင်းသားလိုများ ထင်နေသလားမသိတော့ပါလေ။

"ဟိုးထား. . ."

"ဘာဟိုးထားလဲ"

"ဟုတ်တယ်လေ၊ အန်တီလေးတို့မေးခွန်းက အများကြီးဆိုတော့ မောင်ဘယ်လိုဖြေနိုင်မှာလဲဗျ။ စဉ်းစားကြည့်ပါဦး"

"ဒါဖြင့် ဘယ်နှခုသိလဲ"

"တစ်ခု"

ရွှေပဒေသာစာပေ



"အဲဒါဘာလဲ"

'နာမည်"

"ဘာတဲ့တုန်း"

"ဖက်ဆွတ်နှင်းတဲ့"

"ဟင်! စိတ်ဝင်စားတဲ့သူလို့လည်း ပြောသေးတယ်။ အဲဒါလေးပဲ သိမှာတော့ ဘာဆက်လုပ်လို့ရမှာလဲ မောင်ရဲ့"

"အခုလေးတင်ပဲ တွေ့ခဲ့တဲ့ဟာ၊ မောင်က ဒီ့ထက်ပိုသိပါ့မလား အန်တီလေးရ"

"ဘာရယ်. . . နှင့်ကိုကားနဲ့တိုက်လိုက်တဲ့ တစ်ယောက်ကို ပြောတာလား"

"အဟီး. . . ဟုတ်တယ်"

မျက်စောင်းနှစ်စုံက ဒိုင်းခနဲရောက်လာလေတော့၏။ မယုံကြဘူးထင်ပါရဲ့။ မောင့်ကို နှချိန်ထိ ဆယ်ကျော်သက်ကောင်လေးလို မြင်နေကြတုန်းမို့ ခက်ပါရဲ့။ 'မ'ရော ဤသို့ထင်နေလေမလား။ မဖြစ်ဘူးနော်၊ အိမ်မှာ ကလေးလို့မြင်ကြ ပြောနေကြပေမယ့် 'မ'မျက်ဝန်းထဲမှာတော့ မောင့်ကို ယောကျ်ားပီသတဲ့သူငယ်လေးလို့ပဲ မြင်စေချင်တာအမှန်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်မှလည်း လုပ်ဦး''

''ဩော်. . . တကယ်ပါ အန်တီလေးရ''

''မယုံပါဘူး၊ လုတပတလေးကို ဦးဦးဖျားဖျားတွေ့ခဲ့တာနဲ့ အရှုံးအမူးဖြစ်မပြချင်စမ်းနဲ့။ တောမှာသွားပြောမှ ယုံရင်ယုံလိမ့်မယ် ငမောင်နန္ဒမောင်ရေ့''

ဗန်းစကားသုံးပြလိုက်သည့် အန်တီလေးကို သူရယ်မိချေပြီ။ ဦးဘုန်းနဲ့တော့ ဘယ်လိုအပြောအဆိုတွေရှိမယ်မှန်း သူမသိပေမယ့် သူ့အန်တီလေးက တကယ့်ကို ငယ်နုသေးတာအမှန်ပါ။ အသက် (၃၂)နှစ်ဆိုတာ အိမ်ထောင်ကျသင့်ပြီဖြစ်ပေမယ့် အစ်ကိုဖြစ်တဲ့ဒက်ဒီကို ကြောက်ရတာကြောင့်ရော၊ ဘွားရဲ့သမီးငယ်ဖြစ်နေတဲ့အတွက်ပါ ဤမျှအရွယ်ရောက်သွားရတာလေ။

ကုမ္ပဏီကိစ္စတွေနဲ့ ဒက်ဒီဖိတ်ခေါ်ချက်တွေကြောင့် အိမ်ကိုဝင်ထွက်ခွင့်ရခဲ့သည့် ဦးဘုန်းနဲ့ မကြာခဏဆုံလေမှ မျက်လုံးချင်းစကားတွေပြောဖြစ်ကြတာပဲ ထင်ပါရဲ့။ ဒက်ဒီ့နှုတ်မှ 'မာမို့သမီးကို ယောက်ျားပေးစားဖို့ အစီအစဉ်ရှိရဲ့လား' ဆိုတဲ့စကားကြောင့် ထမင်းဝိုင်းမှာ အမူအရာပျက်သွားတဲ့အထိ အန်တီလေးတုန်လှုပ်သွားခဲ့တာ သူတို့မျက်မြင်ပါပဲ။





အရွယ်ကြောင့် တည်ငြိမ်ရင့်ကျက်နေပြီဖြစ်တဲ့ ဦးဘုန်းထံမှ မည်သည့်စကားမှ မကြားရသေးသော်ငြား အန်တီလေးအပေါ် လိုက်လိုက်လျောလျောဆက်ဆံတာကိုတော့ အားလုံးအသိပါလေ။ ဒီတော့ ဒီလိုဒီလိုအခြေအနေမျိုးမှာ သူတို့အိမ်က အပျိုကြီးမမတစ်ယောက် ရင်ထဲမှာ ဘောင်ဘင်ခတ်ပေတော့မပေါ့။ မဟုတ်ဘူးလား။

''ဘာရယ်နေပြန်တာလဲ''

''အန်တီလေးကို ရယ်တာ''

''အံမာ! ငါက ဘာဖြစ်နေလို့လဲ''

''ရှေ့ကားကြီးပိတ်နေတော့ နောက်ကားက ကျော်တက်လို့မရ ဖြစ်နေတာလေ''

''ဘာ! ''

''ဘယ်လိုလဲ၊ မယူသေးဘူးလား''

''နင်နော်၊ လူကြီးကို''

''သူမပြောသေးရင် မောင် ဘေးတီးပေးမယ်လေ၊ ဖြစ်တယ်မဟုတ်လား။ ဦးဘုန်းမယူရင် အန်တီလေးကို ဆေးရုံအုပ်ကြီးရဲ့တူ ဒေါက်တာဖွဲ့ဇာနည်နဲ့ ဘွားက ပေးစားတော့မှာလို့ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် ဟိုတက်က ဝုန်းဒိုင်းကြဲပြီး ရေတံခွန်ကြီးစီးလာမှာ အသေအချာဗျ။ သိလား''

''ဟယ်! ပေါက်ကရတွေ လျှောက်မလုပ်နဲ့နော် မောင်။ ဇာနည့်မှာ ရှိနေပြီးသားဟဲ့။ နှင်လုပ်မှ တစ်ဖက်မှာ Engage လုပ်မယ့်ကိစ္စတွေ Game over ဖြစ်ကုန်မယ်''

''အဲဒီလေးလေးကလည်း အန်တီလေးကို မျက်စိကျနေတာပဲ မဟုတ်လားဗျ။ Tennis ball လေးလို ဦးသူ အမြန်ယူဗျား ပြီးရော''

''ကြည့်စမ်း! ကိုယ့်အဒေါ်ကိုများ သူများကို အတင်းထိုးထည့်ပေးနေတယ်။ ကောင်နာလေး''

အန်တီလေး မကျေမနပ်ဖြစ်အောင် စလိုက်ပြီး အပေါ်ထပ်သို့ သူတက်ခဲ့ပါ၏။ ဘွားက လှုပ်ကုလားထိုင်မှာထိုင်ပြီး ပုတီးစိပ်နေချေပြီ။ အခန်းတံခါးကိုဖွင့်၍ သူဝင်လိုက်ပါ၏။ ပြတင်းတံခါးဆီမှ လေပြည်လေး သုတ်ဖြူးတာမို့ သူ့ခန္ဓာကို အေးစေလေသည်။

ရေချိုးခန်းထဲဝင်ကာ ရေချိုးရင်း မျက်နှာထက်မှာ အပြုံးတွေ ဖြစ်နေမှန်း သူသိနေပါ၏။ ဆံပင်ကို ခပ်တိုတိုညှပ်ထားပြီး





ဇူးရှုတောက်ပလွန်းတဲ့မျက်ဝန်းတစ်စုံကို သူမှတ်မှတ်ရရကြီး သတိရနေတာလေ။ ဘယ်လောက်များ ချစ်စရာကောင်းတဲ့မိန်းကလေးပါလဲ။

'ဖက်ဆွတ်နှင်း'တဲ့။ ဖက်ရွက်လေး စိုစွတ်ရုံကျတဲ့ နှင်းကို ဆိုလိုလေသလား။ ဒါမှမဟုတ် ဖက်ရွက်လေးကို ခူးဆွတ်တဲ့ နှင်းလို့ပဲ ရည်ညွှန်းလေသလား။ တကယ့်ကို ကဗျာဆန်ဆန်လေး ပေးထားတဲ့အမည်လေးပါပဲ။

'မ'ရယ်၊ မောင့်ဘဝ မောင့်ကမ္ဘာမှာ မောင်နဲ့ပတ်သက်တဲ့မိန်းကလေးတွေ အများကြီးရှိခဲ့ပေမယ့် ဘယ်မိန်းကလေးကိုမှ မောင့်နှလုံးသားကို ကိုင်လှုပ်နိုင်တာမရှိခဲ့တာအမှန်ပါလေ။ မထိခလုတ် ထိခလုတ် သူငယ်ချင်းမိန်းကလေးတွေရှိပေမယ့် မောင့်ရင်ခုန်သံကို အမှားအယွင်းမရှိခဲ့တာအမှန်ပါ။

'မ'နဲ့ ပထမဆုံးမြင်တွေ့ခဲ့တဲ့ရက်မှာ ရင်ခုန်သံ ဒုတ်ခနဲမြည်ပြီး တစ်ကိုယ်လုံးပူနွေးလာသလို ခြေဖျားလက်ဖျားတွေ အေးစက်သွားခဲ့တာလေ။ တစ်ခဏမြင်တွေ့ခွင့်ရခဲ့တဲ့လှတစ်မျက်နှာကို တစ်ဘဝစာအတွက် မမေ့နိုင်တာအမှန်ပါပဲ။

ဒါတွေကို 'မ'သိအောင် ဖွင့်ပြောပြလိုက်ချင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်စောသေးမှန်း မောင်သိပါတယ်။

ခြော်. . . မောင့်ရဲ့ 'မ'လေးရယ်. . .

⅄ ⅄ ⅄



## အခန်း (၄)

ထမင်းစားပွဲထက်ရှိ Phone သံကြောင့် ထမင်းစားနေ ည့်ဖုန်းကို ချလိုက်စဉ် မေမေ့ထံမှမျက်စောင်းက ကျွန်မထံ က်လာလေ၏။ အစာစားနေစဉ် အဲဒီလို Phone ဝင်လာပါ အစားပျက်တော့မှာကို။ ဒီမနက် Breakfast က ကျွန်မ သက်သည့် ပဲပြုတ်ဆီဆမ်း ထမင်းနယ်သည့် အစားအစာပါ ာ။

''ကျော်ပါ မေမေ''

မေမေ့ထံမှ ဘာစကားမှမထွက်မီ ခုံမှထရပ်လိုက်ရပါ၏။ ခင်နည့်နည်းကျန်နေပေမယ့် မစားတော့ပါလေ။ ဝါးနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းလုပ်ကို အမြန်မျိုချကာ စားပွဲထက်ရှိ ရေဖန်ခွက်ကိုကိုင်
လျက် ဧည့်ခန်းသို့ထွက်လိုက်ပါသည်။

"ကျော်. . . ပြော"

"ဒီနေ့ အားမလား နှင်း"

"ဘာလို့လဲ"

"တိုင်ပင်စရာရှိလို့"

"လူချင်းတွေ့မှ ဖြစ်မှာလား"

"အင်း"

အလို! ဘာပါလိမ့်နော်။ ကမ္ဘာ့ကြီးအလုပ်တွေနဲ့ မအားလ
တဲ့လူက ကျွန်မကိုတွေ့ဖို့ Date သတဲ့။ အင်းပေါ့လေ၊ သူငယ်
ချင်းအရင်းခေါက်ခေါက်ကြီးဖြစ်နေမှတော့ အချိန်ပေးရတော့မ
မပေါ့။

"ဘယ်နှနာရီ ကြာမှာလဲ"

"နှင်းရာ. . . ကုလသမဂ္ဂအတွင်းရေးမှူးတောင် နှင်း
လောက် အချိန်ရှားမှာမဟုတ်ဘူး။ ကိုယ်နဲ့အေးအေးဆေးဆေး
စကားပြောဖို့တောင် တန်းစီနေရတာ မမိုက်ဘူးကွာ။ ကြည့်လုပ်
ဦး"





လူငယ်လေသံ ထွက်လာတာမို့ ကျွန်မ ရယ်ချင်မိသွား
ပါ၏။ အဟုတ်ပါပဲ၊ ကျွန်မက ကျွန်မလိုအင်ဆန္ဒရှိရင်သာ သူ
အားမအား ဂရုမထားဘဲ သူ့အိမ်အထိ ရောက်ချင်ရောက်ချသွား
တတ်တာကိုး။ ဥပမာ– အရေးတကြီးငွေသွားချေးတာမျိုးပါပဲ။

"စိတ်မဆိုးပါနဲ့ ကျော်ရဲ့"

"မဆိုးချင်ပါဘူး"

"မဆိုးဘူးသာပြောတာ၊ ကျော့်လေသံက မာဆတ်ဆတ်
နဲ့ဗျား"

"မာသွားရင် Sorry ပဲကွာ၊ ဒီမှာ မေမေတို့နဲ့ ညစ်နေ
လို့"

ဟော! မိဘတွေနဲ့ဖြစ်တာကိုး။ ဘာမဟုတ်တာလေးကို
ပုံကြီးချဲ့ပြောတတ်တဲ့ အန်တီဒေါ်အေးအေးမာနဲ့ အန်ကယ်ဦးဇော်
လင်းလို လူကြီးတွေကြားမှာ ကျော် မကြာခဏစိတ်ညစ်ရတတ်
သည်လေ။

"ဘာတွေဖြစ်နေပြန်တာလဲ"

"နောက်မှပြောမယ်၊ ဘယ်အချိန်ဆို အားပြီလဲ"

"အင်း. . . ည(၁၀)နာရီလောက်မှ အိမ်ပြန်ရောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့''

''ကျစ်! နှင်းကကွာ၊ အဲဒီအချိန်ကျမှတော့ တစ်နေ့လုံး ပင်ပန်းပြီး ငိုက်ရောပေါ့''

''မငိုက်ပါဘူး၊ နှစ်ချက်တီးသုံးချက်တီးအထိ အကျင့် ဖြစ်နေတဲ့လူကိုများ''

''ဒါက လောဘကြီးတဲ့နှင်းကိုစွလေ။ ကိုယ်က အဲ အချိန်ထိ အလုပ်မလုပ်နိုင်တော့ဘူး။ သေလိမ့်မယ်။ ဘယ်လိုအ ငယ်ချင်းမှန်းကို မသိတော့ဘူး။ ဘယ်လောက်ပြောပြော လော က အတောကိုမသတ်''

တဟားဟားအသံထွက်အောင်ပင် ရယ်မိချေပြီ။ စော စောစီးစီးထွက်နေသည့် သူ့ဒေါသက ကျွန်မထံ ပုံကျလာတာကို စိတ်ဆိုးခဲ ဒေါသထွက်ခဲသည့် သူငယ်ချင်းကို အချိန်တော့ ပုံအော ဖို့ လိုအပ်နေချေပြီ။

''မရယ်နဲ့ကွ''

''ဩော်၊ ဘယ်လိုဖြစ်နေတာလဲ၊ နေ့ခင်းဘက် တစ်နာ လောက်ပေးရင် ဖြစ်တယ်မဟုတ်လား''

''နေ့ခင်းကြီး ဖုတ်ပူမီးတိုက်ပြောရမှာလား။ ညနေအေး





အေးဆေးဆေးလေး ပြောလို့မရဘူးလားကွာ''

''ညနေဘက်က ပို့အလုပ်ရှုပ်တာ ကျော်ရဲ့။ ဆောက် လက်စတိုက်ကို ဒီတစ်ပတ်အတွင်း အပြီးအပ်မှဖြစ်မှာ''

''မအပ်ရင် ဘာဖြစ်မှာလဲ။ လျှော်ရမှာလား။ လျှော်မယ် ဆိုရင်လည်း ကိုယ်ပေးမယ် နှင်းရာ''

''မလျှော်ရပါဘူး။ ဒါပေမဲ့ မကောင်းဘူးလေ ကျော်ရယ်၊ ငါက စာချုပ်ထဲကထက် အချိန်ကိုမပြည့်ခင် အပ်နေကျမို့လို့ပါ''

''တိတိကျကျရက်ကိုပြော''

''(၁၅)ရက်နေ့''

''နှစ်ပတ်တောင် ရှိတဲ့ဟာပဲ၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ကိုယ့် ကို အချိန်ပေးပါနှင်းရာ''

ကြည့်! ဘယ်လိုဖြစ်နေတာပါလိမ့်နော်။ ဂျီမကျစဖူး ဂျီ တိုက်နေသည့်ကျော့်ကို စိတ်မဆိုးဖြစ်ဘဲ သက်ပြင်းကိုသာ ကျိတ် ရှိုက်လိုက်ရလေတော့၏။ အလှည့်ကျတုန်း ဂျစ်ပေါ့ 'ကျော်ဇေ ယျာလင်း'ရယ်။

''ကဲ. . .ညနေငါးနာရီဆို ဖြစ်တယ်မဟုတ်လား''

''OK...ဒီလိုမှပေါ့၊ ကိုယ် ဘယ်ကိုလာခေါ်ရမလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ပဏီရှေ့မှာပဲ"

"ပြီးရော၊ Breakfast စားပြီးပြီလား"

"အခုပဲ Phone လာလို့ စားနေတာ ဖျက်သွားပြီလေ"

"Sorry နှင်းရာ၊ ကိုယ့်ဆန္ဒတွေ သိပ်စောနေလို့ပါ"

"Relax...ကျော်ရေ. . . Relax..."

"See you...နှင်း၊ See you..."

တီးတိုးရယ်ရင်း သူ Phone ချသွားလေတော့၏။ Phone ကိုပိတ်လိုက်ပြီး အောက်ထပ်ရေချိုးခန်းထဲဝင်ကာ ပါးစပ်ဆေး၊ သွားတိုက်ပြီး ပါးလုပ်ကျင်းလိုက်ပါသည်။ ပြီးမှ အဆင်သင့်ပြင်ထားသည့် Slim bag ကိုယူလျက် မေမေ့ကိုနှုတ်ဆက်ပြီး အိမ်မှထွက်ကာ ကားစက်နှိုးပြီး မောင်းထွက်လိုက်ပါ၏၊ အိမ်ဝမှ မေမေထွက်ကြည့်နေတာကို Back မှန်မှမြင်နေရတာမို့ ပြုံးလိုက်မိလေသည်။ အိပ်ပြန်မရောက်မချင်း စိုးရိမ်နေဦးမှာကို။

"တီ!. . ."

လမ်းမကြီး မချိုးကွေ့မီ ကားဟွန်းကို တစ်ချက်တီးလိုက်ပါ၏။ ဟိုနေ့တုန်းက မတော်တဆဖြစ်ခဲ့ရတာမို့ပါလေ၊ ကားကိုကွေ့ပြီး ကတ္တရာလမ်းမကြီးလမ်းကြောင်းအလယ်နားကို ယူပြီး





မောင်းလာစဉ် နောက်နားဆီမှ အမိုးဖွင့်ကားနီလေးတစ်စီး ကပ်မောင်းလာနေတာကို သတိထားမိသွားရပါသည်။

ဘာလဲ. . . ဘာသဘောပါလိမ့်။ ကျော်တက်မလားလို့ ကားအရှိန်နှေးလိုက်ပေမယ့် နောက်ကားက မကျော်ဘဲ ကျွန်မကားလို အရှိန်လျှော့ပြီး လိုက်မောင်းနေလေသည်။ ပြဿနာပါပဲ စောစောစီးစီး စိတ်ရှုပ်စရာတော့ ကြုံရတော့မှာပါလား။

"တီ!. . . တီ!. . ."

မီးပွိုင့်မှာ ယှဉ်ရပ်သွားသည့်တစ်ဖက်ကားထံမှ ဟွန်းသံကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်မိ၏။ အလို! ကားနီလေးပေါ်မှာ မောင်းလာတာ ဟိုနေ့က ချာတိတ်ဖြစ်နေပါရောလား။

"မ"

အံမာ! ရာရာစစနဲ့ 'မ'တဲ့။ ဒီချာတိတ်တော့ ကျွန်မနဲ့ တွေ့တော့မှာပဲ။ ဒီကလည်း စိတ်က ခပ်ရှည်ရှည်နဲ့လူကို။

" 'မ'. . . Morning"

တောက်! ငါနော်၊ စကားမပြောချင်ပါဘူးဆိုမှ ယောရောင်ချာတိတ်ကို လာတွေ့နေရတယ်လို့။ ဒီနေ့ ပြဿဒါးပါပဲလား ခက်ဆွတ်နှင်းရယ်။





www.burmeseclassic.com

www.burmeseclassic.com



'' 'မ' . . . နှုတ်ပြန့်မဆက်ဘူးလားဗျ''

မီးပွိုင့်စိမ်းပြီမို့ ကားကိုသာ အာရုံပြုလိုက်ရပါ၏။ ဒုက္ခပဲ၊ ဒီကောင်လေးတော့ ကျွန်မ ကုမ္ပဏီကိုအထိ လိုက်မနေတာပါလား။ ဘော်ဒေါ်ရှုပ်ဦးမယ့်အရှုပ်ထုပ်လေးပါလားနော်။

ကားကို ကုမ္ပဏီဝင်းရှေ့မှာ (ဝင်းထဲမဝင်သေးဘဲ) ရပ်လိုက်ပါ၏။ ကျွန်မကားနောက်မှာ သူ့ကားအနီလေးက စက်သံညက်ညက်လေးဖြင့် ရပ်လိုက်လေသည်။

''ဒီမှာ''

''မောင့်နာမည်က 'မောင်' ပါ 'မ' ရဲ့။ ဒီမှာမဟုတ်ပါဘူး''

ကြည့်စမ်း! နာမည်ကိုက အကျောကြီးနဲ့ပါပဲလား။ ကျွန်မကို ဒီလိုမထိတထိလာလုပ်လို့ မရပါလေ။ ဒီကျွတ်ဆတ်ဆတ်မာကျောကျောမိန်းမကိုများ လာမစမ်းသပ်ချင်ပါနဲ့ ချာတိတ်ရယ်။

''မင်းဘာသာ မင်း၊ 'မောင်'မကလို့ ကိုကိုပဲဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး။ ဘာကြောင့် ငါ့ကားနောက် ကကောက်ကောက်လိုက်နေရတာလဲ''

သူက နှုတ်ခမ်းတွန့်ရုံလေး ပြုံးလိုက်ပြီး လက်ထဲမှ ကားသော့တွဲကို ပေါ့ပေါ့ပါးပါးဟန်ဖြင့် လက်လှည့်ပြီး ဆော့ပြနေပြန်





တာလေ။ တောက်! ပုံစံကိုက နားရင်းနှစ်ချက်လောက် အုပ်လိုက်ချင်စရာနော်။

"ဒါ အများပြည်သူပိုင်လမ်းပါနော်၊ 'မ'ပိုင်တဲ့လမ်းများ ထင်နေသလား''

အလာကြီးပါပဲလား။ လူကို ပမာမခန့်နဲ့ ထိမထင်လုပ်ပြနေတာ အာဂလူငယ်ပါပဲ။ ဖက်ဆွတ်နှင်းကို လာထိရင် ဘာဖြစ်မလဲဆိုတာ မင်းမသိသေးပါဘူးချာတိတ်ရာ။ ငါ့ထက် ဆယ်နှစ်လောက်ငယ်ပုံရပါလျက်နဲ့ ဘာကြောင့်များ အကဲစမ်းပြီး မိုက်ချင်နေရတာလဲ။

"ကောင်းပြီလေ၊ ဒီလမ်းမကြီးက ပြည်သူပိုင်မို့ ထားပါတော့။ ဒီကုမ္ပဏီကို မင်းမြင်တယ်မဟုတ်လား''

သူက ကုမ္ပဏီဆိုင်းဘုတ်ကို မော့ကြည့်လိုက်ပြီး ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်လေ၏။ ကျွန်မ ဘယ်မှာ ဘာလုပ်သလဲဆိုတာကိုတော့ ဖုံးကွယ်ထားလို့မှမရတာကိုး။ OK ချာတိတ်ရေ့ မင်းဘာဆက်လုပ်မလဲဆိုတာကို ကြည့်ကြသေးတာပေါ့။

"အင်း"

"အေး. . . အဲဒီကုမ္ပဏီကို ငါပိုင်တဲ့အတွက် ငါ့နယ်မြေ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းထဲကို မင်းခြေတစ်လှမ်းတောင် ကျူးကျော်ဝင်လာဖို့ စိတ်မကူးလေနဲ့''

''ဝင်လာတော့ ဘာဖြစ်မှာလဲ''

''သိချင်ရင် စမ်းကြည့်လိုက်လေ၊ ငါက မလုပ်ဘူးမထင်လေနဲ့၊ မင်းလို ပါရွှားလေးလောက်များ စာရင်းထဲတောင် မထည့်ဘူးမှတ်''

''ဟင်းဟင်း. . . ကြောက်မယ်ထင်ပြီး ခြိမ်းခြောက်ချင်ပါနဲ့ 'မ'ရာ။ မောင့်နာမည်က 'မ'ရဲ့ဖယားထဲ ထည့်ဖို့မှမဟုတ်ဘဲ။ 'မ'ရင်ဘတ်ထဲ ထည့်ဖို့''

''ဘာ!''

စိတ်တိုအောင် လာပြီးဆွနေလေပြီကော။ ဒေါသကြောင့် အသံကျယ်သွားသဖြင့် လေသံကိုလျှော့လိုက်ပါ၏။ ကုမ္ပဏီရှေ့မှာမို့ ကျွန်မ ဂုဏ်သိက္ခာကျဆင်းသွားတော့မှာလေ။ ပြဿနာပါပဲလား။ သူက ပခုံးကိုဟန်ပါပါဖြင့် တွန့်ပြလိုက်လေ၏။ ဒီချာတိတ်ရဲ့ Style ကိုက ခေါင်းရိုက်ခွဲဖို့ပဲကောင်းနေတာလေ။

''မှန်တာပြောရင် လူတွေက စိတ်ဆိုးတတ်တယ်တဲ့ 'မ'ရဲ့''

ရွှေပဒေသာစာပေ



''မင်းနော်''

''အား. . . 'မ'ကို စိတ်ဆိုးအောင် နောင့်ယှက်ဖို့ Plan ထဲမှာ မပါပါဘူးဗျာ။ ဘယ်လိုဖြစ်ပြီး စိတ်ဆိုးနေရတာလဲ''

''စိတ်ဆိုးတာမဟုတ်ဘူး၊ စိတ်တိုတာကွ။ ကျက်သရေကိုမရှိဘူး. . . တောက်!''

''အဲဒါ 'မ'Style လား''

''ဘာ''

''ဟုတ်တယ်လေ၊ 'မ'ကိုချဉ်းကပ်သမျှ ယောကျ်ားတိုင်းကို ဒီလိုမျိုး ပျစ်ပျစ်နှစ်နှစ်ပြောလေ့ရှိတာလား''

''မင်းက မပြောပြောအောင် လုပ်နေတာကိုး''

''ရင်ဘတ်ထဲကကိစ္စကို နူးနူးညံ့ညံ့လေး တုန့်ပြန်သင့်တာပေါ့ 'မ'ရဲ့။ မဟုတ်ဘူးလား''

''မင်း. . . မင်း''

''ဒီမနက်တော့ နန္ဒမောင်အတွက် မင်္ဂလာမနက်ခင်းဖြစ်သွားပြီဗျာ။ 'မ'ရဲ့ဒေါသမျက်နှာလေးကို ညအိပ်မက်ထဲ ထည့်မက်ဖို့ ယူသွားတော့မယ်။ Thanks...ပါ. . . Bye!''

ဘာမှမပြောရသေးခင် ကားပေါ်တက်မောင်းထွက်သွား

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တာမို့ ကျွန်မ ဒေါသတို့ဖြင့် ကျွန်ရစ်ခဲ့ရလေ၏။ တောက်! စိတ်ရှိတိုင်းသာ ပျစ်ပျစ်နှစ်နှစ်ပြောမိရင် ဒီမနက် ဘုရားရှိခိုး အမျှဝေပြီး တရားထိုင်ခဲ့သမျှ သဲထဲရေသွန်ဖြစ်ကုန်တော့မှာလေ။

စိတ်လျှော့ ဖက်ဆွတ်နှင်းရေ၊ စိတ်လျှော့။ ကြာလာရင် ဒီစိတ်နဲ့ နှလုံးရောဂါရနိုင်တယ်။

''တောက်! ဒင်းတော့လား''

စိတ်ပြေအောင်တော့ ဒီလောက်ရေရွတ်လိုက်ပြီး ကားပေါ်တက်ကာ ကားဝင်းထဲ မောင်းဝင်ပြီးရပ်ကာ ကုမ္ပဏီထဲဝင်ခဲ့ပါ၏။ Lift ထဲဝင်လိုက်စဉ် ဝန်ထမ်းတွေနှုတ်ဆက်တာကို မျက်နှာတည်ကြီးဖြင့် ခေါင်းညိတ်ရုံသာ ညိတ်ပြလိုက်မိပါ၏။

တစ်နေ့လုံး အလုပ်များပေမယ့် ဒေါသက မငြိမ်းပါလား။ Phone ပြောတော့လည်း အမှားမှားဖြစ်နေတာမို့ တစ်ဖက်မှ လူကြီးတွေကို တောင်းပန်ရတာလေ။

'နန္ဒမောင်'တဲ့၊ မင်းကတော့ ငါ့အတွက် ငြိုဟ်ကောင်လေးပါပဲလား။

⅄ ⅄ ⅄



## အခန်း (၅)

Phone မြည်သံကြောင့် Computer Design ကိုစစ်နေသည့်စိတ်က အနှောင့်အယှက်ဖြစ်သွားပါ၏။ လက်မှနာရီကိုကြည့်လိုက်မိစဉ် ညနေ(၅)နာရီမို့ ကျော် Phone ဆက်တာဖြစ်မှန်း သိလိုက်ပါသည်။

''ကျော်. . . ပြော''

''ကိုယ်ရောက်နေပြီ''

''ခဏလေးစောင့်ပါ ကျော်၊ ဒီမှာ အလုပ်လက်စသပ်နေလို့''

''Make-up ရိုက်မှာတော့ မဟုတ်ပါဘူးနော်''



www.burmeseclassic.com

www.burmeseclassic.com



"အံမာ! လူကိုများ အလုမက်တယ်ထင်နေတယ်။ ဒီမှာ Computer ဖွင့်လက်စပုံကို Save လုပ်နေလို့ပါနော်။ Just five minutes"

Phone ကိုချလိုက်ပြီး လုပ်စရာရှိတာကို ဆက်လုပ်ကာ ဝန်ထမ်းတွေကို မှာတန်မှာရင်း Lift ရှိရာ ဆက်လျှောက်လာခဲ့ပါ၏။ အောက်ထပ်ကိုရောက်ပြီး ကုမ္ပဏီရှေ့တံခါးမှထွက်လိုက်စဉ် ကျော့်ကားက အသင့်ရပ်နေပါသည်။ လက်မှနာရီကိုကြည့်လိုက်ပြီး သူခေါင်းညိတ်လိုက်လေ၏။

"ငါးမိနစ် ကွက်တိပါပဲလား"

"သိတယ်မှတ်လား။ ဖက်ဆွတ်နှင်းပါဆို"

"ကားရော"

"ရုံးက Staff တစ်ယောက်နဲ့ခိုင်းပြီး အိမ်ကိုပြန်ထားခဲ့ပြီးပြီ"

"ဒါဖြင့် ဒီညနေလေးကို ကိုယ်အပိုင်စားရတဲ့သဘောပေါ့လေ"

"အင်းပေါ့။ ရှင့်ရဲ့ရင်ဖွင့်စကားက ဘယ်အချိန်ကာလအထိ ကြာမလဲမှမသိနိုင်တာ။ ငါ့ Time table ကို လာရှုပ်တဲ့





ကောင်"

ကားတံခါးကိုဖွင့်ကာ ဝင်ထိုင်လျှက် ပြောမိတော့ သူ ဟက်ခနဲရယ်လေ၏။ မနက်တုန်းကဖြင့် ဒေါသတွေနဲ့ ပူလောင်နေတဲ့သူက အခုတော့ ခပ်အေးအေးဖြစ်နေပါရောလား။ ကျွန်မ မှာသာ တစ်နေ့လုံးအလုပ်လုပ်နေတာက ကမောက်ကမဖြစ်လို့ ပါလေ။

"ဘာဖြစ်နေတာလဲ"

"ဘာကိုလဲ"

"မျက်နှာမကောင်းလို့ မေးတာပေါ့။ ခေါ်ရတဲ့သူက ခပ်လန့်လန့်ရယ်။ အကြောင်းမသိရင် ထရိုက်တော့မယ့်ပုံစံနဲ့ ဘေးက ထိုင်လိုက်လာသလိုပဲ"

"ဒီလိုပါပဲ"

"ဘာလဲကွ နှင်းရ"

"နည်းနည်းညစ်သွားတာ။ ပါးပါးလေးပါ။ ကိစ္စမရှိဘူး"

"ဘာစားချင်လဲ"

"အရည်တစ်ခုခုပဲ သောက်ရအောင်၊ တော်ကြာ အိမ်ရောက်ရင် ထမင်းမစားနိုင်လို့ဆိုပြီး မယ်တော်က မျက်နှာညိုဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်''

''တစ်ခုခုဖြစ်ဖြစ် စားရအောင်ကွာ၊ အန်တီမေ့ကို ကိုယ် Phone ဆက်ပြီး တောင်းပန်လိုက်ပါ့မယ်နော် နှင်း''

''သဘောရှင်. . . သဘော''

သူ့မျက်နှာ ဝင်းလက်သွားလေ၏။ တော်ရိလျော်ရိဆိုင် ဝင်မယ်မှတ်တာ၊ သူရပ်လိုက်သည်က နာမည်ကြီး Restau-rant တစ်ခုရှေ့မှာ ဖြစ်နေပါရောလား။

''ဆင်းရအောင်''

''ဘာကျွေးမှာမို့လို့ ဒီလိုဆိုင်မျိုး လာရတာလဲကျော်ရဲ့''

''ပြောစရာလည်း များတယ်၊ ပြီးတော့ ကိုယ့်ဗိုက်လည်း ဆာနေပြီ နှင်းရဲ့။ လာပါ''

မပြောတော့ပါ။ သူဦးဆောင်ခေါ်ရာနောက်ဆီသို့သာ အလိုက်သင့် လမ်းလျှောက်လိုက်ရပါ၏။ Hall ထဲမှာ မထိုင်ဘဲ Special Room ရှိရာဆီ ခေါ်လာတာမို့ ကြိုတင် Booking လုပ်ထားမှန်း ကျွန်မသိလိုက်တာပါလေ။

ခက်လိုက်တာနော်၊ ငွေကုန်ကြေးကျများမှာကို မသိဘူး လား။ မကုန်သင့်တဲ့နေရာမှာ ကျွန်မလောက် မဖြုန်းတီးပေမယ့်





ကျော်ကတော့ ဖြုန်းတော့မှာပါပဲလား။

''ရပါပြီဆရာ၊ Ready ပါပဲ''

အခန်းတွင်းမှ ထွက်လာသည့် Waiter က သူ့ကိုဦး ညွတ်နှုတ်ဆက်ကာ အခန်းတံခါးကို အသာဖွင့်ဟပေးလိုက်လေ ၏။ အလို! အခန်းထဲက စားပွဲထက်မှာ စားစရာသောက်စရာတို့ က အစုံအလင်ပါပဲလား။

''ထိုင်ပါ နှင်း''

ခုံကိုဆွဲထုတ်ပေးလိုက်တာမို့ ပြုံးချင်မိသွားရပါလေ၏။ Korea ရုပ်ရှင်ကားတွေထဲကလို American ရုပ်ရှင်ကားထဲက လို ဖြစ်နေတာကိုး။ လုပ်ထားဦး ကျော်ရေ။

''လိုမှာလိုက်ပါ့မယ် ညီ၊ ကိုယ်တို့ အေးအေးဆေးဆေး ဆွေးနွေးစရာရှိလို့ပါ. . . Please! ''

''ဟုတ်ကဲ့ပါ ဆရာ၊ ခွင့်ပြုပါဦး''

လူငယ်လေးက အရိုအသေပြုကာ ထွက်သွားပြီး တံခါး ကို စေ့ပိတ်လိုက်လေ၏။ အမယ်လေးနော်. . . ကဗျာဆန်ဆန် လုပ်ရပ်မျိုးကိုမှ ဒင်းလုပ်နေတာပါလား။ ဆိုင်ခန်းအပြင်အဆင် က နွေးနွေးထွေးထွေးဖြစ်သလို အခန်းအလင်းရောင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းထင်းထင်းရှိပါ၏။

နံရံထက်ဆီမှ ဆီဆေးပန်းချီကားတို့ကလည်း လာစား သည့် Customer တို့၏စိတ်ကို အေးချမ်းစေတာအမှန်ပါ။ စား ပွဲ ကုလားထိုင်တို့ကိုလည်း ကျွန်းသစ်ဖြင့်ပြုလုပ်ထားပြီး Pol- ish တင်ထားတာမို့ မှုလအရောင်ထက်ပို၍ တောက်ပသစ်လွင် နေလေ၏။

စားပွဲထက် ပြင်ထားပေးသည့် ပန်းအလှအိုးထဲမှ နှင်းဆီ Star ဂန္ဓမာပွင့်တို့ကို သစ်ရွက်သစ်ခက်တို့ဖြင့် တန်ဆာဆင်မွမ်း ထားပုံကလည်း တစ်မျိုးဆွဲဆောင်မှုရှိစေပါသည်။ ဒီမှာကတော့ Canddle Light ကိုမသုံးဘဲ မီးပန်းဆိုင်းကြီးက ခန့်ခန့်ငြားငြား ဖြင့် စားပွဲထောင့်မျက်နှာကြက်ဆီမှ လှလှပပဆွဲထားလေ၏။

''စားလေ နှင်းရဲ့၊ ဘာတွေလျှောက်ကြည့်နေတာလဲ''

''လေ့လာပြီး စောင့်နေတာလေ''

''ဘာကိုစောင့်နေတာလဲ''

''ကျော်ပဲ ပြောစရာရှိတယ်ဆို''

''ဩော်. . . ဒါလား၊ နောက်တော့ ပြောမှာပေါ့၊ အရင် စားပါဦး''





ရေထည့်ပေးရန် ထရပ်လိုက်သည့်ကျော့ကို လက်ထောင် ပြီး ရပ်ခိုင်းလိုက်ပါ၏။ ကျွန်မက ဤသို့ကယုကယင်ဟန်ဖြင့် ပြုစုတာမျိုးကို မနှစ်သက်တတ်ပါချေ။

''နေပါစေ ကျော်၊ ငါ့ဘာသာလုပ်နိုင်တယ်''

''နှင်းကလည်း''

''ဟင်းတွေလည်း ခပ်မထည့်ပေးချင်ပါနဲ့၊ ငါက အစား ရွေးတဲ့လူမို့ပါ ကျော်''

''ကောင်းပြီလေ၊ နှင်းကြိုက်တာတွေရွေးပြီး စားပါ''

ကျွေးတဲ့လူက ကျွေးပြီမို့ ဒါနမြောက်အောင်တော့ စား ရပေမပေါ့။ အမယ်လေးနော်. . . ဒီ One table လောက်ဆို အနည်းဆုံးသိန်းဂဏန်းလောက်တော့ ပျောသွားမှာပါလား၊ နှမြော လိုက်တာ။ လူနှစ်ယောက် ဗိုက်ကလေးဝရုံလောက် မမှာဘဲ လူ ဒါယ်ယောက်စာလောက် အများကြီးမှာထားသည့်ဒင်းကို မေတ္တာ တွေအလုံးအရင်းဖြင့် ပို့ချင်နေသော်လည်း စေတနာကိုတော့ အရောင်မဆိုးလိုပါလေ။

''ဝရဲ့လား''

''အင်း''



www.burmeseclassic.com

www.burmeseclassic.com



ဖန်ခွက်ထဲသို့ ရေအများကြီးထည့်သောက်နေပြီမို့ ကျွန်မ စားပြီးပြီမှန်း သူသိသွားလေ၏။ ဖန်ခွက်နှုတ်ခမ်းကို Steel ဇွန်းပါး ပါးလေးဖြင့် သူ သုံးချက်ဆင့်ခေါက်လိုက်စဉ် Waiter နှစ်ယောက် ဝင်လာကာ စားပွဲယက်မှ စားစရာတို့ကို ရှင်းပေးပြီး အချိုပွဲပန်း ကန်တွေ အဆင်သင့်ပြင်ပေးကြလေ၏။

လုပ်လာပြန်ပြီ နောက်ထပ် ကုန်ပေါက်။ ဆာနေတယ် ပြောတဲ့လူက ထမင်းကိုအနည်းငယ်သာစားဖြစ်ပြီး ကျွန်မကသာ တော်တော်များများစားဖြစ်သွားတာလေ။ မနက်က ဒေါသဖြစ်ပြီး နေ့လယ်စာ မစားဖြစ်ခဲ့တာကြောင့်လည်းဖြစ်မှာ။ ဒီအချိုပွဲတွေ ကို ပြည့်နေတဲ့ဗိုက်က ဘယ်လိုစားရမှာလဲ။ ခက်ပြီကော ဖက် ဆွတ်နှင်းရယ်။

''ကိုယ်ပြောမယ်''

''အင်း''

Tissue paper ဖြင့် ပါးစပ်သုတ်လျက် ခေါင်းညိတ် ပြလိုက်မိ၏။ အခန်းထဲ လူရှင်းသွားချိန်မှာမှ သူစကားစတာကိုး သက်ပြင်းရှည်ကြီးချပြီးမှ ခဏစောင့်လိုက်ပြီး သူ စပြောလေ၏

''ကိုယ့်ကို မေမေတို့က မိန်းကလေးတစ်ယောက်နဲ့ ဖြိုး





နေပြီ''

ခြေထောက်ကျဉ်သလိုဖြစ်နေတာမို့ ပေါင်ကို လက်သီး ဆုပ်ဖြင့် အသာခပ်ဖွဖွထုနေသည့်လက်က ရုတ်တရက်ရပ်သွား လေ၏။ သူက စားပွဲခင်းဖြူဖြူထက်သို့ ခပ်ငေးငေးကြည့်လျက် ပြောနေတာပါလား။

''ဘယ်သူနဲ့လဲ''

''သီကိုရွှေစင်''

ဘုရားရေ! တကယ့်ဒိတ်ဒိတ်ကျဲ Model လေးနဲ့ပါလား။ အနုပညာလောကမှာ Bestman တွေတစ်ပြုံကြီးနဲ့ Stage တွေ ရိုက်ကွင်းတွေကို သွားလာလှုပ်ရှားပြီး လျှမ်းလျှမ်းတောက်အောင် မြင်ကျော်ကြားနေတဲ့ Model လုလုလေးနဲ့မှ ကျော့မိဘတွေက သဘောတူသတဲ့လေ။

ကြားရတာတော့ မဂ်လာဖြစ်ပေမယ့် သူ့မျက်နှာကို မြင် နေရတာကတော့ မသက်သာလှ။ တကယ်ဆို ဒီသတင်းမျိုးကို ဂုဏ်ယူမော်ကြွားစွာနဲ့ သူပြောရမှာလေ။ အခုတော့ ကျွန်မရဲ့သူ ငယ်ချင်းလေးပုံစံက နေလောင်ပန်းလို အင်အားမရှိဖြစ်နေပုံကိုး။

''ဒါဆို ပြောင်းပြန်ဖြစ်နေပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ဒီပွဲကို ဂုဏ်ယူပြီး ငါကျွေးရမှာကိုး ကျော်ရဲ့။ Congratulation ပါ"

"မလှောင်ပါနဲ့ နှင်းရဲ့၊ ကိုယ့်မျက်နှာက မင်းဂုဏ်ပြုစရာ ဖြစ်နေလို့လား။ သေချာကြည့်ပါဦး"

သူ့ထံမှ မျက်လုံး စူးခနဲစိုက်ကြည့်လိုက်တာမို့ ကျွန်မ အသံတိတ်သွားရပါ၏။ မနက်က တိုနေတဲ့စိတ်ပင် ပျောက်သွားချေလေပြီ။ အဘယ်ကြောင့် ကျော် ဝမ်းမသာနိုင်ပါသလဲ။ မေးချင် ပေမယ့် ကျွန်မ မမေးဝံ့ပါချေ။

"အဲဒီကောင်မလေး ဒီလောက်လှတဲ့ဟာကို"

"လှတော့ ကိုယ်က ဘာလုပ်ရမှာလဲ"

"ကျော်ကလည်းကွာ၊ ငါ့ကိုစကားကောင်းပြောမှပေါ့။ ဒီခေါ်လာပြီး လူကို မငေါက်ချင်ပါနဲ့"

"အဲဒါဆို နှင်းလည်း စကားကောင်းပြောမှပေါ့။ ကိုယ့်ကို ခနဲ့တဲ့တဲ့ပုံစံမျိုးမလုပ်နဲ့၊ မကြိုက်ဘူး"

ကျွန်မ ပခုံးတွန့်လိုက်မိစဉ် ရုတ်တရက် ဟိုချာတိတ်လေးကို အမှတ်ရမိသွားရပါ၏။ နေပါဦး။ ဘယ့်နှယ် သူငယ်ချင်းရှေ့





မှာ ရှိနေပြီး ဒီကောင်လေးက အတွေးထဲဝင်လာရတာလဲ။

"သူဘယ်လောက်လှသလဲဆိုတာ ကျော်သိတယ်မဟုတ်လား။ ကျော်တို့ကုမ္ပဏီရဲ့ Cosmetic ကြော်ငြာကို သူနဲ့ရိုက်ခဲ့လို့ နာမည်ကြီးခဲ့တာလေ"

"နှင်း"

စိတ်တိုစွာအော်လိုက်တာမို့ လူပါ တုန်သွားရလေ၏။ ဘယ့်နှယ် လူကိုချည်း အော်ငေါက်နေတာပါလဲ။ အဲဒီလို လေသံ မာမာပြောခဲ့သည့်လူတစ်ယောက်ကို ဖျတ်ခနဲသတိရသွားမိစဉ် ကျွန်မရင်ထဲမှာ အောင့်သက်သွားရလေ၏။

သတိမရချင်ပါ။ အဲဒီကာလကို အတိတ်ဆီမှာပဲ တမင် မေ့ထားပစ်ခဲ့တာ ကြာခဲ့ပြီပဲ။ မေ့လက်စနဲ့ မေ့ထားလိုက်ရအောင် ကျော်ဆွတ်နှင်း။ လက်ရှိပစ္စုပ္ပန်မှာပဲ နှင့်ဝိညာဉ်ကို စုစည်းထားပါ တော့မယ်။

"သီဟိုဠ်ရွှေစင်ကို ကိုယ်မချစ်နိုင်ဘူး"

". . ."

"ကိုယ်ချစ်နေတာ နှင်းကို"

"ဟင်! "



www.burmeseclassic.com

www.burmeseclassic.com



''ကိုယ်စောင့်နေမှန်းသိနေပါလျက်နဲ့ နှင်းမို့ ဒီစကားကို ပြောထွက်ရက်တယ်''

''ကျော်''

''မေမေတို့က ကိုယ့်ကိုအရင်မေးပြီးမှ သီဂီရွှေစင်ရဲ့မိဘတွေကို ဆက်သွယ်ကြမှာပါ''

''ဘာကိုမေးတာလဲ''

''နှင်းဆီက Yes or No Answer. ''

ကျွန်မသက်ပြင်းရှိုက်လိုက်ပါ၏။ Yes or No တဲ့လား။ အဲဒီလိုဖြေဖို့ ကျွန်မမှာ အဆင်သင့်မှမရှိတာဘဲ ကျော်ရယ်။

''ငါတို့က သူငယ်ချင်းတွေလေကွာ''

''အဲဒီလို လွယ်လွယ်မပြောနဲ့နှင်း။ မင်းကို ကိုယ်ဘယ်လောက်ချစ်သလဲဆိုတာ ဖွင့်မပြောပေမယ့် မင်းသိပါတယ်။ နှင်းမဟုတ်တဲ့မိန်းကလေးကို ကိုယ်...က်မတွဲနိုင်ဘူး။ အဲဒါ ကိုယ့်ဘက်က အခြေအနေမှန်ပဲ။ နှင်းသဘောထားကရော''

ခက်ချေပြီ။ အဆင်သင့်မဖြစ်သေးတဲ့လူကိုမှ ဘယ်လိုဖြေရမှာလဲ။ လောကကြီးထဲ ဆက်လျှောက်ဖို့အတွက် ကျွန်မအဖို့ အချိန်ကိုသာ အရေးအကြီးဆုံးဖြစ်ပြီး အချစ်ကို ဥပေက္ခာပြုထား





တာ အမှန်ပါပဲ။

''ငါတို့နှစ်ယောက်ရဲ့သံယောဇဉ်ကို နှင်အသိဆုံးပါကျော်ရယ်''

''ကိုယ့်အတွက် အချိန်မရှိဘူးပေါ့၊ ဟုတ်လား နှင်း၊ ကိုယ့်အတွက် နေရာမပေးနိုင်ဘူးလို့ ဆိုလိုတာလား''

''ကျော်ရာ''

''အဲဒီကြိုးတွေနဲ့ ကိုယ့်ကိုတစ်သက်လုံး မင်းတုပ်နှောင်ထားလို့မရဘူး နှင်းရဲ့။ အဲဒါကို မင်းတစ်နေ့သိမှာပါ''

''ကျော်''

''ပြန်ကြစို့''

⅄ ⅄ ⅄



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

သူထရပ်လိုက်ပြီမို့ ကျွန်မပါ ရပ်လိုက်ရပါ၏။ မျက်နှာချင်းဆိုင် ထိုင်စားခဲ့ပြီး အခြေအနေက ငြိမ်းချမ်းခြင်းမရှိဘဲ ဘယ့်နယ် ပွလောင်သွားတာပါလိမ့်။ ကောင်တာမှာ သူ Bill ရှင်းစဉ် ကျွန်မပြင်မှာစိုးပြီး Bill Voucher ကို လုံးချေကိုင်လျက် အမှိုက်ပုံးထဲသို့ ဖျတ်ခနဲပစ်ထည့်လိုက်လေသည်။ ဒါက ဘာသဘောလဲ။

အပြင်ကိုရောက်တော့ ကားပေါ်မတက်သေးဘဲ ကားဘေးမှာ (ကားအမိုးပေါ် လက်ထောက်လျက်) သူအတော်ကြာကြာ ရပ်နေပြန်လေ၏။ စိတ်ပြေအောင် ဖြေတာပဲဖြစ်မှာပေါ့။

ကျော်က ဘယ်တုန်းကမှ ကျွန်မကို ဒီလိုမာဆတ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြောဖူးတာမျိုးမှ မရှိတာကို။

"Sorry...!"

"ဘာကိုတောင်းပန်တာလဲ"

"ကိုယ် ရိုင်းသွားတဲ့အတွက်ပါ၊ နှင်းနဲ့မဆိုင်တဲ့ကိစ္စကို လာရမ်းမိသလိုဖြစ်သွားလို့"

မဆိုင်တဲ့ကိစ္စတဲ့။ နှင်နဲ့ငါ အဝေးကြီးကို လွင့်ကွာသွားသလိုပါပဲလား ကျော်ရယ်။ ငါ့အပေါ် နှင်ဘယ်လောက်စာနာနားလည်ပေးနိုင်သလဲဆိုတာကို သိသိကြီးနဲ့ ငါတမင်တကာမေ့ထားဖြစ်တာပါ။ ဒါကို နှင်လည်း အသိဆုံးပါပဲ ကျော်။ ငါ့အတွက်၊ ငါ့ဘဝအတွက် အဲဒီအချစ်ဆိုတဲ့အရာဟာ မှုံဝါးဝါးလေးပဲ ရှိနေတာမို့ပါကွယ်။

"အန်တီမေ့အတွက် ဘာဝယ်ပေးသွားချင်သလဲ။ တစ်ခုခုပေါ့၊ သစ်သီးဖြစ်ဖြစ်"

"မလိုပါဘူး။ ဟိုတစ်နေ့ကပဲ ဈေးသွားတုန်း မေမေ့ဝယ်ထားခဲ့တယ် ကျော်"

ကျောပေးထားလျက်မှ သူသက်ပြင်းချပြန်၏။ ဘာလဲ မျက်နှာချင်းတောင် မဆိုင်ချင်တော့ဘူးလား။ ငါ့ကိုမုန်းချင်သွား





ပြီလား ကျော်။ မချစ်စေချင်တာမှန်ပေမယ့် နှင့်အမုန်းတော့ ငါ လက်မခံပါရစေနဲ့။

"ဒါဖြင့်လည်း သွားရအောင်"

ခေါင်းကို ခပ်ငုံ့ငုံ့အနေအထားဖြင့် ကားတံခါးကို သူဖွင့်ပေးလိုက်ပါ၏။ ကားပေါ်သို့မတက်သေးဘဲ ကျွန်မ ဆက်ရပ်နေလိုက်ပါသည်။ ဘာလုပ်မလဲ၊ Taxi လှမ်းတားပြီး ပြန်လိုက်ရင် ကျော့်ကို ဂရုမစိုက်ပုံ ပိုပေါ်သွားမှာလေ။

"တက်လေ၊ ဘာလုပ်နေတာလဲ"

"နှင့်မျက်နှာကြီး တည်နေတာကို"

"ကျစ်! ဘာဆိုင်လဲကွာ"

"ငါ Taxi နဲ့ပဲ"

လက်ကောက်ဝတ်ကို ဆတ်ခနဲဆွဲလိုက်ပြီး ကားထဲတွန်းထည့်လိုက်တာမို့ အမြန်တက်လိုက်ရပါ၏။ ဘယ်လိုဖြစ်ပြီး ဒွတ်လုပ်နေတာလဲ။ ကားစက်နှိုးတော့ သူ့ကိုအသာခိုးကြည့်လိုက်မိလေသည်။ မေးကြောကြီးထောင်နေတာမို့ သူအံကြိတ်ထားမှန်း ကျွန်မ သိလိုက်လေ၏။

စိတ်ပြေအောင် မည်သို့ပြောရပါ့မလဲ။ ကျောင်းတက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



လိုလေသေးမရှိအောင် ကျွန်မန်ဘေးမှာ ဖြည့်ဆည်းပေးခဲ့တဲ့သူ။ Canteen ထိုင်ကြတိုင်း တခြားယောကျ်ားလေး သူငယ်ချင်းတွေနဲ့ တစ်ဝိုင်းတည်းထိုင်ကြရင် ကျွန်မခုံကို သူ့ခုံအနီးဆွဲပြီး ကပ်ထားစေခဲ့တဲ့သူ။ စာသင်ချိန်မှန်အောင် တိုက်တွန်းပေးလေ့ရှိပြီး နားမလည်သည့်ပုစ္ဆာတို့ကို စိတ်ရှည်လက်ရှည်ဖြင့် ရှင်းပြသင်ကြားပေးခဲ့သူ။

ကျောင်းပြီးအလုပ်ဝင်ရန် ကုမ္ပဏီသို့ သူခေါ်ပေမယ့် ကိုယ်ပိုင်လုပ်ငန်းထောင်ချင်သည့်ကျွန်မ၏ဆန္ဒကို လိုက်လျော ဖြည့်ဆည်းပေးခဲ့တဲ့သူ။ ရာသီဥတုပူချိန်မှာ အအေး၊ ရာသီဥတုအေးချိန်မှာ ကော်ဖီပူပူလေးတစ်ခွက် အလိုက်သင့်ပေးခဲ့တဲ့သူ။ ဘဝမှာ တိုင်ပင်ဖော်တိုင်ပင်ဖက် အဆိုးအကောင်းမှန်သမျှ ဖွင့်လင်းစွာ ရင်ဖွင့်ခွင့်ပေးခဲ့တဲ့သူ။

အဲဒီလိုသူငယ်ချင်းကို ကျွန်မ ဘယ်လိုအဆက်ဖြတ်နိုင်မှာတဲ့လဲ။ ကျွန်မလိုအပ်နေတဲ့ငွေ သိန်းဂဏန်း ထောင်ဂဏန်း လိုအပ်တိုင်း သူကိုယ်တိုင် လာပေးတတ်လေ့ရှိတဲ့သူ့ကို သံယောဇဉ်ဆိုတာထက်ပိုသာတဲ့ ကျေးဇူးတရားကသာ အာရုံကိုလွှမ်းမိုး ထားမှန်း သိပါလေစ။





ခုတော့ လူကိုလှည့်ပင်မကြည့်ချင်သလိုပုံစံမျိုး ချိုးပါရောလား။ ဘယ်လိုလဲ ကျော်ရယ်။

"ငါ နှင့်ဆီက ယူထားတဲ့သိန်းနှစ်ဆယ်ကိစ္စကို အန်တီအေးတို့ သိတယ်မဟုတ်လား ကျော်"

"ကျစ်! အဲဒါ ငါ့ငွေပါ၊ မေမေတို့နဲ့ဘာမှမဆိုင်တာ။ ထည့်ပြောစရာလား"

"ငါ ဒီလကုန် ပြန်ဆပ်နိုင်မှာမို့ မေးမိတာပါ ကျော်"

သူက ကားကို လမ်းဘေးသို့ ဆွဲချရပ်လိုက်လေ၏။ ည (၇)နာရီထိုးနေပြီမို့ လမ်းမီးတွေ လင်းထိန်နေချေပြီ။ ကားခွေပေါ် လက်နှစ်ဖက်တင်ကာ ခေါင်းမှောက်ငြိမ်သက်နေသည့်သူ့ကိုကြည့်ရင်း ရင်ထဲမှာပင် ပူလာရလေ၏။ ငိုတော့မငိုလောက်ပါဘူးနော်။

"ကျော်"

"ဘာမှမပြောနဲ့"

"ငါ့အကြောင်း နှင်အသိဆုံးပါဟာ"

"သိတယ်. . . သိတယ်. . . သိလွန်းလို့ခက်နေတာ။ ဘောက်! အဲဒီလိုလွယ်လွယ်တောင်းတဲ့ငွေလိုမျိုး ငါ့နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ကိုကျ ဘာလို့ မင်းလက်မခံနိုင်ရတာလဲ''

ကြည့်စမ်း! ကလေးဆန်ဆန်ပြောပါလေရောလား။ ငွေလွယ်လွယ်တောင်းသလိုတဲ့လေ။ အဲဒီလိုတောင်းဖို့ကို ငါ ဘယ်လောက်မျက်နှာပူရသလဲဆိုတာ နှင်းမှနားမလည်နိုင်တာဘဲ ကျော်ရယ်။

''သူငယ်ချင်းတွေကို ဘယ်လိုလုပ်ပြီး ပြောင်းလဲလို့ရမှာလဲ''

''သူများတွေလည်း ဒီလိုပဲပြောင်းလဲသွားကြတာပဲကွ။ ပြော. . . ကိုယ့်မှာ ဘာချို့ယွင်းချက်တွေ ရှိနေလဲ။ ပြင်ခိုင်းရင် ပြင်ပေးမယ်''

''ခက်တာပဲ''

''ဘယ်လောက်ခက်ခဲတဲ့အလုပ်ပဲဖြစ်ဖြစ် မင်းရအောင် လုပ်ခဲ့တာချည်းပဲမဟုတ်လား နှင်းရဲ့။ ကိုယ့်အလှည့်ကျမှ ဒီလို မျက်နှာလွှဲခဲပစ်လုပ်ထားတာ လွန်တယ်''

ဟော! စွပ်စွဲချက်က ထပ်ဖြစ်ပြန်ပါရောလား။ သူ့ကိုပြန် မချစ်နိုင်တာနဲ့ပဲ အပြစ်တွေ တစ်ခုပြီးတစ်ခု တိုးပြန်ချေပြီ။

''ငါ့မှာမှ အဲဒီအချစ်ဆိုတာကြီး မရှိတာ ကျော်ရဲ့။ ဘယ့်နှယ်လုပ်မလဲ''

''ပြောင်မလိမ်နဲ့ နှင်း။ ဒီအရွယ်ရောက်နေတာတောင်မှ အချစ်မရှိဘူးလို့ မင်းမျက်စိမှိတ်မညာချင်နဲ့။ မင်း မချစ်တတ်ဘူးလားကွာ''

မချစ်တတ်ဘူးလားတဲ့။ ချစ်တတ်တာပေါ့ ကျော်။ လွန်ခဲ့တဲ့ဆယ်နှစ်လောက်တုန်းက ကိုယ်နဲ့အသက်အရွယ်ကွာခြားလွန်းတဲ့ လူကြီးတစ်ယောက်ကို မိုက်မိုက်မဲမဲနဲ့ အရူးအမူးချစ်ခဲ့မိတာ အမှန်ပါ။

အထက်တန်းအောင်ပြီး Maths Major Day တက်ဖို့ စောင့်နေတဲ့ကာလမှာ မြောက်ကြွမြောက်ကြွလန်းပြီး အပျော်ဆုံး လူငယ်မလေးရဲ့အနာဂတ်မှာ မျက်ရည်တွေ ပင်လယ်ဝေ ကျန်ရစ်ခဲ့မယ်လို့ ဘယ်လိုလူမျိုးက ထင်ထားမှာတဲ့လဲ။

မြင်မြင်ရာမှန်သမျှ ရယ်စရာလို့သာ ထင်နေတဲ့ ကလေးအရွယ် ဆယ်ကျော်သက်လေး။ သစ်ရွက်လေးလှုပ်ခတ်တာ လေကြောင့်မှန်းသိသော်ငြား ကဗျာဆန်သည်ဟု ယူဆချင်သည့်အရွယ်ပေါ့။ ကန်ရေပြင်ထက် လှိုင်းကြက်ခွပ်လေးတွေ လှုပ်ပြေးကွေးကောက်သွားတာကို ပန်းချီကားတစ်ချပ်လို ကြည်ကြည်နူးနူးနဲ့







www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်ချင်နေတတ်တဲ့ မြီးကောင်ပေါက်စအရွယ်ပါ။

ဆီးထုပ်စားရင်း လှေကားထစ်ကို ဖြည်းဖြည်းမှန်မှန် တက်ကျင့်ရှိဖို့ မေမေဘယ်လောက်ပြောပြော နားမဝင်ဘဲ ခြေသံ တဒုန်းဒုန်းမြည်တာကို သဘောကျပြီအကျင့်ဆိုးဖြင့် ပြေးဆင်းခဲ့ စဉ် ညှော်ခန်းမှာထိုင်ရင်း ဖေဖေနှင့်အလုပ်ကိစ္စဆွေးနွေးနေသည့် သူစိမ်းတစ်ယောက်ကို အမှတ်မထင်တွေ့တဲ့အခိုက် ရင်ခုန်သံတွေ ပြောင်းဆန်ခဲ့ရတာလေ။

ညှော်ခန်းလိုက်ကာနောက်မှာ အသာရပ်ရင်း ညှော်ခန်းထဲ ချောင်းကြည့်ရတဲ့ Feeling ကို အကြိုက်ဆုံး။ မေမေက ညှော် သည်ရှိနေစဉ် အထဲကနေ ဝင်လိုက်ထွက်လိုက်ဆော့ရင် ဗိုက် ခေါက်လိမ်၊ ခေါင်းခေါက်တတ်တာမို့ ဒီအကျင့်ကိုလုပ်ပြီး ဘယ် သူမှမမြင်မှ အိမ်ရှေ့သို့ပြေးထွက်ကာ ခြံထဲမှာ တစ်ယောက်တည်း အော်ဟစ်ရင်း ပြေးဆော့တတ်တဲ့ကောင်မလေး။

အဲဒီလိုဘဝကို ခပ်ပေါ့ပေါ့လေး ဖြတ်သန်းနေတဲ့မိန်းမ ငယ်လေးရဲ့နှလုံးသားကို ဆုပ်ကိုင်လှုပ်ခါနိုင်မယ့်လူတစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့တာတဲ့လား။ အသက်ရှူခြင်း တွေ ကမောက်ကမဖြစ်ပြီး ခြေလှမ်းပင် နောက်ဆုတ်သွားမိသည်





အထိ ထိန်းချုပ်ရခြင်းနောက်မှာ စည်းချက်မညီ ခုန်ပေါက်လာ တဲ့ ကိုယ့်ရင်ခုန်သံကို ကိုယ် အကျယ်ကြီး ကြားခဲ့ရတာအမှန်ပါ။

ဒါ. . . ဘာကြောင့်များလဲ။

ခပ်တိုတိုညှပ်ထားတဲ့ဆံပင် ဒေါက်ကိုဖော်ထားတာလေး ကိုက တစ်မျိုးလေးဖြစ်နေတာလေ။ ရုပ်အဖြူပေါ်မှာ ခပ်ဖျော့ဖျော့ မီးခိုးစင်းလေးက ရှိနေပြီး လုံချည်က အညိုပေါ်မှာ အစိမ်းခပ် စိုးစိုးအကွက်ကို ဝတ်ထားတာမို့ Opposite မလိုက်တာကြီးဟု မရေရွတ်ဖြစ်ဘဲ သူနဲ့အင်မတန်မှ လိုက်ဖက်လွန်းသည်ဟု ထင် မိပါ၏။

ဖေဖေပြောတာကို ခေါင်းညိတ်ရင်း တစ်ခါတစ်ခါမော့ ကြည့်တတ်တဲ့ မျက်ဝန်းလဲ့လဲ့ပေါ်မှာ ဖေဖေ့အပေါ် အဘယ်မျှ ရိုသေလေးစားမှုရှိသလဲဆိုတာကို ပေါ်လွင်နေတာလေ။ ကြင်နာ မှုတွေ ထုံမွှန်းထားတဲ့ ထိုမျက်ဝန်းတစ်စုံ၊ ခပ်ပြုံးပြုံးအနေအထား ဖြစ်သွားသည့် အထက်အောက်ညီညာနေပါသည့် နွေးထွေးသော နှုတ်ခမ်းတစ်စုံ၊ ထိုနှုတ်ခမ်းများအဖွင့်မှာ ညီညာဖွေးလက်လွန်း သည့် သွားတန်းတွေကို မြင်ရချိန်က ရှားပါးလွန်းလေစွ။

မပိန်လွန်းမဝလွန်းသည့် သူ့ခန္ဓာကိုယ်ကည်ဆောက်ပုံ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပခုံးတန်းတန်း၊ အိမ်ပြန်ရန် ထရပ်လိုက်စဉ် ဖေဖေ့ထက်ပင် မြင့်မားနေသည့် သူ့အရပ်အမောင်းကြီးကိုလည်း သဘောအကျကြီးကျခဲ့မိတာ အမှန်ပါ။

လိုအပ်တာထက် ပိုမပြော၊ မိန်းကလေးဆိုပြီး လိုသည့်ထက် ပိုမရော၊ လှစ်ခနဲပြုံးရုံသာပြုံးကျင့်ရှိပေမယ့် ထိုအပြုံးက ရှေ့မှာတင် ကွယ်ပျောက်သွားပြီး နက်မှောင်သည့်မျက်ခုံးတို့ ထွန့်ချိုးသွားကာ ကည်တင်းသွားတဲ့မျက်နှာကို ငေးကြည့်ချင်စိတ်က ထိန်းမရနိုင်ခဲ့။

'ဖက်ထွတ်နှင်း' လို့ နာမည်အပြည့်အစုံကို သူ့နှုတ်ဖျားမှထွက်လာတိုင်း နှလုံးသားတစ်ခုလုံး အေးစက်သွားရသည်အထိ စွဲလန်းတမ်းတခဲ့တာကို ဘယ်သူတွေ သိခဲ့ပါသလဲ။

ဩော်. . . ကျွန်မရင်ထဲက ချစ်သောကိုကြီးရယ်။

"စိတ်တွေ လွင့်သွားပြန်ပြီလား နှင်း"

လန့်သွားရပါ၏။ ဘေးမှာရှိနေသည့်ကျော့်ကို အဘယ်ကြောင့် မေ့သွားရတာပါလိမ့်။ သယ်ကျော်သက်အရွယ် မနူးမနပ်ကလေးရဲ့အချစ်ကို ဂရုမစိုက်တာတဲ့လား။ စိတ်ယိမ်းယိုင်တက်တဲ့အရွယ်မို့ ကြာရင်မေ့သွားမှာပါတဲ့လေ။ ပြောတော့ ပေါ့ပေါ့လေး





နဲ့ ပါးပါးလေးပါပဲ။ ဒီရင်ထဲမှာတော့ အနှစ်အကြီးကြီးခံစားခဲ့ရတဲ့အနာက ခုချိန်ထိ မကျက်သေးတာ တကယ်ပါလေ။

"ငါ ခုချိန်ထိ မေ့လို့မရသေးဘူး"

"ဆယ်နှစ်ဆိုတဲ့ကာလက မတိုပါဘူး နှင်းရယ်။ အနည်ထိုင်သင့်လောက်ပါပြီ။ သူ့ရင်ထဲမှာ မင်းအတွက် တစ်နေရာလေးတောင်မှ မပေးနိုင်ခဲ့တာကို မင်းဘာမျှော်လင့်နေတုန်းလဲ နှင်း။ ဘာကိုမျှော်လင့်တမ်းတပြီး ပင်အသက်ဆက်ရှင်နေတာလဲ။ ပညာတတ်တစ်ယောက်အနေနဲ့ ဒီလောက်တော့ မင်းစဉ်းစားချင့်ချိန်တတ်မှာပါ နှင်းရယ်"

ပါးပြင်ထက်သို့ မျက်ရည်က ပေါက်ခနဲစီးကျသွားလေ၏။ မငိုဘူးနော်. . . မငိုရဘူး။ မျက်ရည်ဆိုတာ ရှုံးနိမ့်ခြင်းရဲ့အစပါပဲ။ ပျော့ညံ့တဲ့မိန်းမမျိုးကို မနှစ်သက်ဘူးတဲ့လား။ ကျွန်မနှလုံးသားကို မာကျောအောင် ပြုစုနေထိုင်ခဲ့တဲ့ကာလက ဆယ်နှစ်ကျော်နေတာတောင်မှ မပြောင်းလဲတာ အမှန်ပါပဲ။

"သူ့ကို ခုချိန်ထိ ချစ်နေတုန်းပဲလား"

". . . "

"မေ့သင့်ပြီ နှင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



"အတင်းခိုင်းလို့ ရတာမှမဟုတ်ဘဲ"

"မရရအောင် မေ့လိုက်ပေါ့။ ကိုယ်တစ်ယောက်လုံး ဒေါသမှာရှိနေပါလျက်နဲ့ မင်းရင်ထဲမှာ နေရာပေးဖို့ နေရာလပ်မရှိတော့ဘူးလား။ မင်းကို အဲဒီကာလကတည်းက စောင့်ဆိုင်းမျှော်လင့်နေခဲ့တဲ့ကိုယ့်ချစ်ခြင်းတွေကိုတော့ ငဲ့ကွက်သင့်တာပေါ့ နှင်းရဲ့"

"တော်ပါတော့ ကျော်"

"နောက်ထပ် ကိုယ် ဘယ်နနှစ်စောင့်နေရဦးမှာလဲ"

"နင့်ကို ငါစောင့်ခိုင်းနေတာမှ မဟုတ်တာ"

သူ့သက်ပြင်းရှိုက်လိုက်ပြန်ပါ၏။ အဲဒါကြောင့် လူချင်းမတွေ့ချင်တာ။ အတိတ်ကို အစပြန်ဖော်မိရင် နှစ်ဦးသား စကားများပြီး လမ်းခွဲခဲ့ရတဲ့အကြိမ်က မနည်းတော့ပါလေ။

"မင်းကို တစ်နေ့နေ့တော့ မေမေခေါ်တွေ့ဦးမှပဲ"

"ဘာအတွက်လဲ"

"ကိုယ်တို့ကိစ္စပဲပေါ့"

"ငါတို့ကိစ္စက ဘာများရှိလို့လဲ ကျော်"

"ပြောပါ. . . ပြောသာပြောထား၊ နင် ခွန်အားရှိတုန်းပြောထားနှင့် နှင်း။ နောက်မှ နောင်တမရပါစေနဲ့"





'နောင်တ'တဲ့လား။ ဘယ်သောအခါမျှ မလိုချင်ခဲ့တဲ့အရာကိုမှ ကျော် ရေရွတ်သတဲ့လေ။ ဘာလဲ. . . ဘာကြောင့်ကျွန်မက နောင်တရရမှာလဲ၊ အဓိပ္ပာယ်မရှိလိုက်တာ ကျော်ရယ်။

"ငါက ဘာဖြစ်လို့ နောင်တရရမှာလဲ"

"စောင့်လေ၊ စောင့်နေမှ မင်းသိမှာပေါ့။ ကိုယ်တို့ကြားကကြိုးကို ဘယ်သူက တိခနဲပြတ်အောင် ဖြတ်နိုင်မှာလဲ၊ ကိုယ့်ကို မင်းလက်မခံဖြစ်တာနဲ့ ကိုယ်ရောမင်းအတွက်ပါ ရင်းနှီးရမယ့်အရင်းအနှီးက သိပ်ကြီးတယ် နှင်း။ အဲဒီအချိန်ကျရင် ကိုယ်လည်းဘာမှမတတ်နိုင်တော့ဘူး"

"ဘာကိုဆိုလိုတာလဲ ကျော်"

"မေမေပြောတဲ့အခါမှပဲ နားထောင်ပါတော့ နှင်းရယ်။ ဒီလောက်ပဲ ကိုယ်ပြောနိုင်မယ်"

ကားစက်ပြန်နှိုးလျက် မောင်းထွက်သွားပြီမို့ ကျွန်မ ဘာမှပြန်မပြောနိုင်ပါတော့ချေ။ ခြံထဲတောင် မဝင်တော့ဘဲ ခြံရှေ့မှာပင် ကားရပ်ပေးလိုက်တာမို့ ကားပေါ်မှဆင်းလိုက်ရပါ၏။ လက်ထောင်ပြရင်း နှုတ်ဆက်ကာ မောင်းထွက်သွားသည့်ကားနောက်မီးနီနီလေးကို ငေးကြည့်နေခဲ့ပါ၏။ ကားမီးလေး ပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



ဘွားမှပင် စေ့ထားသည့်ဘြိတ်ခါးကို တွန်းမွင့်လိုက်မိလေသည်။

ရင်ထဲမှာတော့ ဟာတာတာနဲ့ပါလေး။

⅄ ⅄ ⅄



## အခန်း (၇)

ကားကို ဂိုဒေါင်ထဲမောင်းဝင်လိုက်ပြီးမှ စက်သပ်ကာ ဆင်းလိုက်ပြီး အိမ်ထဲဝင်လိုက်စဉ် ညှေ့ခန်းမှာ TV ကြည့်နေသည့် မေမေ့ထံမှ အသံထွက်လာလေ၏။

"ဘာလို့နောက်ကျနေတာလဲ သား"

မညာတတ်တဲ့လူသားပါ နှင်းရယ်။ မေမေမေးတာကို လိမ်ညာပြောတတ်ရင် နားပူတဲ့ဝဋ်က သူကျွတ်လွတ်မှာပါလေ။

"Dinner စားနေလို့ပါ မေမေ"

"ဘယ်သူနဲ့လဲ"

"နှင်းနဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလောက်ထိုင်ပါဦးလား ဖေယျာ၊ ဖေဖေတို့တစ်အိမ်တည်းနေပေမယ့် စကားလက်ဆုံမပြောတာ ကြာနေသလိုပဲ"

သက်မောရှိုက်မိလေ၏။ တစ်ကိုယ်လုံး ချွေးတို့ဖြင့် ဗြီးစီးပြစ်နေလို့ ရေချိုးလိုက်ရင် လန်းဆန်းသွားမယ်မှန်း သိပေမယ့် ဖေဖေခေါ်နေတာကို သူငြင်းလို့ ဘယ်ရပါ့မလဲ။

"ကြာမှာလား ဖေဖေ"

"သားအဖချင်း စကားပြောဖို့တောင်မှ အချိန်ညှိရော လိုသလား ဖေယျာ"

"မဟုတ်ပါဘူး ဖေဖေ၊ ကြာမယ်ဆိုရင် ကျွန်တော့်ကို ရေချိုးချိန်လေး ခဏလောက် ပေးစေချင်လို့ပါ"

"ပြန်ဆင်းလာမှာလား"

မယုံချင်သလိုပါပဲလားနော်။ တစ်ဦးတည်းသောသားကို မိန်းကလေးလို အုပ်ထိန်းချင်နေတာကတော့ မသင့်တော်ပါဘူး။ ကျောင်းတက်စဉ်ကတော့ လွတ်လပ်ခွင့်ရပါလျက် ဒီအရွယ်ကျမှ ဟိုလူဒီလူနဲ့မတွဲစေချင် မဆက်နွယ်စေချင်တာ ဘယ်လိုသဘောမျိုးပါလဲ။

"ကျွန်တော် ဆင်းလာမှာပါ"





"Ok...ဖေဖေတို့စောင့်နေမယ်"

မျက်နှာလွှဲကာ TV သတင်းထံ အာရုံပြန်ရောက်သွားတာမို့ သူသက်ပြင်းချလိုက်ပြီး အိမ်ပေါ်ထပ်လှေကားထစ်တွေကို တက်ခဲ့ပါ၏။ အခန်းတံခါးကိုဖွင့်ဝင်ကာ အဝတ်အစားချွတ်လိုက်ပြီး Bathroom ထဲကိုဝင်လိုက်ပါသည်။ ရေပန်းမှရေတွေ ဖြန်းခနဲကျလာစဉ် နှင်းကိုသတိရမိပါ၏။ အခုချိန် နှင်းရော ရေချိုးနေပြီထင်ပါရဲ့။

ရေချိုးအဝတ်အစားလဲကာ သူ အိမ်အောက်ကို ပြန်ဆင်းခဲ့ပါ၏။ ဖေဖေတို့က အောက်ထပ်အိပ်ခန်းမှာပင် အိပ်လေ့ရှိတာမို့ သူနဲ့အချိန်မတိုးတာလေ။ သူက စောစောထွက်ပြီး ညဥ့်နက်မှ ပြန်ရောက်လေ့ရှိတာကြောင့်ပင်။

"ဘယ်လိုလဲ"

ခုံမှာပင် ဝင်ထိုင်ရုံရှိသေး၊ အမေးက စပါလေရောလား။ မေမေက သူတို့သောက်ရန် ကော်ဖီဖျော်ဖို့ မီးဖိုခန်းထဲ ဝင်သွားလေ၏။

"ဘာကိုမေးတာလဲ ဖေဖေ"

"သိင်္ဂီရွှေစင်နဲ့အခြေအနေကိုပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရင်းနှီးသလောက်ပါပဲ၊ လုပ်ငန်းဆက်နွယ်မှုရှိဟော့ ဒီလိုပါပဲ ဖေဖေ"

"သားစကားကလည်းကွာ၊ ထူးမခြားနားကြီးပါလား"

မထူးခြားလို့ ဘာရှိပါ့မလဲ၊ ကြော်ငြာကိစ္စမှန်သမျှကို သူ့မန်နေဂျာကိုသာ လက်လွှဲလုပ်စေခဲ့တာမို့ ထို Model နဲ့ သူက မှတ်မိသလောက် ပြုံးပြရုံထက်မပိုခဲ့။ ဒါကို အခြေအနေဘယ်လို လဲမေးတော့ သူ့မှာအဖြေက နတ္ထိပါပဲ။

"စိတ်မဝင်စားဘူးလား ဖေယျာ. . . ကောင်မလေးက Model လုပ်နေပေမယ့် နာမည်ပျက်ရှိတာမျိုး တစ်ကြိမ်မှမရှိဘူး။ သူ့ဂုဏ် သူ့အလှ သူ့စာရိတ္တနဲ့ ရပ်တည်နိုင်တာပဲကြည့်။ ဘယ် သွားသွား အမေမဟုတ်ရင် အဒေါ်က တကောက်ကောက် ပါနေ ကျမို့လည်း စိတ်ချရတယ်"

ဘာလုပ်ရမှာလဲ၊ မိန်းကလေးတစ်ယောက် လှတာကို စာမဖွဲ့လောက်ပါဘူးလေ။ အထူးသဖြင့် ရုပ်ပြစားတဲ့အလုပ်မျိုး လုပ်တာကိုက သူသိပ်ဘဝင်မကျလှ။ အလှကုန်တွေ တစ်လတစ် လ ဘာဘယ်မျှသုံးလိုက်မလဲ။ မိုးလင်းမိုးချုပ် လိမ်းရတဲ့ Day cream, Night ceram ဆိုတာမျိုးတွေ၊ တစ်ကိုယ်လုံးလူးတဲ့





Lotion ဆိုတာတွေ၊ ဖျက်လိုက် ပုံဖော်ဆိုးလိုက်နဲ့ ငွေကုန်တဲ့ လက်သည်းဆိုးဆေးတွေ။

ပြီးတော့ သဘာဝနှုတ်ခမ်းလွှာမှာ Colour စုံတင်လေ့ ရှိတဲ့ Lip stick တွေ၊ ခေတ်နဲ့အညီ အမျိုးမျိုးကောက်လိုက် ဖြောင့်လိုက် ခွေလိုက်လိပ်လိုက် လုပ်လေ့ရှိတဲ့ ဆံပင်ပုံဆန်းဆန်း တွေ၊ တစ်လတစ်လပေါ်သမျှ အရင်ဆုံး ကိုယ်ပေါ်အလှအယက် တင်လေ့ရှိတဲ့ အဝတ်အစားနဲ့ ဖိနပ် Desigh အစုံ၊ ဒီကြားထဲ နိုင်ငံခြားကနေ လှမ်းမှာတာမျိုးလည်း ရှိပါသေး။

ဤသို့ဤနှယ် မိန်းကလေးမျိုးကိုမှ သူနဲ့လိုက်ဖက်တယ် လို့ တွဲစေချင်သတဲ့လား။ အလှကုန်မျိုးစုံထုတ်တဲ့ ကိုယ်ပိုင်ကုမ္ပဏီ မို့ သူမမျက်စိကျချင်စရာ ဖြစ်ကောင်းဖြစ်ပေမယ့် ငွေကုန်ဖြုန်း သည့် မိန်းကလေးကို သူလန့်တာ အမှန်ပါလေ။ ရှာပေးနိုင်တုန်း ပြဿနာမရှိပေမယ့် လိုသမျှမဖြည့်ဆည်းနိုင်တော့ရင် သေဖို့နည်း လမ်းပဲ ရှာရမှာ အသေအချာပင်မဟုတ်ပါလား။

"ကျွန်တော်မှ မချစ်နိုင်ဘဲဖေဖေ"

"ဖေယျာ"

"ကျွန်တော်ရင်ခုန်တဲ့မိန်းကလေးမျိုးနဲ့ အတင်းမပေး



www.burmeseclassic.com

www.burmeseclassic.com



စားချင်ပါနဲ့လားဗျာ"

"သူ့မှာ မင်းမကြိုက်တာ ဘာများရှိနေလို့လဲ ပြောပါဦး"

"အစ်ကိုသားက နှင်းကိုပဲ မိန်းကလေးကို တစ်ယောက်တည်းရှိတယ်လို့ ယူဆထားတာမို့ ဒီလေသံပဲ ထွက်လာမှာလေ"

ကော်ဖီခွက်တွေ ချရင်း ပြောလိုက်သည့်မေမေ့စကားက သူ့ရင်ကို Direct ထိလေ၏။ တိုက်ပွဲတော့ စပြီ နှင်းရေ၊ ကိုယ့်မှာက မင်းရဲ့စစ်ကူမပါဘဲ တစ်ကိုယ်တော် ရုန်းကန်ကြရ မယ့်တိုက်ပွဲပါပဲလားကွာ။

"ဖက်ထွတ်နှင်းနဲ့ ခုချိန်ထိ တွဲနေတုန်းပဲလား သား"

"သူငယ်ချင်းတွေပဲ မေမေရယ်၊ လုပ်ငန်းကိစ္စပတ်သက်တာမျိုးရှိနေမှတော့ အဆက်အသွယ်ရှိနေမှာပဲ"

"သူ့အလုပ်က Construction လုပ်ငန်း၊ မင်းကိုင်ထားတာက Cosmetic လုပ်ငန်း။ ဘာမှမဆိုင်ဘဲနဲ့များ ဘာကြောင့် ဆက်နွယ်မှုရှိတယ်လို့ပြောရတာလဲ"

"နှင်း စလုပ်တုန်းက အစ်ကိုသားက ငွေချေးခဲ့တာကို အဲဒီလိုချေးငှား ပြန်ပေး၊ ပြန်ချေးနဲ့ လုံးလည်လိုက်နေတာလေ"

"ဟုတ်လား သား"





ကျစ်! မေမေ့ကိုက အတင်းလိုက်ကျပ်နေတာပါလား။ အစကတော့ နှင်းကို သူ့သူငယ်ချင်းဆိုပြီး လာလည်နိုင်း၊ စကျက်ဝိုင်းမှာ ဖော်ရွေခဲ့ပေမယ့် လုပ်ငန်းနဲ့ဆက်နွယ်လာတော့ မကြည်ဖြူနိုင်တော့ပါလားနော်။

"နှင်း ကုမ္ပဏီစထောင်တာ လက်ရှိသူနေနေတဲ့ အိမ်ခြံမြေစာချုပ်ကို ပေါင်ပြီး ငွေရှာတာပါမေမေ။ ကျွန်တော် ကူရတာ မပြောပလောက်တဲ့ ဆယ်ဂဏန်းလေးလောက်ပါ။ ဒါတောင် သပိုင်းနဲ့ သူပြန်ဆပ်နိုင်ခဲ့တာချည်းပဲ"

"အတိုးမဲ့ လွယ်လွယ်ရတော့ ခဏခဏ ငွေချေးတာပေါ့ ဧယျာ။ သူငယ်ချင်းက သူငယ်ချင်း။ လုပ်ငန်းက လုပ်ငန်း၊ သတ်ကတ္တာဆိ ထားမှပေါ့"

"ဒီလောက်လေးတောင်မှ မကူညီသင့်ဘူးလားဗျာ။ နှင်းဟာ ကျွန်တော့်သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးပါဗျ။ မေမေ့ကို ရိုသေကိုင်းရှိုင်းတဲ့မိန်းကလေးအပေါ်မှာ ဒီလိုတော့ အမြင်စောင်းသင့်ဘူးလို့ထင်တယ်"

မေမေ့မျက်နှာ အတော်တည်သွားသလို မေမေပါ သူ့ကို စိုက်ကြည့်လိုက်လေ၏။ ဘာကြောင့်များ သူ့ကို သိဂ္ဂစင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အိမ်ထောင်ချပေးချင်နေကြတာပါလိမ့်။ အဲဒီမိန်းကလေးကရော သူနဲ့အိမ်ထောင်ပြုနိုင်လို့လား။ ကိုယ့်ကိုယ်ကို လှဖို့ နေ့တိုင်းပြင်ဆင်နေတဲ့မိန်းကလေးက အိမ်မှုကိစ္စတွေ စိတ်မဝင်စားနိုင်မှန်း သူကြိုမြင်နေတာ အမှန်ပါပင်။

"ဖေဖေတို့က နှင်းကိုသဘောမကျဘူးလို့ မဆိုလိုဘူး ဖေယျာ။ သမီးတစ်ယောက်လို သူ့ကိုလက်သင့်ခံပေးနိုင်ပေမယ့် ချွေးမလိုတော့ တယ်မမြင်လှဘူး"

"နှင်းက နေပုံထိုင်ပုံသာ ယောကျ်ားဆန်တာပါ။ ဒါပေ မဲ့ မိန်းမစိတ်တော့ အပြည့်ရှိပါတယ်ဖေဖေ"

"အခု မင်းအသက် (၂၈)ရှိနေပြီ ဖေယျာ။ ဖေဖေတို့ (၆၀)နား နီးနေပြီ။ မသေခင်တော့ မြေးချီသွားပါရစေ"

ငြိမ်းခြောက်လေသလား။ ဖေဖေတို့သဘောတူပါတယ် ဆိုတဲ့ Model လှလှလေးက ဖေဖေတို့သိပ်လိုချင်တဲ့ ကလေ လေးကို မွေးပေးနိုင်မလားလို့ သံသယမဖြစ်ဘူးတဲ့လားဗျာ။

"နှင်းကို မင်းစောင့်နေခဲ့တာ တော်လောက်ပြီလို့ ဖေဖေ တော့ ယူဆတယ် ဖေယျာ။ ကိုယ့်အတွက် ဘာအကျိုးအမြတ် မရရင် မရနိုင်ရင် အဲဒီမျှော်လင့်ချက်ကို စွန့်လွှတ်လိုက်သင့်ပြီ





"နှလုံးသားရေးရာကိစ္စပါ ဖေဖေ။ အရှုံးအမြတ်တွက်ရမယ့် စီးပွားရေးကိစ္စမှမဟုတ်ဘဲ"

"စီးပွားရေးကိစ္စမဟုတ်လို့ ပြောရခက်နေတာပေါ့ ငါ့သားရဲ့။ အရှုံးကိုကြိုမြင်နေရင် Stop ဆိုပြီး မင်းကိုရပ်ခိုင်းလိုက်လို့ရတယ်။ သီဂီရွှေစင်ကို သွားတွေ့ကြည့်လိုက်ပါဦး။ အနည်းဆုံးတော့ သားစိတ်တွေ ကြည်လင်သွားပါလိမ့်မယ်"

အပြောက လွယ်ပါ့၊ သီးသန့်တွေ့ရမှာလား။ အဲဒါဆိုရင်တော့ သူမကိုယ်သူမ လက်သည်းညှိနေတာမျိုး၊ ခြေချိတ်ထိုင်ပြီး ခြေသည်းအဆိုးခံနေချိန်မျိုးဖြစ်နေရင် ဘယ်လိုလုပ်မှာလဲ။ အချိန်ကို အလဟဿမဖြုန်းတတ်သူတွေပဲမို့ တစ်စုံတစ်ခုကိုတော့ သူမ အကျိုးရှိရှိသုံးနေမှာ အမှန်ပါလေ။

"သီဂီရွှေစင်မှပဲ ကျွန်တော့်အိမ်ထောင်ဖက် အတိအကျဖြစ်မှာလား"

သူ့အမေးကို မိဘနှစ်ပါးစလုံး ရုတ်တရက်ပြန်မဖြေပါချေ။ မေမေနှင့်အကြည့်တစ်ချက် ဆုံအပြီးမှာ ဖေဖေခေါင်းညိတ်ပြလေ၏။

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



''သေချာလား ဖေဖေ''

''ဒါပေါ့''

''ကောင်းပြီလေ၊ ဖေဖေတို့ သွားတွေ့စေချင်ရင် ကျွန်
တော်သွားတွေ့ပါ့မယ်၊ တစ်ခုတော့ ရှိတယ်နော်၊ အဲဒီမိန်းကလေး
က ဖေဖေတို့သိပ်လိုချင်တဲ့မြေးမျိုးဆက်ကို မပေးနိုင်ရင် ဘယ်
နှယ်လုပ်မလဲ''

''ဘယ်လို''

စဉ်းစားစရာပါပဲ ဖေဖေ၊ ပထမ သူမလုပ်နေတဲ့အလုပ်
ကို သူသဘောမကျတာ။ ဒုတိယ သူလိုချင်တဲ့ အိမ်ထောင်ရေး
မျိုးကို သူမ မဖြည့်ဆည်းပေးနိုင်ရင် သူ့ရဲ့လက်ထပ်ခြင်းက အား
လုံး ပြီးဆုံးသွားရမှာကို။

''အိမ်ထောင်သည်တိုင်း ကိုယ့်မျိုးဆက်ကို မရှိမဖြစ်
ချန်ရစ်ဖို့ တာဝန်သိကြပါတယ် သား''

''ဒါက မေမေတို့အမြင်လေ၊ လက်ရှိ သူလုပ်နေတဲ့
အလုပ်ကိုပဲ ကြည့်ဦး''

''ဘာလဲ၊ ယောကျ်ားတကာနဲ့ ဖက်လှဲတကင်းရှိရတဲ့
သူ့အနုပညာဝါသနာကို သဘောမကျတဲ့သဘောလား ဖေယျာ''





''အဲဒါလည်း ပါပါတယ်ဖေဖေ၊ သူလုပ်နေတဲ့အလုပ်ကို
...ဆက်အောင်မြင်ချင်ရင် ဖေဖေတို့ဆန္ဒကို သူလိုက်လျောပေး
...မယ်မထင်ဘူး''

''လက်ရှိအောင်မြင်ကျော်ကြားနေတဲ့ မင်းသား မင်းသမီး
...တွေလည်း ဒီလိုပဲ ကလေးယူဖြစ်ကြတာပဲလေ သားရဲ့၊ အလွန်
...ဆုံး နားရလှ တစ်နှစ်လောက်ပဲပေါ့''

ဖွဲ့က မသေးပါလား။ အင်အားကလည်း မမျှတဘူး နှင်း
...မ ကိုယ့်မှာက တကယ့်ကို Lonely တစ်ယောက်တည်းဖြစ်
...ရတာပါ။ ချောင်ပိတ်ရိုက်ခံနေရတဲ့ မွန်းကျပ်မှုဝေဒနာတွေကို
...တွေ့စေချင်ပါရဲ့။

''ကျွန်တော်တော့ မထင်ပါဘူး''

''အပျက်ကို ကြိုမပြောချင်ပါနဲ့ သား။ မိဘကနိုင်ငံတို့
...ရားအရ သွားတွေ့ပြီး စကားကိုဆီလျော်အောင် ပြောခဲ့ပါ။
...တွေ့ချင်း ဆောက်နဲ့ထွင်းသလို မဖြစ်စေနဲ့ပေါ့''

''ကျွန်တော် ပညာတတ်တစ်ယောက်ပါမေမေရယ်။ ဒီ
...လောက် မရိုင်းပြတတ်ပါဘူး''

''အထူးသဖြင့် သူ့ကို ကလေးယူမယ့်ကိစ္စမျိုးအဆ...



www.burmeseclassic.com

www.burmeseclassic.com



မပြောလိုက်နဲ့ဦး ဖေယျာ''

သူ မဲ့လိုက်မိပါ၏။ ဘာထူးသေးလဲ၊ မြေးချီချင်ပါတယ်ဆိုတဲ့မိဘတွေရဲ့ဆန္ဒအရ သူသွားတွေ့ရမယ့်ဟာကို ဒီစကားတွေမှမပြောရင် သူဘာပြောရမှာတဲ့လဲ။

''ပြီးတော့ နှင်းနဲ့အပေါင်းအသင်းလုပ်နေတာကို ရပ်လိုက်တာ အကောင်းဆုံးဖြစ်မယ် သား''

''သူ့ကို တစ်နေ့တော့ အမာ ခေါ်တွေ့လိုက်ပါ့မယ် အစ်ကို''

''ဘာသဘောနဲ့လဲ မေမေ''

''ဟုတ်တယ်လေ၊ သားရဲ့အိမ်ထောင်ရေးမှာ သူ က[illegible] လန့်ကန့်လန့်နဲ့ ပါနေမှာစိုးလို့ပါ။ သီဂီလေး စိတ်အနှောင့်အယှက်ဖြစ်မှာမျိုးကို မေမေတို့ကြိုပြီး တားရမှာပဲ ဖေယျာ''

''မေမေ၊ နှင်းက ကျွန်တော့်သူငယ်ချင်းပါ''

''မှန်တယ်၊ အဲဒါကို အတိတ်မှာပဲ ချန်ရစ်ခဲ့ပါတော့ သား။ အနာဂတ်ကို ဖြောင့်ဖြောင့်လျှောက်စမ်းပါကွယ့်''

''ကျွန်တော် ခုထိ မေမေတို့ပြောနေတဲ့ သီဂီရွှေစင်[illegible] လက်မခံရသေးဘူးနော်။ ဘာမှမဆိုင်တဲ့နှင်းကိုတော့ ပြသ[illegible]



မရှာပါနဲ့'

ဖေဖေနှင့်မေမေတို့၏ အေးစက်စက်နိုင်သောအကြည့်များအောက်မှ သူ ထွက်ခဲ့ရတော့၏။ ကြည့်စမ်း! သူ့အိမ်ထောင်ရေးမှာ နှင်းကို ဝင်ရှုပ်မယ့် ခလုတ်ကန်သင်းလို ဘာကြောင့်များ မြင်နေရတာပါလိမ့်။

ဩော်. . . ရင်ထဲက ကိုယ့်ရဲ့နှင်းရယ်။

▲ ▲ ▲

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

Sunday ဝိတ်ရက်ကို ကို Date ပေးထားတာမို့ တော်ပါသေးရဲ့။ ဒီညနေပိုင်းမှာပဲ နှင်းနဲ့ဆုံဖို့ ချိန်းထားတာမို့ စိတ်က လန်းဆန်းနေတာ အမှန်ပါ။ နှင်းကတော့ သူ့လို ကုမ္ပဏီမနားဘဲ အပ်ရမည့်လုံးချင်းတိုက် အပြီးသတ်ဆေးသုတ်တာကို သွားကြည့်မည်မှန်း သူသိထားပါ၏။

နာမည်ကြီး Hotel ရှေ့ ကားရပ်လိုက်စဉ် သူ ကျိတ်ပြုံးလိုက်မိပါသည်။ Model ဗီဗီ အခြေကလည်း ကြီးပါရဲ့။ တော်ရုံတန်ရုံနေရာမျိုးမရွေးဘဲ ဒီလိုဗိတ်ဗိတ်ကျဲ Hotel မျိုးမှာမှ သူ့ကို တွေ့ခိုင်းရတယ်လို့။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းကိုတော့ စကားမပြောရသေးခင်မှာပဲ ကိုယ် မကြည် မလင်ဖြစ်နေပြီ သီဂီရွှေစင်ရေ။

"ကြွပါ ခင်ဗျာ"

ကားသော့ကို ဝန်ထမ်းလက်ထဲ ထည့်ပေးလိုက်စဉ် သူ့ကားကို နေရာရွှေ့ရပ်ပေးရန် မောင်းသွားလေ၏။ Doorman ဦးညွှတ်ကြိုဆိုဖွင့်ပေးလိုက်သည့်မှန်တံခါးမှ Hotel ထဲသို့ သူဝင်လာခဲ့ပါသည်။ ခမ်းနားထည်ဝါပါပေရဲ့။ Reception ဌာနမှ ဧည့် ကြိုမန်နေဂျာက ဘိုဆန်ဆန်နှုတ်ခွန်းဆက်လေ၏။

"ကြိုပြီး Booking ယူထားပါတယ်၊ ဧည့်သည်နဲ့လာ တွေ့တာပါ"

"ဪ. . . ဟုတ်ကဲ့၊ နာမည်လေး တဆိတ်လောက် ပြောပြပေးပါရှင်၊ ကျေးဇူးပြု၍"

"ကျော်ဇေယျာလင်းပါ"

"ခဏနော်၊ ရှိပါတယ်၊ မျိုးမင်းဇော်ရေ"

"ဗျာ. . . အစ်မ"

"ဒီကဧည့်သည်ကို Table (103) ကိုလိုက်ပို့ပေးလိုက်ပါ။ သူနဲ့လိုက်သွားပေးပါ လူကြီးမင်းရှင့်"





"Thanks...ပါ"

Hall ထဲမှာ သူ အတော်ကြာကြာလမ်းလျှောက်လိုက်ရပါ၏။ ထောင့်ကျကျမှန်ချပ်များအနီးရှိစားပွဲမှာ နေရာချပေးလိုက်တာမို့ တစ်ချက်ပြုံးလိုက်မိလေသည်။ လူမြင်ကွင်းမှာထိုင်ဖို့ သူမစိတ်ကြိုက်ရွေးလေသလား။ နံရံကိုကျောပေးထားသည့်ခုံကိုရွေး၍ သူထိုင်ချလိုက်ပါ၏။ အနီးသို့ရောက်လာသည့် Waiter ကို သူမော့ကြည့်လိုက်မိလေသည်။

"ဧည့်သည်စောင့်ဦးမှာပါ၊ နောက်မှမှာပါ့မယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ကျောမှီထက် သူမှီထိုင်လိုက်ပါ၏။ မှန်ချပ်ထုများအပြင်မှာ ကားတွေစီတန်းရပ်ထားပြီး လမ်းပေါ်မှာ လူတွေသွားလာနေလေသည်။ မျက်စိရှုပ်လိုက်တဲ့နေရာပါပဲ။ တကယ်ဆို သူရွေးချယ်ချင်တာက လေဝင်လေထွက်ကောင်းသည့် လေဟာနယ်နေရာမျိုး။ ပြီးတော့ View ကောင်းပြီး သစ်ပင်ပန်းမန်တို့ဖြင့် စိမ်းစိုလှပနေရင် အဘယ်မျှ မျက်စိပသာဒဖြစ်လိမ့်မလဲ။

"Hello! "

သူ ဆက်ခနဲဖြစ်သွားရလေ၏၊ နာခေါင်းဝမှ ရှုမွှေးရနံ့



www.burmeseclassic.com

www.burmeseclassic.com



စားစရာကို ရလိုက်ကတည်းက ရိပ်မိသင့်တာလေ။ သူ့ရှေ့တည့်တည့်မှာ ကန့်ကလန့်ရပ်နေသည့် (ညှို့အားပြင်းအကြည့်တို့နှင့်) မိန်းကလေးတစ်ဦး။

''သိဂီရွှေစင်ပါရှင်''

''ကျွန်တော် ကျော်ဖေယျာလင်းပါ''

''တို့သိထားပါတယ်''

'တို့'တဲ့။ သူ့ထက် အနည်းဆုံး (၅)နှစ်ခန့် ငယ်မည့် မိန်းကလေးရဲ့အသုံးအနှုန်းက တင်စီးနေသလိုပါပဲလား။ နှင်းနဲ့တုန်းကလို ခုံကို သူဆွဲမထုတ်ပေးဖြစ်ပေမယ့် အနီးသို့ရောက်လာသည့် Waiter က အလိုက်သင့်လုပ်ပေးပါ၏။

ကောင်မလေးက ကျေးဇူးတင်တာကို လှလှပပလေး ခေါင်းညိတ်ပြကာ ခုံမှာထိုင်လိုက်လေ၏။ ခြေကို ချိတ်ထိုင်လိုက်ကာ ခါးကော့ရင်မော့ပုံ Style မျိုးဖြင့်ထိုင်နေတာမို့ သူမအစားသူ နေရခက်လှပါသည်။ သက်တောင့်သက်သာမရှိပါလားနော်။ Waiter က သူ့ထံကိုရော သူမထံကိုပါ Minu book တို့ကို တရိုတသေပေးလိုက်ပါသည်။

''ဘာမှာမလဲ၊ စားချင်တာမှာပါ။ ကိုယ့်ကိုတော့ ကော်





မီစိမ့်စိမ့်လေးတစ်ခွက်ပဲပေးပါ ညီ။ Lunch စားလာပြီးပြီမို့ပါ''

Minu လှမ်းနေသည့်သူမထံမှ ဖျတ်ခနဲအကြည့်ရောက်လာလေ၏။ ပြဿနာပဲ၊ သူမအဖို့ နေ့လယ်စာမစားဖြစ်ချင်တာလည်း ဖြစ်နိုင်တာလေ။ Lady first ဆိုသည့် System ကို သူဘာကြောင့် ရုတ်တရက်မေ့သွားရတာပါလိမ့်။

''တို့ကို ဒိုမိနိုတစ်ခွက်ပေးပါ''

''ဟုတ်ကဲ့ပါခင်ဗျာ''

သူကျိတ်ပြုံးလိုက်မိပြန်၏။ အအေးနဲ့အပူ ဆန့်ကျင်ဘက်ပါပဲလား။ နှင်းနှင့်သူဆို ဘာမဆိုစားတာမှာတာ တူနေမြဲလေ။ 'ဆာတယ်၊ ကြေးအိုးသောက်ရအောင်' ဆိုရင်လည်း ဆွဲပြီးသား။ 'အေးတယ်၊ ကော်ဖီပူလေး သောက်ရအောင်' ဆိုရင်လည်း မော့ပြီးသားကို။ အခုတော့ သူက အပူမှာပြီး သူမက အသီးတွေစုံနေအောင်ပါသည့် ဒိုမိနိုတစ်ခွက်တဲ့လေ။

''တို့ တစ်နာရီလောက်တော့ အချိန်ရပါတယ် ကိုကျော်ဖေယျာ''

Limit တဲ့လား။ သူမကတော့ အချိန်ရှားပါးပြီး သူကတော့ အချိန်မကုန်ကုန်အောင် ဖြုန်းနေသလိုမျိုးဖြစ်နေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



သီဂီရွှေစင်, Model သရုပ်ဆောင်ပီပီ ဟန်က များပါရဲ့။

"ကျွန်တော်လည်း ခုထာနေ ချိန်းထားတာရှိပါတယ်"

ရိုတ်သင်ထားသည့် ချောကလက်ရောင် မျက်ခုံးတန်း သေးသေးလေးတို့ တွန့်ချိုးသွားလေ၏။ ဒါက ဘာလဲ၊ မကျေနပ်တဲ့သဘောလား။ သူမကိုပဲ သီးသန့်အချိန်ပေးလာတွေ့တာမျိုး မဟုတ်ဘဲ မလွှဲသာမရှောင်သာ လာတွေ့ရပုံမျိုး ဖြစ်သွားတာကြောင့် ဖြစ်မည်ထင်ပါ၏။

"လူကြီးတွေပြောတာကို မင်းလည်းသိမယ်ထင်ပါတယ် သီဂီရွှေစင်"

"အင်း. . . သိသင့်သလောက်တော့ သိပါတယ်"

သိပ်အမှုမထားသလို အချိုးပါပဲလား။ မှန်အပြင်ဘက်မှ ချာတိတ်မလေးတွေက သူမကိုမြင်တွေ့သွားသလို လက်ထဲမှ Hand Phone တို့ဖြင့် ဓာတ်ပုံရိုက်သွားတာကို သူမြင်လိုက်ရသဖြင့် မျက်နှာခပ်အမ်းအမ်းဖြစ်သွားရပါသည်။ ဒုက္ခပါပဲ၊ သူမနဲ့ရောပြီး သူ့ပုံပါ Internet ထဲ ဂျာနယ်ထဲ ပါကုန်မှ အခက်ပါပဲလား။

"မင်းသဘောကရော"





Waiter လာချပေးသွားသည့် အအေးခွက်ကိုမွှေနေရင်း သူမပြန်မဖြေပါချေ။ အနေရခက်လိုက်တာနော်။ အဲဒီလိုမပြော ချင်သလိုပြောချင်သလို ဟန်များတာလောက် ကြည့်မရတာ မရှိတော့။ နှင်းဆိုရင် ယောကျ်ားဆန်ဆန် ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်းပြောတတ်တာကို။

"ယူ့သဘောထားကို အရင်ပြောသင့်တာပေါ့"

သူမျက်ခုံးမြင့်သွားရပါ၏။ ရိုက်ကွင်းထဲ ရှိနေတယ်လို့များ သူမ ယူဆထားလေသလား။ လိုရင်းကိုပြောမှသာ အချိန်မြန်မြန်ကုန်နိုင်မှာလေ။

"ကိုယ်က မိဘတွေလွှတ်လိုက်လို့ မင်းကိုလာတွေ့ရတာပဲ"

သူမ ဟက်ခနဲရယ်လိုက်လေ၏၊ လှောင်သလို မဲ့ပြုံးမျိုး ပြုံးလိုက်သော်ငြား လှပနေသူမို့ ကြည့်ကောင်းနေတာအမှန်ပါပဲ။

"ဒါဆို ယူက တို့ကို အရုပ်ရွေးဖို့ လာကြည့်သလိုဖြစ်နေတာပေါ့ ကိုကျော်ဇေယျာရဲ့"

"ဘယ်လို"

"ဟုတ်တယ်လေ၊ ယူ့မိဘတွေက သူတို့သားအတွက်



www.burmeseclassic.com

www.burmeseclassic.com



အရုပ်ဝယ်ပေးမယ်၊ ကြိုက်လားသွားကြည့်ဆိုလို့ ယူရောက်လာတာမဟုတ်လား။ ကလေးဆန်လိုက်တာရှင်''

အလို! စဖွဲ့ချေပြီပဲ။ သူမကိုများ ငွေနဲ့ပေါက်ဝယ်သလိုမျိုး တင်စားပြောနေပုံက စိတ်ပျက်စရာပါလေ။ ပြည့်စုံကုံလုံတဲ့ အသိုင်းအဝိုင်းက မွေးဖွားလာခဲ့တာမှ ဟုတ်ရဲ့လား သီဂီရွှေစင်။

''အဲဒီလိုတော့မပြောပါနဲ့ သီဂီရွှေစင်''

''အဲဒီလိုမဟုတ်လို့ ဘာဖြစ်နိုင်မလဲ ယူရဲ့။ ယူ့ပုံစံကိုက တို့ကိုစိတ်မဝင်စားဘဲ မိဘသဘောကျ လာတွေ့နေရတာပါဆို''

''ကိုယ်အမှန်အတိုင်း မသိမဝှက်ပြောပြတာပါ သီဂီရွှေစင်။ မေမေတို့စကားကို အမြဲနာခံတတ်တဲ့သားဖြစ်ပေမယ့် ကိုယ့်အိမ်ထောင်ရေးကိုတော့ ကိုယ်နှစ်သက်တဲ့မိန်းကလေးကိုပဲ ရွေးချင်တာ အမှန်ပါ''

သူမမျက်နှာ တစ်မျိုးလေးဖြစ်သွားလေ၏။ မပြောဘူးလို့မှုံသိပ်ထားသော်ငြား သူမ၏ထိမထင်ဟန် မျက်နှာထိမျက်နှာထားက သူ့စိတ်ကို ထိုးဆွပေးနေသလိုလေ။ ကဲ. . . ကိုယ်ကတော့ ပြောမိပြီ နှင်းရေ၊ နောက်ပြဿနာ နောက်မှပဲရှင်းရတော့မှာပါပဲလား။





သူမက နှုတ်ခမ်းတစ်ဖက်တွန့်ရုံ မဲ့ပြုံးမျိုးပြုံးလိုက်ပြန်ပါသည်။ မာယာကြွယ်တယ်ဆိုတာ ဒါမျိုးကိုပြောတာပဲထင်ပါရဲ့။ သူမဘာပဲလုပ်ပြပြ အဲဒီအမူအရာတွေထဲမှာ အဓိပ္ပာယ်တွေ အများကြီးပျော်ဝင်နေတာ အမှန်ပဲကိုး။

''ယူ့ပြောပုံအရဆိုရင် ယူ့မှာ ချစ်သူရှိနေပုံမျိုးပါလားရှင့်''

''ဟုတ်တယ်၊ ကိုယ့်မှာ ချစ်နေရတဲ့သူရှိတာအမှန်ပဲ''

''ဒါဆိုရင်လည်း ဘာဖြစ်လို့ တို့ကိုလာတွေ့နေတာလဲ ကိုကျော်ဇေယျာ။ ယူ့လုပ်ပုံတွေက လွဲနေပြီနော်''

''မလွဲပါဘူး သီဂီရွှေစင်၊ ကိုယ်ပြောပြီးပြီလေ၊ ကိုယ့်မိဘသဘောကျရွေးထားတဲ့မင်းနဲ့ လာတွေ့ရတာပါလို့''

သူမ မရယ်ချင်ပါဘဲ ဟက်ခနဲလုပ်ရယ်လေ၏။ ဒါက သူ့ကိုလှောင်လိုက်တာပေါ့လေ။ နှင်းဆို ဤသို့တစ်ကြိမ်မှ မပြုလုပ်ခဲ့ဖူးပါ။ သူ့အပေါ် သူငယ်ချင်းဆိုတာထက် မဆိုစလောက်လေးလလောက်ကြီးသည့်သူ့ကို အစ်ကိုလိုလည်း လေးစားစွာဆက်ဆံလေ့ရှိတာမဟုတ်လား။ ခုတော့ဖြင့် သူ့ထက် အသက်အများကြီးငယ်သည့်မိန်းကလေး၏လှောင်ရယ်ပြုခြင်းကို ခံနေ



www.burmeseclassic.com

www.burmeseclassic.com



ရပြီလေ။

''ဒါဆို ယူက ငါးရံ့နှစ်ကောင်ဖမ်းချင်တဲ့ယောက်ျားပါ ပဲလား''

''ဘာ!. . .''

''ဟုတ်တယ်လေ၊ ယူ့မှာ နှစ်သက်နေတဲ့သူ ရှိနေပါ လျက်နဲ့ တို့ကိုလာတွေ့တာ ဒီသဘောသက်ရောက်နေတာပေါ့၊ မဟုတ်လို့လား''

''ဒီမှာ သိင်္ဂီရွှေစင်၊ ကိုယ်က မိန်းကလေးတွေကို လို သလို လှည့်ပတ်ကစားတတ်တဲ့ ခပ်ရှုပ်ရှုပ်ကောင်မျိုးမဟုတ်ဘူး အထူးသဖြင့် မိန်းမတွေနဲ့ပတ်သက်ပြီး သိုးသိုးသန့်သန့်အနံ့မထွက် အောင်တောင် နေနိုင်ခဲ့တဲ့သူပါ''

သူမမျက်နှာ ရဲခနဲဖြစ်သွားလေ၏။ အရှိုက်ထိသွား[illegible] သလား။ သရုပ်ဆောင် Model လောကမှာ ဘယ်လိုပဲ နာမည် မပျက်အောင် ထိန်းထားနိုင်ပါစေ၊ ဆန့်ကျင်ဘက်ယောက်ျားသား တို့နဲ့ နီးနီးကပ်ကပ် ပူးပူးကျပ်ကျပ် ဖက်လှဲတကင်းဆက်ဆံမှု ကတော့ သူမထံမှာ အနည်းနဲ့အများ ရှိနေမှာပါလေ။

သူ့ကို အထင်တသေးပြောတာ ခံရတော့လည်း မှ[illegible]





ခတ်တာတ်ပေမယ့် မခံချင်စိတ်နဲ့ပြောထွက်သွားရပေပြီ။ ဘယ်လို လဲ နှင်းရယ်၊ မင်းနဲ့အမြန်ဆုံးတွေ့ချင်စိတ်သာ များနေတဲ့အတွက် ကိုယ့်မှာ ဘယ်လိုအမှားမျိုးတွေ ဆက်ဖြစ်နေဦးမှာပါလိမ့်။

''ယူ့ တို့အလုပ်ကို အမြင်မကျဉ်းပါနဲ့''

''No!...မင်းအထင်မှားနေပြီ သိင်္ဂီရွှေစင်၊ ကိုယ့်ကိုသာ မင်း ဘောင်ခတ်ကြည့်နေတာမို့ Cover ယူလိုက်တဲ့သဘောပါ။ မင်းကိုထိခိုက်စေလိုတဲ့သဘောမျိုးမပါပါဘူး''

''ကောင်းပြီလေ၊ ဒါဖြင့်လည်း ယူသိအောင် တို့ပြော လိုက်မယ်။ တို့က ယူယုဉ်ပြီးရွေးမယ့်အတန်းအစားထဲတော့ အပါ မခံနိုင်ဘူး။ ခပ်ရှင်းရှင်းပဲပြောတာပါ''

''ကိုယ့်နှုတ်က မင်းကိုရွေးပါ့မယ်လို့ ကတိခံလိုက်မိလို့ လား သိင်္ဂီရွှေစင်''

''ဘာရယ်''

''သိပ်သေချာသွားပြီ သိင်္ဂီရွှေစင်၊ မင်းနဲ့ကိုယ်နဲ့ ဘယ်လို မှ Type ညှိယူလို့ရမှာမဟုတ်ဘူး။ စောစောစီးစီးသိလိုက်ရတဲ့ အတွက် ခြေလှမ်းရပ်လိုက်နိုင်တာ Thanks...ပဲ''

''ယူ. . . ယူ. . .''



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာ ရဲရဲနီနေပြီမို့ အတော်လေးဒေါသထွက်
ပြီမှန်း သူသိပါ၏။ သူ့ကိုဒေါသတကြီးဖြင့် အော်လိုက်ချင်
မယ့် ပတ်ဝန်းကျင်မှာ သူမအရှက်ရတာမျိုး မရှိစေချင်သလိုပါ
ဝင်လာခါစကတော့ အိမ်ရှေ့စံမင်းသမီးလေးလို ဝင့်ဝင့်ကြွားကြွ
ဟန်မျိုးက ခုတော့ဖြင့် ပျောက်ကုန်ချေလေပြီ။

''ဒါ တို့ကို ယူ့ သက်သက်အရှက်ခွဲလိုက်တာပဲ ကိုဇေ
ဇေယျာ။ တို့နားမှာ ယူ့ထက်သာတဲ့ယောကျ်ားတွေမှ အများကြီး
ဝိုင်းဝိုင်းလည်နေကြတာပါ''

''ကောင်းပြီလေ၊ ဒါဆိုရင်လည်း အဲဒီမစားရအညွှ
ယောကျ်ားတွေထဲကပဲ မင်းစိတ်ကြိုက်ရွေးပါလေ့။ ကိုယ်ကတော့
အဲဒီအုပ်စုထဲ အုတ်ရောရောကျောက်ရောရော အပါမခံနိုင်လို့ ထ
ပြီ သိုင်္ဂီရွှေစင်။ တစ်ဘဝစာအတွက် Good Bye! ပါ''

သူ ဆတ်ခနဲထရပ်လိုက်ပြီး ကောင်တာမှာ ငွေရှင်း
ဆိုင်ထဲမှထွက်ခဲ့တော့၏။ ဘယ်ကနေ ဘယ်လိုစဖြစ်ပြီး ဒီအ
ထိ ရောက်လာရတာပင် သူမသိတော့ပါလေ။ အိမ်ရောက်ရင်တော
မီးသတ်ဥသြသံလို မေမေတို့ဆူသမျှ နားမခံသာအောင် ကြာ
တော့မှာ အသေအချာပါပဲလား။





လောလောဆယ်တော့ တစ်နာရီလေးပဲဖြစ်ဖြစ် စိတ်ချမ်း
သာရရင် တော်ပါပြီ။ ကိုယ်တို့ ညနေလေး သာယာပါရစေလား
နှင်းရယ်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

''ဟော! ဘယ်သူများလဲမှတ်တယ်၊ သားကိုး''

''နှင်းရှိရဲ့လား အန်တီ''

''အခုလေးတင် ပြန်ရောက်တာသားရဲ့။ ရေချိုးနေတုန်း''

''ဒါဖြင့် မနက်က အလုပ်သွားသေးတာပေါ့လေ။ Sunday ကြီး အန်တီရယ်''

''ပြောမနေပါနဲ့တော့ သားရယ်၊ သားသူငယ်ချင်းက တစ်လမှာ (၃၁)ရက်ရှိတာ မလောက်လို့ (၄၅)ရက်လောက် ဖြည့်ချင်တဲ့လူစားမျိုးကွယ့်။ တစ်ရက် (၂၄)နာရီဆိုတာ သူ့အတွက် မလောက်ဘူးတဲ့လေ''



www.burmeseclassic.com

www.burmeseclassic.com



ကားကို ဆင်ဝင်အောက်မှာပင် ရပ်ထားခဲ့ပြီး တိုက်ထဲသို့ သူဝင်ခဲ့ပါ၏။ မိန်းမသားချည်းပဲရှိသည့်အိမ်ဖြစ်ပေမယ့် သန့်ရှင်းသပ်ရပ်နေတာ မျက်မြင်ပါပဲ။ သူ့ရဲ့နှင်းကတော့ ဒီလိုအိမ်မျိုးကိုဖြင့် ဂါသနာ့ပါပုံမရပါလေ။

''ထိုင်ဦး သား၊ ကော်ဖီပဲသောက်မှာလား''

''ဟုတ်ကဲ့ပါ အန်တီ''

''ဒါဆို ခဏစောင့်ဦးနော်၊ မချစ်ရေ''

''ရှင် . . . မေမေကြီး''

''နှင့်မမကို သွားတက်ပြောချေ။ မောင်ဇေယျာ ရောက်ပြီလို့၊ တော်ကြာ အလုပ်ထိုင်လုပ်နေတာနဲ့ ရှာန့်ဝင်ပြီး ဆင်းလာမှာမဟုတ်ဘူး။ ထမင်းစားဖို့ကိုတောင် သတိပေးပေးနေရတာ''

''ဟုတ်ကဲ့ရှင့်''

ပချစ်က အပေါ်ထပ်သို့ တက်သွားသလို အန်တီမေ (ဒေါ်ရီရီမေ)ကလည်း အိမ်နောက်ဘက်သို့ ဝင်သွားသဖြင့် ဧည့်ခန်းထဲမှာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ရပါ၏။ မကြာခဏရောက်ဖြစ်ပေမယ့် ဒီအိမ်ကို တစ်ကြိမ်မှ ဟုတ်တိပတ်တိ မလေ့လာခဲ့ဖူးပါလေ။





နံရံထက်ဆီမှာ ရှိနေတာက အန်ကယ်နှင့်အန်တီတို့၏ ဓာတ်ပုံများသာ။ နှင်းပုံဆို၍ နှစ်စဉ် ဆုယူခဲ့သည့်ဓာတ်ပုံတို့သာ အတော်များများရှိနေလေ၏။ Phone စင် စားပွဲဝိုင်းလေးများ ထောင်ထားသည့် Photostand လေးကို သူကိုင်ကြည့်လိုက်မိ၏။ အံမယ်! ဒီပုံကတော့ မျက်နှာအနီးကပ်လေး အရိုက်ခံထားတာပါလား။ ကြည့်ရတာ အန်ကယ်ကိုယ်တိုင် ရိုက်ပေးခဲ့တဲ့ ဓာတ်ပုံထင်ပါရဲ့။

''လူရောက်နေပြီ ကျော်ရေ၊ ဓာတ်ပုံကြည့်စရာမလိုတော့ဘူး''

Shower Cream (ရေချိုးဆပ်ပြာခရင်မ်)ရနံ့ကို ရှူလိုက်ရသလိုပင် သူပြုံးလိုက်မိလေ၏။ သူ့သူငယ်ချင်းမကတော့ တွေ့တာနဲ့ ဒဲ့တိုးပြောချေပြီ။ ဓာတ်ပုံကို အသာပြန်တင်လိုက်ပြီး ဆက်တီရှိရာဆီသို့ သူလျှောက်လာခဲ့၏။ နှင်းက စားပွဲထက်သို့ အထုပ်တစ်ထုပ်ကို တင်လိုက်ပြီး ထိုင်နေလေပြီ။

''ရှိုးကတော့ အတော်အများသား။ ဘယ်ကိုဝင်ပြီးမှ ရောက်လာတာလဲ''

''အမှန်အတိုင်းပြောရမှာလား''



www.burmeseclassic.com

www.burmeseclassic.com



"ပြော. . . ငါ့ကိုအမှန်အတိုင်းမပြောချင်လို့ ဘာလဲ၊ လိမ်ပြောချင်တဲ့သဘောပေါ့လေ"

"မဟုတ်ပါဘူး. . . တချို့ကိစ္စတွေက မပြောဖြစ်ရင် ပိုကောင်းမလားလို့ပါ နှင်းရဲ့"

နှင်းက အထုပ်ထဲမှငွေတွေကိုနှိုက်ကာ သူ့ရှေ့မှာ ပုံချပေးလိုက်တာမို့ သူသက်ပြင်းရှိုက်လိုက်မိချေပြီ။ ဒီငွေတွေသာ အကျေဆပ်ပြီးရင် နှင်းနဲ့အကြောင်းမရှိအကြောင်းရှာ ဆက်သွယ်မှုမျိုး သူမရှိနိုင်တော့တာပါလေ။

"မနက်က တိုက်သစ်အပ်လိုက်ပုံပဲ"

"ဟုတ်တယ်၊ ရော့၊ ဒီမှာကျန်ခဲ့တဲ့လက ယူထားတဲ့ သိန်းနှစ်ဆယ်၊ အတိုးဘယ်လောက်ယူချင်သလဲ၊ ပြော"

"မင်းနဲ့ကိုယ့်ကြားမှာ ဒီလိုရှိစရာလား။ လူကို ငွေတိုးချေးစားတဲ့ချစ်တီး မှတ်မနေနဲ့"

"ဘော်ဒါကဗျာနဲ့ စီးပွားရေးက တစ်ကန့်စီပါ ကျော်ရယ်၊ နှင် ငါ့ကိုဒီလောက်ကူညီနိုင်တာကိုပဲ ကျေးဇူးတင်လှပါပြီကျော်ရဲ့"

"သူစိမ်းဆန်လိုက်တာ"





သူညည်းလိုက်သဖြင့် နှင်းက ပြုံးလေ၏။ သူလုံးဝမထိသည့်ငွေထုပ်တွေကို အိတ်ဖြင့်သပ်သပ်ထည့်ပေးနေပြန်သည်။ လူကို ဒါယူပြီး ပြန်တော့လို့ မြန်မြန်နှင်ချင်နေပုံမျိုးဖြစ်နေမလား။

"ကိုယ် သိဂီရွှေစင်နဲ့သွားတွေ့တာ"

နှင်းမျက်နှာ အံ့သြသွားရာမှ သဘောကျသည့်နှယ် ရယ်လိုက်သဖြင့် သွားတန်းဖြူလေးတွေ ပေါ်လာလေ၏။ အမြဲတည်တင်းနေသည့်မျက်နှာလေးက ရယ်လိုက်တိုင်း ချစ်စဖွယ်ဖြစ်သွားတာကို သူအခုသိဆုံးပါလေ။

"ဒါရယ်စရာလား"

"အဲဒီသဘောမဟုတ်ရပါဘူး ကျော်ရယ်၊ အခြေအနေဘယ်လိုလဲ၊ OK...လား"

"မ OK...ပါဘူး"

"ဟင်! ဘာလို့လဲ၊ ဒီလောက်လှတဲ့ပတ Angel လေးကို Heart beat လေးဘာလေး မမြန်ဘူးလားလို့၊ အံ့ပါ"

"နှင်းနော်"

"ဘာတဲ့လဲ ပြောပါဦး၊ ငါက နှင် စေ့စပ်ပွဲဖိတ်စာများ နိုက်ပြီးလောက်ပြီထင်ထားတာ။ သူက ဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမိုက်ပါဘူးကွာ"

"မမိုက်ဘူးဆိုရင် လိမ္မာတာပေါ့ကျော်ရ၊ ဘယ်ဆိုးလို့လဲ"

"နှင်းနော်၊ ဒီမှာညစ်လာတာကို လိုက်ကျပ်မနေနဲ့"

"Sorry! Sorry! နှင့်မျက်နှာ ကြည်လာအောင် ကြည့်တာ"

တကယ်ပင် ရင်ပေါ့သွားရတာ အမှန်ပါလေ။ ရေချိုးပြီးခါစ ဘာမှမလိမ်းခြယ်ထားသည့်နှင်းမျက်နှာလေးက ပြောင်လင်းသန့်ရှင်းနေသလို ဆံပင်အဖျားစလေးတွေမှာ ရေစိုနေပုံကိုကြည့်ကောင်းနေလေ၏။ တခြားမိန်းကလေးတွေလို ဆံပင်ကိုအရှည်ထား၊ ပုံစံအမျိုးမျိုးပြောင်းလေ့ရှိသလိုမျိုး နှင်းမှာ ရှိမနေဘဲ တိုကပ်ကပ်ဆံပင်ထားပုံကိုက စွဲဆောင်မှုတစ်မျိုး ရှိနေတာလေ။

"ညနေစာ ဒီမှာပဲ စားသွားပါလား သား"

"နေပါစေ အန်တီ၊ အားနာစရာကြီး"

"ဒီလူနဲ့ဒီလူ အားနာစရာလား သားရယ်"

ကော်ဖီခွက်လာချပေးရင်း အန်တီကဆိုတော့ နှင်းကို





သူ တစ်ချက်ကြည့်လိုက်မိလေ၏။ တားမြစ်သံထွက်မလာတာမို့ သူ့ကိုစားစေချင်ပုံထင်ပါရဲ့။

"စားရမှာလား"

"သဘောပဲလေ"

"ဘာဟင်းချက်ထားလို့လဲ"

"မှိုစိမ်းချဉ်နဲ့ဝက်သား။ ငါ Request လုပ်လို့ မေမေချက်ကျွေးတာ"

"OK...ကျွန်တော်စားပါ့မယ် အန်တီ"

"ဒါဖြင့်"

"တခြားဘာမှထပ်မချက်ပါနဲ့တော့ အန်တီမေ၊ ရှိတာနဲ့ပဲ စားလို့ဖြစ်ပါတယ်။ ဧည့်သည်မှမဟုတ်တာ"

သူပြောလိုက်ပေမယ့် တခြားဟင်းနှစ်မျိုးလောက်တော့ အန်တီမေ ထပ်ချက်ဦးမှာပါလေ။ မချစ်နှင့်အတူ မီးဖိုခန်းရှိရာဆီသို့ ဝင်သွားပြီမို့ တာဝန်မပိုစေချင်ပါဘူးဆိုမှ သူမျက်နှာပူစရာပါပဲလားနော်။

"မ OK ဘူးဆိုတော့ ကောင်မလေးက ငြင်းတာလား။ နင်က ခေါ်င်းခါချင်တာလား ကျော်"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ခုစလုံးမှန်တယ်"

"ဘယ်လိုကြီးလဲ၊ သူပြောင်းတယ်ဆို ထားပါတော့၊ နှင်းက ဘာလို့ခေါင်းခါချင်ရတာလဲ"

"ငါမှ သူ့ကိုမချစ်တာ"

ဟက်ဟက်ပက်ပက်ရယ်ချလေပြီ။ ဘယ်လိုလဲ၊ ဟိုမိန်းကလေး ရယ်တုန်းက ကြည့်မဖြစ်ခဲ့သည့်သူက အခု နှင်းရယ်မောနေသည်ကိုဖြင့် မကျေမနပ်မဖြစ်တာ အဆန်းပါပဲ။

"Sorry...နော်၊ ငါလှောင်တာမျိုးမဟုတ်ဘူး"

"ဒါဆို ဘာသဘောလဲ"

"ဒီအသက်အရွယ်နဲ့ အချစ်အကြောင်း ဦးစားပေးပြီး ကဗျာဆန်ချင်နေသလားလို့"

"ဪ... ဒီအရွယ်နဲ့ မချစ်ရတော့ဘူးလား၊ ပြောလူဆိုတာ အသက် (၇၈)မှ ဘဝကြေဘာဆို၊ နှင်ဖတ်ဖူးတဲ့စာအုပ်တွေထဲမှာ မမြင်ဘူးလား"

"အင်း... ထားပါတော့"

နှင်းမျက်နှာလေး တည်သွားလေ၏။ သူမှားသွားပြီလားနှင်းရင်ထဲရှိခဲ့ဖူးတဲ့ ချစ်ဦးသူက အခုဆို အသက် (၄၂)နှစ်ရှိနေမှာ





ကို သတိပေးလိုက်သလိုဖြစ်သွားရတာလေ။ Sorry ပါ နှင်းရယ်။ ကိုယ်မရည်ရွယ်ပါဘူး။

"ဒီလိုပုံစံလေးမျိုးက ရှားတယ်ကျော်ရဲ့။ နည်းနည်းပါးပါး ပြေပြေလည်လည်လေး မညှိခဲ့ဘူးလား"

"ဆန္ဒမရှိဘူး"

"အန်တီအေးတို့ ပြဿနာရှာရင် ဘယ်လိုလုပ်မလဲ"

"ယောက်ျားပဲ၊ တိုးတိုက်တိုက် ကျားကိုက်ကိုက် ရင်ဆိုင်ရုံပေါ့"

"အာဂသတ္တိပါလား"

"နှင်းဘော်ဒါပဲလေ"

နှစ်ယောက်သား ရယ်ဖြစ်ကြ၏။ အိမ်နေရင်း အင်္ကျီဘောင်းဘီပွပွလေး ဝတ်ထားတာကသင်္ဂ နှင်းကို (သူ့မျက်စိထဲမှာ) ကြည့်ကောင်းနေတာပါလေ။ မိန်းကလေးဖြစ်ပေမယ့် နှင်းထံမှာ မသိမသာခြယ်သရုံကလွဲပြီး ပြင်ဆင်လွန်းတာမျိုး တစ်ကြိမ်မှမရှိခဲ့ဖူးပါချေ။

"ငါ့လိုတော့ ဒီတိုင်းကြီးမနေသွားချင်ပါနဲ့လား ကျော်"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အထီးကျန်မှာစိုးလို့ သတိပေးရတာ"

"ဘယ်သူက ပြောနေလို့လဲ၊ အချိန်မရွေး မင်းမငြီးငွေ့ရအောင် ကမ်းထားတဲ့လက်က Ready ပဲ"

"ဖွဲ့က မလျှော့သေးပါလား"

"သေမှ"

သူ ကော်ဖီခွက်ယူသောက်စဉ် နှင်းက လက်နှစ်ဖက်ကို အပေါ်မြှောက်၍ အကြောဆန့်လိုက်လေ၏၊ သူ့ရှေ့မှာဖြစ်ပေမယ့် ရှက်ဖို့မလိုဟု နှင်းယူဆထားပုံပါပဲ။

"ဒီအတိုင်းနေသွားလို့ကတော့ လူ့တာဝန်မကျေပွန်တဲ့ လူဆိုပြီး အမြောက်နဲ့အထုခံရလိမ့်မယ် ဦးကျော်ဖေယျာလင်းရေ့ ငါ့လိုခေါင်းမမာချင်နဲ့"

"မင်းတောင်မှ နေနိုင်သေးတာ၊ ကိုယ်က ဘာလို့မနေနိုင်ရမှာလဲ။ ဆန္ဒပြတယ်ဆိုတာ အုပ်စုတောင့်မှဖြစ်မှာပေါ့နှင်းရဲ့"

"ဟာဟာ! ငါ့ရင်ဆိုင်ရတာက မေမေတစ်ယောက်တည်း ရှိတာပါ ကျော်ရာ။ ငါက Minor ပဲ။ နှင်းသာ ဦးဦးနဲ့ အန်တီတို့ လက်ထဲမှာ ငါးဖယ်တေ အတောမခံရစေနဲ့၊ သဘောပေါက်"

"ကိုယ့်ကို အဲဒီလိုမထိနိုက်စေချင်ရင် မင်းကယ်ပေး





"အမ် . . . ဘယ်လိုကယ်ရမှာလဲ"

"စာချုပ်စာတမ်းနဲ့ လက်မှတ်ထိုးပြီးတော့လေ"

"သေဦးမယ်"

"သမီးရေ့ စားကြစို့ သားကိုခေါ်လာ"

အန်တီမေ့အသံကြောင့် နှင်းက သူ့ကိုမျက်ခုံးပင့်ပြလေ၏။ လက်ထပ်ချင်တယ်ပြောတာကို မသိချင်ယောင်ဆောင်သွားတာက ပညာသားပါလှချည်လား နှင်းရယ်။

"ကဲ! ညနေစာလေး မိုက်ဝအောင် စားကြစို့၊ လာ၊ ကျော်"

"ဟိုမြေကွက်အခြေအနေ ဘယ့်နှယ်လဲ"

"ငါ တစ်ကွက်ရလိုက်တယ်"

"နောက်တစ်ကွက်ကကော"

"အဲဒါကို တစ်ဦးရသွားတယ်လေ၊ ဟင်း . . . နှစ်ကွက်လုံးရမှ ဆေးရုံ၊ Shopping mall ကွန်ဒို တစ်ခုခု ဆောက်လို့ရမှာ"

"မဖြစ်ရင် ပြန်ရောင်းလိုက်ပါ နှင်းရာ၊ မင်းငွေ အလကား မြုပ်နေမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . အခြေအနေစောင့်ကြည့်လိုက်ဦးမယ်လေ။ ကြေးမြင့်ရင်တော့ ပြန်ထုလိုက်မယ်၊ နမြောတယ် ကျော်ရဲ့၊ အဲဒါက အချိုကြီးမြတ်မယ့်ကိစ္စ၊ အဆောက်အဦးသာ အပြီးသတ်နိုင်ရင် သိန်းထောင်ချီရမှာ"

"လောဘကို စွန့်ဦး"

နှင်းခေါင်းကို သူ အသာထုမိတော့ ပြုံးပါလေ၏။ နှစ်ယောက်သားတွေ့လိုက်ရင် အလုပ်ကိစ္စအကြောင်းသာ အများဆုံး ပြောဖြစ်တာလေ။ နှင်းရယ်. . . ကိုယ့်ကိုရင်ခုန်စရာအဖြစ် မြင်ကြည့်တတ်ပါတော့လား။

"ထိုင်လေ သား၊ အဆင်ပြေပါ့မလားမသိဘူး။ ကမ်း ကတန်းစီစဉ်လိုက်ရတော့လေ"

"ရပါတယ် အန်တီရယ်၊ ကျွန်တော်က ဧည့်သည်မှမဟုတ် တာ"

"ဟုတ်ပါရဲ့"

"မေမေ၊ ကျော့်ကို ဘယ်တုန်းကမွေးစားလိုက်တာလဲ"

"ဟဲ့! . . ."

သူက နှင်းနောက်တာကို သိပါ၏။ အန်တီမေက လျှ





ဒီ ဘာမှန်းမသိပေမယ့် နှင်းက သူ့ကို အန်တီမေ့ရဲ့သမီးထက် ပိုချစ်တာကို မနာလိုမှန်း သူသိတာလေ။ မျက်စောင်းမထိုးစဖူး ထိုးလိုက်တာကိုလည်း သူနှစ်သက်ပါ၏။

အဲဒီညနေဘက်မှာ အဓိကဟင်းလျာဖြစ်တဲ့ မျှစ်ချဉ်နဲ့ ဝက်သား၊ ဖလံတောင်ငွေးနဲ့ပုစွန်ကြော်၊ ပုစွန်ငါးပိထောင်းစပ်စပ်လေး၊ ကြက်ရိုးနှင့်မုန်ညင်းရွက်ဟင်းချိုက သူ့အတွက် စားလို့ အမြိန်ဆုံးဖြစ်ခဲ့တာအမှန်ပါလေ။

ဟင်းတွေကို တစ်ခုပြီးတစ်ခု အန်တီမေက သူ့ပန်းကန်[ထဲ] ထည့်ပေးတာကိုမြင်တော့ နှင်းက သူ့ကိုမျက်စောင်းထပ်ခဲ[ထိုး]လိုက်သလို တို့စရာပန်းကန်ထဲမှ မြင်းခွာရွက်နှင့် ငရုတ်စိမ်းတောင့်[တွေ]ကိုယူ၍ သူ့ထမင်းပန်းကန်ထဲ ပုံထည့်ပေးသော်ငြား စိတ်ဆိုးဖြစ်ခဲ့ပါချေ။

ဩော်. . . နှင်းရယ်။

⅄ ⅄ ⅄



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၀)

"ဒီနေ့ရော နောက်ကျဦးမှာပဲလား"

Breakfast ဝိုင်းမှာထိုင်တာနှင့် မေမေ့မေးခွန်းကြောင့် ချွန်မမျက်နှာ ပြုံးမိသွားရပါ၏။ ဒီအမေကတော့ ဒီသမီးတစ်ယောက်ကို မျက်စိဒေါက်ထောက်ပြီး ကြည့်ပြောနေတာပါပဲလား နော်။

"မိုးမချုပ်ပါဘူး မေမေရာ"

"မိုးမချုပ်ဘူးဆိုတော့ ဘယ်နှနာရီတုန်း"

"(၈)နာရီလောက် ပြန်ရောက်မှာပေါ့"

"ဒါလား မိုးမချုပ်တာ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ခေါက်ဆွဲခြောက်အချောင်းလေးတွေကို ဝက်နံရိုးဖြင့်ပြုတ်ထားပြီး မုန်ညင်းရွက်လေးတွေ ဖြတ်ထည့်ထားသည့် ခေါက်ဆွဲပြုတ်ပန်းကန်လုံးကို ကျွန်မရှေ့မှာ ချပေးလိုက်လေ၏ ကျော်သာဆို ကြိုက်လိုက်မယ့်ဖြစ်ခြင်း။

''သားဇေ အိမ်ထောင်ဘက် သွားတွေ့တယ်ဆို''

''မေမေက အိမ်ထဲနေပြီး ဘယ်လိုသတင်းရတာလဲ''

''ဟိုနေ့က ဈေးမှာ မမအေးနဲ့တွေ့လို့ပြောတာကိုး သမီးရဲ့''

''အဲဒီတော့''

စကားဆက်ရန် လမ်းကြောင်းပေးလိုက်မိလေ၏။ မေမေက စကားပြောနည်းသူဖြစ်ပြီး ပြောစရာအကြောင်းအရာရှိမှသာ ပြောလေ့ရှိတာလေ။ အခုလည်း ကျော့်မေမေနှင့်ဆုံခဲ့တာ ဘာမခံချင်စရာတွေ ဖြစ်ခဲ့လဲမသိတာကိုး။

''သားဇေတော့ အဆင်ပြေပြီတဲ့၊ ရှိသမီးရော ဘယ်လို လဲလို့မေးတယ်''

''မေမေက ဘာပြောလိုက်လဲ''

''ပြောစရာမှမရှိတာ၊ ဒီတိုင်းငြိမ်နေရတာပေါ့''

ရွှေပဒေသာစာပေ



မေမေ့မျက်နှာ အနည်းငယ်မကောင်းတာကို ကျွန်မသိနေပါ၏။ ဟိုဘက်က သားကိုစွကြွားနေပေမယ့် ဒီဘက်က သမီးကိုစွကြွားစရာက ရှိမှမရှိတာကိုး။ လစဉ် ရတနာပစ္စည်းတစ်ခုစီ မေမေ့အတွက် ငယ်ပေးနေသည့်ကျွန်မက ဒီလ မေမေ့အတွက် ဘာမှမဝယ်ပေးရသေးတာကို သတိရသွားပါ၏။

''မေမေ ဘာလိုချင်လဲ''

''မေမေ့အတွက် ဘာမှမလိုပါဘူး၊ သမီးအတွက်ပဲ ရှာပါ အနှင်းရယ်''

''ဟော! သမီးက ဒီလ မေမေ ဘာကျောက်ပါတဲ့ပစ္စည်း လိုချင်လဲလို့မေးတာကို''

''စကားမလွှဲချင်ပါနဲ့အေ၊ မေမေက သမီးကိုမွေးထားတဲ့ မအေပါ''

''အူမချေးခါး သိတယ်ပေါ့လေ''

မေမေက ကျွန်မကိုမျက်စောင်းခဲလိုက်ပြီး ရေဖန်ခွက် ထည့်ပေးလေ၏။ ခေါက်ဆွဲပြုတ်ပူပူနွေးနွေးလေးက အရသာရှိစွာဖြင့် ကျွန်မကို မနက်စာ ဗိုက်ဖြည့်ပေးလိုက်လေသည်။

''ဒီအတိုင်းပဲ နေသွားတော့မှာလား''

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဒီလိုမနေလို့ ဘယ်လိုနေရမှာလဲ မေမေရဲ့။ ဘာလဲ၊ မေမေ့လို တရားစခန်းလိုက်ဝင်နိုင်ဦးမလို့လား။ မဖြစ်ဘူးနော်၊ သမီးဦးနှောက်က တရားမှတ်ဖို့ထက် ကိန်းဂဏန်းတွေဆီမှာပဲ အာရုံရတာ''

''ပြောပြန်ပြီ၊ မေမေပြောတာ သမီးအိမ်ထောင်ပြုသင့်ပြီလို့''

''လုပ်ပြီ၊ သမီးမှစိတ်မဝင်စားတာ မေမေရယ်''

''သမီးရှာဖွေနေတဲ့ငွေတွေက သေရင်ပါသွားမှာမဟုတ်ဘူး''

ကဲ!စကားကြောက ရှည်နေလေပြီ၊ လက်မှနာရီကိုကြည့်ရင်း ခေါင်းခါလိုက်မိသည်။ မေမေနှင့်ဆက်ဆွေးနွေးဖို့ အချိန်မရတော့ပါလေ။

''ဒါဖြင့်လည်း မေမေရှာပေးလေ''

''ကြည့်! ''

''မရှာပေးနိုင်ဘူးမဟုတ်လား။ ဒါဆိုလည်း မပြောချင်ပါနဲ့တော့''

''ရှာလာပေးရင်လည်း ချေးက များဦးမှာလေ''





''မေမေသိရင် ပြီးတာပဲ၊ သွားတော့မယ်''

ခုံမှထရပ်လိုက်ချေပြီ။ ဘေစင်မှာ လက်ဆေး ပလုပ်ကျင်းအလုပ်ကို ခပ်သွက်သွက်လုပ်လိုက်ပြီး ဦးဖြိုးသန့်ရှင်းပေးထားသည့်ကားကို မောင်းထွက်လာခဲ့ပါ၏။ သမီးကို အိမ်ထောင်ပြုစေချင်သည့်မေမေ့ကဗျာ ရှေ့ရေးကိုကြိုတွေးထားပါရဲ့လား။ 'သျှောင်နောက် ဆံထုံးပါ' ဆိုသလို မိန်းမဖြစ်သူက ယောကျ်ားနောက် ပါသွားရရင် မေမေတစ်ယောက်တည်း ဘယ်လိုနေမှာတဲ့ဂ...

ဒီနေ့ခေတ်ကာလမှာတော့ သားသမီးတွေ'အိမ်ခွဲနေကြတာ လူတိုင်းလိုလိုပါပဲ။ ဒါဆိုလည်း ဘာထူးမှာလဲ၊ မေမေတစ်ယောက်တည်း အထီးကျန်ထားခဲ့ရဦးမှာပဲလေ။ ရင်မောတယ် မေမေ၊ ကျွန်မဘဝရှေ့ရေးထက် မေမေ့အတွက် ပိုရင်မောနေတာကို မေမေသိပါ့မလား။

အတွေးဆိုတာ ရေ့ကိုဆန့်ချင်သလောက် ဆန့်လို့ရနိုင်သေမယ့် ဘာမဆိုကြိုသိကြိုမြင်လေ့ရှိတဲ့ကျွန်မအဖို့ကတော့ ရင်ဆိုဝရာတွေချည်းဖြစ်နေတာ အမှန်ပါပဲ။ မေမေ့ကိုလည်း မထားခဲ့နိုင်ဘူး၊ ကျွန်မလည်း မေမေ့ရင်ခွင်ထဲကနေ ဘယ်ကိုမှထွက်



www.burmeseclassic.com

www.burmeseclassic.com



မသွားနိုင်ပါဘူး။

အချစ်ဆိုတာကို ရှိသင့်သလောက်ရှိပြီးခဲ့ပြီမို့ အဲဒီအချစ်ထဲမှာ နောက်ထပ်စိတ်ကူးယဉ်ပျော်ဝင်ဖို့ မလိုတော့ပါဘူး။ ကျွန်မရဲ့ချစ်ခြင်းကို ယနေ့တိုင် စောင့်ဆိုင်းနေတဲ့ကျော့်ကို အားနာသမှုဖြစ်ပေမယ့် အချစ်က အားနာခြင်းမှမဟုတ်တာလေ။

"တီ!"

"ကျစ်!. . . လုပ်လာပြန်ပြီ"

နောက်ကားမှဟွန်းသံကြောင့် သတိဝင်သွားရပါ၏။ ဟိုချာတိတ်တော့ ဖာတ်လမ်းစနေပြန်ပြီကိုး။ နှစ်ပတ်လောက် ပျောက်နေပြီး ဘယ်ကနေဘယ်လို ပြန်ပေါ်လာပါလိမ့်နော်။

"မ. . ."

ကားမှန်ကိုချထားတာမို့ သူလှမ်းအော်နေတာကို အတိုင်းသားကြားနေရပါ၏။ ငါနော်. . . မောင်းနေတဲ့ကားနဲ့ ပစ်ဆောင့်လိုက်ရ မကောင်းလို့။ ဘယ်ဘာဝရေစက်ကြောင့်မှန်းကိုမသိ၊ နည်းနည်းလေးမှကြည့်မရပါဘူးဆိုနေမှ တွေ့ရပြန်ချေပြီ။

"မ. . ."

ကားကို လမ်းဘေးမှာ ရပ်လိုက်တာမို့ သူ့ကားက ရှေ့





ကိုအနည်းငယ်ကျော်သွားပြီးမှ ရပ်သွားလေ၏။ ကားပေါ်မှ ရွှင်မြူးတက်ကြွစွာ ဆင်းလာသည့်လူငယ်လေးကို စိတ်ပျက်စွာဖြင့် ကြည့်နေမိသည်။ ဒီအရွယ် ဒီ Style ကို မိန်းကလေးအတော်များများ မျက်စိကျကြမှာ အမှန်ဖြစ်ပေမဲ့ ကျွန်မမြင်ကွင်းထဲမှာတော့ ကြက်ခြေခတ် Cross ပါပဲ။

"ဘာလဲ"

"အား. . . ဆက်ဆံရေးကလည်း ကုန်စိမ်းကားပေါ်တင်လာတဲ့ ဆလတ်ရွက်ကြီးအတိုင်း စိမ်းစိမ်းကားကားကြီးပါပဲလားကွာ။ လေသံကို နည်းနည်းလျှော့ဦးမှပေါ့ 'မ'ရဲ့"

သူက ကျွန်မကားပြတင်းပေါက်ကို လက်ထောက်လျက်မင်းသား Style ဖမ်းကာ ပြောလိုက်လေ၏။ ပုံစံကတော့ အမိုက်စားပါပဲ။ Sport Shirt အဖြူကို Style Pants အနက်ရောင်နှင့်တွဲဝတ်ထားတာမို့ ငယ်နုသည့်ပုံစံနှင့်လည်း အံကိုက်ပြီး ကြည့်ကောင်းနေတာ အမှန်ပါလေ။

ခက်တာက ကျွန်မလို အချိန်လုပြီးအလုပ်လုပ်နေတဲ့လူအတွက် အနှောင့်အယှက်ဖြစ်နေရတာပါပဲ။ ဘယ်လိုဖြစ်ပြီးဒီကောင်လေး ဒီလို ကျွန်မရှေ့ပေါ်လာသလဲမပြောတတ်မသိဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



စွတ်အလိုလိုက်ထား၍ ဆိုးချင်တိုင်းဆိုး၊ လုပ်ချင်ရာလုပ်လေ့ရှိသည့် တစ်ဖွတ်ထိုးဥာဉ်က မြင်ရုံနှင့်သိသာလွန်းလေ၏။

''ဒီမှာ ငါက မင်းလိုအလုပ်မရှိအကိုင်မရှိ လမ်းပေါ်သဝေထိုးနေတဲ့ (၁၀၉)(၁၁၀)မဟုတ်ဘူးကွ။ မင်း တော်ရုံပဲနှောင့်ယှက်ပါ''

''မောင်က 'မ'ကို ဘာများနှောင့်ယှက်နေလို့လဲ၊ ပြောပါဦး''

ကြည့်စမ်း! သူ့ကိုယ်သူများ 'မောင်'တဲ့၊ ခွဲပြစ်ပြစ်အပြောနဲ့ ညှုတုတုအကြည့်က ဆန့်ကျင်ဘက်ကတ္တီယတွေကို ပျော်ကျအောင် ဖွဲ့ဆောင်နိုင်ကောင်းရှိပေမယ့် ကျွန်မက အသည်းမာသူကိုး။

''ငါပြောနေတာကို မင်းသာ မိကောင်းဖခင်သားသမီးဆိုရင် နားလည်တယ်၊ အသိတရားနဲ့ဆင်ခြင်နိုင်တယ်၊ သိရဲ့လား''

ကဲ! လေလုံးကြီးကြီးနဲ့တော့ ထုမိချေပြီ။ ဒီကောင်လေးကို ဒီလိုပြောနေတာတောင်မှ အမှတ်သညာမရှိဖြစ်နေတာလေ။ ဟိုတစ်ခါ ကားနဲ့ပွတ်မိကတည်းက သူ့ခြေထောက်နှစ်ချောင်း





မှမှကြေအောင် ဘာလို့မတိုက်မိခဲ့ပါလိမ့်ဟု နောင်တက ဖြစ်လေ၏။ ကျွန်မတော့ အကုသိုလ်ရှာမိနေပြီထင်ပါရဲ့။

''မောင်က မိကောင်းဖခင်သားသမီးပါ 'မ'ရဲ့။ ဘောင်ခတ်ပြီး မမြင်ချင်ပါနဲ့။ မောင့်မိဘတွေက. . .''

''ငါစိတ်မဝင်စားဘူး။ မင်းရဲ့အရည်မရအဖတ်မရ တောင်စဉ်ရေမရစကားတွေ နားထောင်ဖို့ အားနေတဲ့လူမဟုတ်ဘူးကွ''

''မောင်က 'မ'ရဲ့အချစ်ကို ရချင်တာလေ''

ကျွန်မမျက်နှာ အတော်ပူသွားရပါ၏။ မှားတာ. . . ငါကိုက မှားတာ။ သူနှောင်ယှက်တာနဲ့ ကားကို လမ်းဘေးချရပ်လိုက်မိတာလေ။

''သွားသေလိုက်''

''မသေပါရစေနဲ့ဦး 'မ'ရဲ့၊ မောင့်အသက်က အခုမှ (၂၂)နှစ်လေး ရှိသေးတာ''

''ဒီအရွယ်လည်း သေပင်းက ခေါ်ချင်ခေါ်မှာပဲ၊ ငါ့မျက်စိရှေ့က မြန်မြန်ပျောက်သွားမှ အေးမှာ။ ဖယ်!''

'''မ'ကျွမ်းကို မောင်လာလည်မယ်နော်''

''အံမာ. . . ရာရာစစ ဘာလာလည်မယ်လဲ၊ ငါ့လုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်နေတဲ့နေရာမှာ မင်းနဲ့အလာပသလာပတွေ မပြောနိုင်ဘူး။ သော မရှုပ်နဲ့"

"ဒါဆိုလည်း အိမ်ကိုပဲ လာလည်မယ်ဗျာ၊ နော်"

"တောက်! မင်းနော်. . . မင်း"

"ဘိုင့်! 'မ' . . . See you..."

သူ့အနည်းငယ် နောက်ကိုဆုတ်လိုက်သည်နှင့် ကားကိုမောင်းထွက်လိုက်မိ၏။ လာလာချည်သေး။ ကုမ္ပဏီကို လာမလို့ဆိုပဲ။ ကိစ္စမရှိ၊ ဂိတ်စောင့်ကို မှာထားရင် တော်ရုံညည့်သည်က ကုမ္ပဏီထဲ ဝင်လာမှာမဟုတ်ဘဲကိုး။ ဒါဖြင့် အိမ်ကိုသွားရင်ကော။

ဘုရားရေ! နဂိုကမှ မေမေဟာ ကျွန်မအတွက် ပူပန်နေတာ။ ဒီချာတိတ်သာ အိမ်ဝင်ထွက်ပြီး မေမေနဲ့ရင်းနှီးသွားလို့ကတော့ သွားပြီပဲ။ မေမေက အစကတည်းက သားအရွယ်တွေဆို ချစ်ပါဘိသနဲ့။ ခက်ဦးတော့မည်။

ကားကို ဝင်းထဲမောင်းခဲ့ပြီး ရပ်လိုက်၏။ ဂိတ်စောင့်ကို ကြိုမချိန်းထားဘဲ ဘယ်သူ့စိမ်းကိုမှ အဝင်မခံရန်မှာပြီးမှ အပေါ် ထပ်သို့တက်ခဲ့ပါ၏။ ရုံးထဲမှာ လူကစုံနေပြီပဲ။

"မမ စောသားပဲ"





"မစောဘူး၊ (၁၀)မိနစ်နောက်ကျနေတာ ပွဲရုံ့ရှေ့ လမ်းမှာ အနှောင့်အယှက်နဲ့တိုးနေလို့"

"မီးပွိုင့်လား"

"အေး"

စကားမဆက်ချင်တာနဲ့ မြန်မြန်ဖြတ်လိုက်မိ၏။ စားပွဲပေါ်လာပို့ထားသည့် File တွေကို စစ်ရမှာ မနည်းမနောပါပဲလား။ ကုမ္ပဏီပိစိလေးတောင်မှ မျက်ဖြူစိုက်နေရင် ကျော်တို့လို Heavy ကြီးကိုသာ ဦးစီးရရင် အလုပ်ပိဖို့ပဲမြင်တော့တာလေ။

"မမ"

"ဘာလဲ"

"ဟိုတစ်ပတ်က ရထားတဲ့မြေကွက်ကို မှုံက အတင်းလိုက်ငယ်နေတယ်"

"အေး. . . ငါသိတယ်"

"မမပြန်ရောင်းမှာလား"

"မရောင်းပါဘူး ဘာကိစ္စနဲ့ရောင်းရမှာလဲ။ ငါမှာ မနည်းကြီး ငွေလိုက်ထားရတဲ့ဟာ"

"တစ်ဝက်နဲ့ ဘာမှမဖြစ်ဘူးလေ မမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါသိပ်တယ် ပုံပုံရယ်"

"ဟိုဘက်ကို ရွှေ့ဝင်ကရသွားတာဆိုတော့ မမသိက မရ ရအောင် လိုက်ဝယ်မှာ မမရဲ့။ သူတို့က ငွေမြှုပ်နိုင်တယ်လေ"

သာလိကာမလေးလို စကားများသည့်ပုံပုံကို ကျွန်မ ဘာမှမပြောဘဲ လက်မှတ်ထိုးပြီး File ကိုပိတ်ကာ ပြန်ပေးလိုက်ပါ၏။ ပုံပုံက ချက်ချင်းထွက်မသွားသေးဘဲ အနီးမှာ ရပ်နေတုန်းဆို မျက်ခုံးပင့်ပြလိုက်ပါသည်။

"မမစိတ်မဆိုးဘူးဆိုရင် ပြောချင်တယ်"

"What? "

"အဲဒီမြေကို လက်လွှတ်ဖို့ပါ၊ မမမှာ လုံးချင်းတိုက်တွေ လက်ခံထားတာ အများကြီးရှိနေတာပဲလေ"

"နင်က လူကြီးလား၊ ငါက လူကြီးလား"

"ပုံက မမစိတ်ဆင်းရဲမှာစိုးလို့ သတိပေးမိတာပါ"

လက်ကိုခါကာ ထွက်ခိုင်းနေပြီမို့ ပုံပုံအသာခေါင်းငုံ့လျက် ထွက်သွားလေ၏။ ဟုတ်သားပဲ၊ ကျွန်မလက်ခံထားတဲ့တိုက်က လက်ရှိ (၇)လုံးလောက် ရှိနေသေးတာလေ။ လုံးချင်းတိုက်ဆောက်ရတာကို ကျွန်မကိုယ်တိုင် Drawing ဆွဲပြီး စိတ်တိုင်းကျလုပ်ရ





တာမို့ သိပ်နှစ်သက်ပါ၏။ သို့သော် ဘာကြောင့်မှန်းမသိ၊ ဒီမြေကွက်ကိုစွန့်ဖို့ကိစ္စမှာ ကျွန်မခေါင်းမာချင်နေတာ အမှန်ပါလေ။

ခဏအကြာမှာ ကျွန်မရုံးခန်းထဲသို့ ရောက်ရှိလာသည့် ပန်းခြင်းကြီးကြောင့် စိတ်တိုသွားရပါ၏။ ပန်းမကြိုက်တဲ့မိန်းမကို ပန်းခြင်းပို့ပေးပြီး ချည်းကပ်ပုံက တလွဲဖြစ်နေပြီ 'နန္ဒမောင်'ရေ၊ ပန်းနံ့တွေကြောင့် ခေါင်းပါမူးလာတာမို့ စိတ်မြန်မြန်ဖြင့် ထိုပန်းခြင်းကို အမှိုက်ပုံးနားမှာ ပြီးစလွယ်ပစ်ချထားလိုက်တော့၏။

Go...တော့ နန္ဒမောင်။

⅄ ⅄ ⅄



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

File တွေ တစ်ထပ်ကြီးပိုက်၍ဆင်းခဲ့စဉ် Phone မြည်သံကြောင့် လန့်သွားရပါ၏။ ည (၇)နာရီကျော်နေတာတောင်မှ ဘယ်သူများ Phone ဆက်တာပါလိမ့်နော်။ လာနေကျနံပါတ်လည်းမဟုတ်တာမို့ တအံ့တသြ။ အင်းလေ. . . ကျွန်မဆီ အလုပ်အပ်ချင်သည့်သူဌေးတွေလည်း ဖြစ်ကောင်းဖြစ်နိုင်တာပဲ။

''ဟဲလို''

''အသံလေးက ချိုလိုက်တာ 'မ'ရာ''

''ဘာ! တောက်!. . . မင်းဘယ်လိုလုပ်ပြီး ငါ့ Phone number ကို ရသွားတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲစုံစမ်းရတာပေါ့ 'မ'ရဲ့။ နာမည်လည်းသိ၊ ကုမ္ပဏီလည်းသိ၊ အိမ်လည်းသိနေမှတော့ Phone နံပါတ်ရာဖို့ အလွယ်လေး. . . အေးဆေးပါ"

"ရှုပ်ရှုပ်ယှက်ယှက် ဘာကိစ္စနဲ့ Phone ဆက်ရတာလဲ"

"မနက်က မောင်ပို့လိုက်တဲ့ပန်းခြင်းလေး ရရဲ့လား။ 'မ' ကြိုက်လားဟင်"

ကျစ်! အတော်လျှာရှည်တဲ့ကောင်လေးပါပဲလား။ အလုပ်ရှုပ်နေတာသိလျက်နဲ့ ဒုက္ခပေးပြန်ပြီလေ။ ပန်းမကြိုက်တဲ့မိန်းမကို ပန်းခြင်းပေးပြီး ညှို့ယူစေနိုင်းနေပါလား။ နန္ဒမောင်, မင်းတို့ ငါကြည့်မရပါဘူးဆိုနေမှ မင်းတော့ သေဦးတော့မှာပဲ။

"ငါက ပန်းကြိုက်တဲ့မိန်းမမဟုတ်ဘူး"

"ဟောဗျာ"

"အေး. . . ပန်းမကြိုက်လို့ဆိုပြီး တခြားပစ္စည်းတွေ မင်းကိုမျက်စိကျဖို့ ငါ့ကို ကပ်ဖားယပ်ဖားလုပ်မယ်မကြံနဲ့ကွ"

"အားပါးပါး. . . 'မ'ကလည်းဗျာ၊ မောင်က အခုမှ ရှ လုပ်မှာစရုံရှိသေးတဲ့ဟာကို။ အဲဒီလိုတော့ Form မပိတ်လိုက် လေဗျာ"





"ဒီမှာ၊ ငါက ငါ့ကိုစိတ်ဝင်စားကြပါဆိုပြီး နဖူးပေါ်မှာ မင်းတို့လိုယောက်ျားတွေအတွက် Welcome ဆိုပြီး စာကပ်ထားတဲ့မိန်းမမျိုးမဟုတ်ဘူးကွ။ အဓိပ္ပာယ်မရှိဟာတွေ လျှောက်လုပ်မနေနဲ့။ ဒါပဲ"

Phone ကိုပိတ်လိုက်စဉ် အသံက ထပ်မြည်လာတာမို့ Phone နံပါတ်ကို တစ်ချက်ကြည့်လိုက်ပါ၏။ ကောင်စုတ်ကောင်နာလေး၊ ဒင်းမို့ အားအားလျားလျား ငါ့ Phone ကိုဆက်နေရတယ်လို့။ မကိုင်ဘူးဟယ်။

ကားကိုမောင်းထွက်ခဲ့သည်အထိ အဆက်မပြတ်ခေါ်နေသည့် Phone ကို မျက်စောင်းခဲလိုက်မိပါသည်။ ကျွန်မဆီ ခေါ်သမျှ Phone တိုင်းက အလုပ်ကိစ္စနှင့်ပတ်သက်ပြီး (ကျော်မှလွဲ၍) အရေးတကြီးတွေကြောင့်မို့ တော်ရုံတန်ရုံ Phone ပိတ်ထားလေ့မရှိပါ။

သူများတွေသာ ညအိပ်ခါနီး Phone ပိတ်ပြီးအိပ်တတ်သော်ငြား ကျွန်မကတော့ Bettery အားသွင်းချိန်မှသာ Phone နှင့်ခပ်ဝေးဝေးနေဖြစ်တာပင်။ (၁၅)မိနစ်ကျော်ကျော် ဖုန်းမြည်သံ ဘ ရပ်သွားပြီမို့ မဲ့ပြုံးပြုံးလိုက်မိလေ၏။ မင်းရဲ့ဖွဲ့လောက်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ငါ့အဖို့အပျော့လေးပါပဲ နန္ဒမောင်ရယ်။

မီးပွိုင့်မှာ ကားရပ်ရစဉ် Phone သံ ထပ်မြည်လာပြန်တာမို့ နားကျပ်ကိုတပ်လိုက်ပြီးမှ Phone ဖွင့်လိုက်ပါ၏။ ဒါကတော့ ကျော့် Phone ဖြစ်နေတာလေ။

"ကျော်. . . ပြော"

"ဘယ်သူနဲ့ Phone ပြောနေတာလဲ"

"မပြောပါဘူး"

"မပြောဘူးသာဆိုတယ်၊ ကိုယ်ခေါ်နေတာ ကြာလှပြီ မရဘူး"

ကျွန်မ ရယ်လိုက်ပါ၏။ ဟိုကောင်လေး Phone ခေါ်နေတဲ့အချိန်နဲ့ တိုက်ဆိုင်သွားတာကိုး။ ဒီသူငယ်ချင်းကလည်း တစ်ရက်တစ်ခါ Phone မပြောရရင် မကျေမချမ်းဖြစ်နေတာလေ။

"ဘာရယ်နေတာလဲကွ"

"သူများခေါ်တာနဲ့ တိုက်သွားလို့ ကျော်ရယ်"

"ဟော! ခုနတုန်းကတော့ ဘယ်သူနဲ့မှမပြောဘူးဆို"

"ဟုတ်တယ်၊ စောစောကလေးတင် ပြောတာပါ ကျော်ရာ"





"ဘယ်သူလဲ"

"အလကားပါ"

"နှင်းနော်၊ မင်း ဘယ်သူနဲ့မှ အဓိပ္ပာယ်မရှိ Phone ပြောမှာမဟုတ်မှန်း ကိုယ်သိပြီးသား။ ပြော၊ ဘယ်သူလဲ"

"ချာတိတ်"

"ဘာ! ဘယ်က ချာတိတ်လဲ"

"ဩော်. . . ဟိုတလောလေးက ကားနဲ့ပွတ်မိတဲ့ ချာတိတ်ပါ ကျော်ရယ်၊ ဘာမှမဟုတ်ဘူး. . . အလကား"

ကြည်စမ်း! ပြောတော့ဖြင့် အလကားဘာမှမဟုတ်ဘူးတဲ့။ ပေါ့ပေါ့လေးပြောလိုက်သလိုပါပဲလား။ သူဒီလောက်စိတ်ပူပြီး အဲဒီကောင်လေးနဲ့နှင်းကို သိုတ်ချင်နေတာမို့ ကြိုပြောထားပါလျက် နှင်းကတော့ အတော့်ကိုစိတ်အေးလက်အေးဖြစ်နေတာ အမှန်ပါလေ။

"ကိုယ်ပြောထားတယ်မဟုတ်လား၊ အဲဒီကောင်လေးနဲ့ ကင်းကင်းနေပါလို့ နှင်းရယ်"

"ငါက နေတာပဲလေ၊ သူ့ဘာသာသူ ရှုံးခန်းထဲထိ ပန်းခြင်းလာပို့တာတော့ ဘယ်တတ်နိုင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို! ပန်းခြင်းပို့တယ်"

"အင်း"

"နှင်းက လက်ခံလိုက်တာပဲလားကွာ"

"အမယ်လေး ကျော်ရယ်၊ ငါက ပန်းမှမကြိုက်တဲ့ဟာ"

"ဒါဖြင့် အဲဒီပန်းခြင်းရော"

"စည်ပင်ကားပေါ် ပါသွားလောက်ပြီပေါ့ ကျော်ရ။ အခုပဲ ည (၈)နာရီထိုးတော့မှာကို"

သူ အတော်လေးကျေနပ်သွားရပါ၏။ ဒီတော့လည်း နှင်းက လိမ္မာသားပါပဲလား။ သူစိုးရိမ်တဲ့ကိစ္စကို ပြတ်ပြတ်သားသားဖြတ်လိုက်နိုင်တာကိုး။

"အခု ကုမ္ပဏီမှာ ရှိတုန်းလား"

"No!...ကားပေါ်မှာ"

"Sorry! နှင်းရာ၊ ကားမောင်းရင်း ကိုယ့်ကြောင့် အနှောင့်အယှက်ဖြစ်သွားပြီ"

"ရပါတယ်ကျော်ရဲ့၊ ကိစ္စမရှိပါဘူး။ သူစိမ်းတွေမှမဟုတ်တာပဲဟာ"

သူပြုံးလိုက်မိပါ၏။ သူစိမ်းတွေမှမဟုတ်တာတဲ့လေး





စကားကို အထအနကောက်ပြီး သူမေးလိုက်ရင် နှင်းစိတ်ကောက်လိုက်မှာကိုး။ ရှေ့နှစ်ပေါင်းများစွာကတည်းက အရိပ်တကြည့်ကြည့်ချစ်ခဲ့မိတဲ့ သူ့ချစ်ခြင်းတွေကို နှင်းသိပါတော့လေ။

စောင့်လက်စနဲ့ ကိုယ်ထပ်စောင့်လိုက်ပါ့မယ် နှင်းရယ်။ သံယောဇဉ်ဆိုတာ ကြာလေလေ ခိုင်မြဲလေလေ၊ ပိုပိုပြီး တင်းကျပ်စွာ နှောင်ငင်လာလေဆိုပြီး သီချင်းတွေတောင် ရှိတာမဟုတ်လား။ အချိန် အဘယ်မျှပဲကြာကြာ နှင်းရဲ့ချစ်ခြင်းမုန်သမျှကို တစ်နေ့ကိုယ်ပြန်ရခဲ့ရင် နှင်းအပေါ် စောင့်ရကျိုးနပ်ပါပြီ နှင်းရယ်။

"သူစိမ်းမဟုတ်ဘူးဆိုလို့ ကျေးဇူးပါပဲ"

"ဘာကိစ္စရှိလို့လဲ ကျော်"

"အင်း. . . ဘာရယ်လို့မဟုတ်ပါဘူး။ ဒီနေ့ ဘာစကားမှ မပြောဖြစ်သေးလို့ ခေါ်လိုက်မိတာ"

"အန်တီအေးတို့နဲ့ ပြဿနာဖြစ်သေးလား"

"ဘာကိုလဲ"

"သီဂီရွှေစင်ပြန်မပြောဘူးလား ကျော်"

သူ ပါးစပ်ဟသွားရပါ၏။ သူပင် မေ့သလိုဖြစ်နေသည့်ကိစ္စကို အစဆွဲထုတ်ရတယ်လို့ နှင်းရယ်။ ဟုတ်သားပဲ၊ ဆိုမိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှင့်စကားများပြီး ပြန်ခဲ့တာတောင် မေမေတို့ကို သူဘာမှ ပြန်မပြောဖြစ်တာလေ။ ဟိုဘက်ကလည်း ဘာမှအကြောင်းစုံ မရှင်းဘူးထင်ပါရဲ့။ ခုထိ ဖေဖေနဲ့မေမေရော သူ့အပေါ် ဆက်ဆံရေးက ပျော့ပြောင်းနေပြီး အဆန်းတကြယ်မရှိတာကိုး။

"အင်း. . . ခုထိ မသိကြသေးဘူးထင်တာပဲ"

"ဘာမှမပြောကြတာလား"

"ဟုတ်တယ်၊ အစကတော့ ဒီနှစ်မှမယူဖြစ်ရင် ကိုယ်မိန်းမမရတော့မှာကို စိုးရိမ်တကြီး ဖုတ်ပူမီးတိုက်ဖြစ်နေပြီး အခုတော့ ပြာဖုံးနေပြန်ပြီ"

"သူပဲ တစ်ခုခုမပြောတာ ဖြစ်မှာပေါ့"

"ဒါပဲရှိတာလေ၊ နေဦး. . . စကားလမ်းကြောင်းမလွှဲချင်ပါနဲ့။ ဟိုချာတိတ်က Plasta လို အတင်းလိုက်ကပ်နေတာလား"

နှင်း ရယ်ပြန်လေ၏။ နှင်းအတွက်ကတော့ ဒီချာတိတ်ကိစ္စက ရယ်စရာဖြစ်ကောင်းဖြစ်ပေမယ့် သူ့အဖို့ကဖြင့် ပြဿနာအကြီးကြီးဖြစ်နေတာပါလေ၊ နှင်းကို သူမဟုတ်တဲ့ တခြားလူတစ်ဦးက အပိုင်သိမ်းပိုက်သွားမှာကိုတော့ သေမတတ် သူအစိုးရိမ်





ဆုံးဆိုတာကို နှင်းတစ်ယောက် သိမှသိပါလေစ။

"အင်း"

"ဘာရယ်"

"နာမည်သိသွားရာကစပြီး အိမ်လည်းသိ၊ ကုမ္ပဏီလည်းသိ၊ Phone နံပါတ်လည်းသိပြီး အမျိုးမျိုးနှောင့်ယှက်နေတော့တာလေ"

"နှင်းက ခပ်ပြတ်ပြတ်မပြောဘူးလားကွာ"

"ပြောပဲ့။ ပြောလည်း မနာတတ်တော့ ခက်တယ် ကျော်ရယ်။ ဒင်းက နည်းနည်းမှအကြောက်အလန့်ရှိတာမဟုတ်ဘူး။ ကြည့်ရတာ အိမ်မှာ ဝိုင်းအလိုလိုက်ထားကြတဲ့ပုံစံမျိုး"

ဒုက္ခပါပဲလား။ နှင်းရဲ့ရင်ထဲက အချစ်အကြွင်းနေရာကို သူစောင့်ဆိုင်းခဲ့သည့်နှစ်ပေါင်းအကြာချိန်မှာ အဲဒီကောင်လေးက ဘယ်လိုနည်းနဲ့ လိုက်ကပ်နေတာပါလိမ့်။ နှင်းရဲ့အနီးဆုံးမှာ သူရှိပေမယ့် လုပ်ငန်း၊ ကုမ္ပဏီအလုပ်တွေ လုပ်ခဲ့တာမို့ Phone ဆက်စကားပြောပြီး နှင်းအရိပ်ယောင်ကို သူဖြစ်ချင်တာအမှန်ပါ။

အခုတော့ နှင်းကို သူချစ်စကားပြောချင်ပေမယ့် သူ့ ငယ်ချင်းဆိုတဲ့စည်းဝိုင်းကြောင့် ဒီစည်းကို သူဖျက်သိမ်းနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



လေ။ ဒီလိုနှစ်အကြာကြီးစောင့်နေသည့်သူ့ကို နှင်းက အမြဲရောင် သက်သက်ပဲ မြင်နေတော့မှာပါပဲလား။

"ရင်တွေခုန်သွားသလား"

"ဟမ်! ဘာပြောတာလဲ"

"အဲဒီကောင်လေးက နှင်းရင်ကို လှုပ်ခါနိုင်စွမ်းရှိပြီလား လို့ မေးတာလေ"

မီးစိမ်းသွားပြီမို့ ကားကိုအသာမောင်းလိုက်ပြီး ကျွန်မ ပြုံးလိုက်မိလေ၏။ သူ အဘယ်မျှစိတ်ပူနေသလဲဆိုတာကို ကျွန်မ မှန်းဆနိုင်ပါသည်။ ဒီအရွယ်ငယ်ငယ်ချာတိတ်က ကျွန်မရင်ကို သိအောင် ပြုစားနိုင်လိမ့်မယ်လို့များ ကျော်ထင်နေရတယ်လို့။ ဝေးပါ့ ကျော်ရယ်။

"မေးတာ ဖြေဦးလေကွာ"

"ဘာလို့ အဲဒီလိုမေးတာလဲ"

"စိုးရိမ်လို့ပေါ့"

"ဘာလို့ စိုးရိမ်ရတာလဲ"

"ဒီလိုပဲ ရင်ပူပြီး မေးမိတာ ဘာဖြစ်လဲ"

"ဘာကိုရင်ပူတာလဲ ပြောမှပေါ့"





"ဟာကွာ. . . ကိုယ်ဖြေရကျပ်အောင် လိုက်မေးမနေနဲ့ လေ နှင်းရာ။ သိရဲ့သားနဲ့"

ကျွန်မ ရယ်လိုက်မိလေ၏။ ခြံရှေ့ရောက်နေပြီမို့ ခြံတံခါး ဖွင့်ပေးရန် ကားဟွန်းသံနှစ်ချက် တီးလိုက်ပါသည်။ ကျွန်မအပေါ် မှာ ကျော် မည်မျှသံယောဇဉ်ကြီးမှန်း သိသော်ငြား ရင်ခုန်သံတွေ အေးစက်နေတာမို့ ဘာမှမတတ်နိုင်ပါချေ။

မချစ်ဘူးလို့ ပစ်ပစ်ခါခါကြီးပြောလိုက်ချင်ပေမယ့် အဲဒီ စကားမျိုးအမိပ္ပာယ်သက်ရောက်တဲ့မျက်ဝန်းတွေနဲ့ စူးစူးစိုက်စိုက် ကြည့်ခဲ့ဖူးတဲ့လူတစ်ယောက်ကို မြင်ယောင်လျက် ပြောမထွက်ခဲ့ ပါလေ။ နာကျင်တယ်ဆိုတာက ခံစားရတဲ့လူအတွက် ဒဏ်ရာ သက်သက်ပါပဲ ကိုကြီးရယ်။ နှစ်တွေ ဒီမျှကြာမြင့်နေပေမယ့် တစ်ရက်မှမမေ့မရတဲ့ ကျွန်မရဲ့ဦးနှောက်ကို ဖောက်ထုတ်လိုက်ချင် သလို ကိုကြီးကြောင့် ခုန်ပေါက်လှုပ်ရှားမိခဲ့တဲ့ ရင်ထဲက နှလုံး သားကိုပါ ခွဲထုတ်လို့ရရင် ခွဲထုတ်ထားလိုက်ချင်ပါရဲ့။

ဩော်. . . ဒါပေမဲ့ပေါ့ ကိုကြီးရယ်။

"ငါ့အတွက် ပူမနေနဲ့ကျော်၊ နင့်ကိစ္စသာ နင်ပူ"

"ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိကိရွေစင်"

"ကျစ်! ကိုယ်မှစိတ်မဝင်စားတာ"

"နင်စိတ်မဝင်စားပေမယ့် ဦးဦးနဲ့အန်တီအေးက စိတ်ဝင်စားတယ်လေ။ မှတ်ထား,ကျော်ရဲ့ လူကြီးတွေဘက်က သေချာရင် အဲဒီကိစ္စက Eighty Percents သေချာနေပြီ"

"ကျွတ်! တော်ပြီကွာ၊ စကားလွဲတာ ပညာသားလည်းမပါဘဲနဲ့။ နောက်မှပဲပြောတော့မယ်။ Good night နင်း"

"OK...good night ကျော်"

ပွင့်သွားသည့်ခြံတံခါးမှ ကားကိုမောင်းဝင်လာခဲ့စဉ် Phone သံထပ်မြည်လာတာမို့ လန့်သွားရပြန်ပါ၏။ အခုပဲ ကျော်နဲ့စကားပြောပြီးလို့ ပိတ်လိုက်တဲ့ Phone ကို ဘယ်သူကများဆက်လာတာပါလိမ့်၊ ကားကိုသော့ခတ်လိုက်ကာ ဆင်ဝင်အောက်မီးရောင်ဖြင့် Phone နံပါတ်ကိုစစ်ကြည့်လိုက်မိ၏။ နန္ဒမောင် Phone မဟုတ်မှန်းသေချာမှ Phone ကို စိတ်ချလက်ချဖွင့်လိုက်မိလေသည်။

"ဟယ်လို"

"သမီး နင်းလား"





"ရှင်"

"အန်တီအေးပါ သမီး"

"သြော်. . . ဟုတ်ကဲ့၊ ပြောပါ အန်တီ"

"ဒီတစ်ပတ် စနေနေ့ညနေ အန်တီ့ကိုနဲ့လာတွေ့ဖို့ ပြောချင်လို့ပါ"

"ရှင်. . . ဟုတ်. . . ဟုတ်ကဲ့"

"တွေ့ရမယ့်အချိန်နဲ့နေရာကို နောက်မှပဲပြောတော့မယ်၊ ဒီကိစ္စ သမီးကလွဲပြီး ဘယ်သူမှမသိစေချင်ဘူး နင်း။ ဒါပဲနော်"

ကျွန်မကလွဲပြီး ဘယ်သူမှမသိစေချင်တဲ့ကိစ္စတဲ့လား။ ဘာသဘောပါလိမ့်၊ နင့်ဘက်က စထူးပါရောလား ကျော်ရယ်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

အလုပ်တွေ ရှိနေပေမယ့် ခပ်စောစောပင် လက်စသပ်လိုက်ရပါ၏။ လက်မှနာရီကိုကြည့်လိုက်တော့ ညနေငါးနာရီ ရှိနေချေပြီ။ သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိလေ၏။ သွားမတွေ့ရသေးပါဘဲ အဘယ်ကြောင့် ကျွန်မကြိုတွေး ရင်မောနေရတာပါလိမ့်။

G.T.C ကျောင်းတက်တုန်းက ကျော်ရဲ့ကားကိုလိုက်စီးပြီး ရင်းနှီးခဲ့သည့်အန်တီ့ကို သိပေမယ့် အရမ်းခင်တာမဟုတ်ပါ။ ကျော့်အိမ်ကို သူငယ်ချင်းတွေအများကြီး သွားလည်ခဲ့ပေမယ့် အန်တီက ယောကျ်ားလေးတွေကိုသာ ဖော်ရွေစွာ စကားပြောခဲ့သလို ကျွန်မကိုတော့ သိပ်စကားမပြောခဲ့ပါချေ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တခြားမိန်းကလေးတွေလို 'အန်တီ ဘာကူညီရမလဲ'ဆို ပြီး ရောနှောဖားပြီး ဟန်ပြဖို့အတွက် ကျွန်မက ဝါသနာမပါပါဘူး။ လူရှေ့သူရှေ့မှာ အပိုလုပ်ပြတတ်တဲ့မိန်းကလေးတွေထဲမှာ ကျွန်မ မပါသလို ညှော်ခန်းမှာ ခပ်တည်တည်ထိုင်လျက် မဖော်ရွေဟန်ပြ သာ ရှိခဲ့တာအမှန်ပါ။

ကျော့်အပေါင်းအသင်းတွေက ကျွန်မပခုံးကို လာတို့ တိုင်ပြီး တရင်းတနှီးရှိတာမို့ မနှစ်မြို့ဟန်အကြည့်ဖြင့် ကြည့် သည့် အန်တီအေး၏မျက်လုံးတို့ကို ပြန်မြင်ယောင်နေခဲ့မိပါ၏။ ယောက်ျားလေးတွေနဲ့သာပေါင်းပြီး ဖော်ရွေမှုမရှိ ဖက်ရွဲတကား မရှိခဲ့တဲ့ကောင်မလေးကို အန်တီ မည်သို့မြင်လေမလဲ။

ခြံထဲဆင်းကြတော့ ကျော့်နှင့်အတူ ဟက်ဟက်ပက်ပက် ရယ်မောဖြစ်တာကို အအေးခွက်လာပို့စဉ် အန်တီမြင်ခဲ့တာလည်း မှတ်မှတ်ရရ။ ကျော့်ကိုကပ်နေတဲ့ကောင်မလေးလို့ မြင်သွားမလား ဟု ထိုစဉ်က အတွေးထဲမှာ တစ်မျှင်လေးမှရှိမနေခဲ့။ သူငယ်ချင်း တွေပဲဟု ဘာမဆို ပေါ့ပေါ့ပါးပါးတွေးခဲ့မိတာ ဖက်ဆွတ်နှင်းရဲ့ ထုံးစံဖြစ်ခဲ့တာပါလေ။

"မမ"





"ဟင်"

"ရှိုးဆင်းတော့မှာဆို"

"အေး"

"ဟိုလေ၊ ဟိုမြေကွက်ကို ကြေးကြီးကြီးပေးမယ်လို့ ပြော ထားတာ ဒီညနေအကြောင်းပြန်ဖို့"

"မရောင်းဘူးပြောထားတယ်လေ ပုံပုံရယ်။ အပြတ်ပြော လိုက်မှပေါ့"

ပုံပုံ့မျက်နှာလေး ရှုံ့တွသွားလေ၏။ ဒီလောက် Or-der ကျထားသည့်တိုက်တွေ အမြန်ပြီးစီးအောင် အပ်နိုင်တာဖြစ် ပေမယ့် ဒီမြေကွက်ကို ဘာကြောင့်လိုက်လုနေကြတာပါလိမ့်။ သုံးလေးဦး ဈေးပေးနေပုံကိုက ကျွန်မမြေကွက်ထဲမှာ သယံဇာတ တွေ ထွက်တော့မယ့်အတိုင်းပါလေ။

"ဘာပြောဦးမလို့လဲ"

"ဟင့်အင်း. . . ပြောရင်လည်း ပုံလွန်တယ်လို့ပဲ မမပြော ဦးမှာ"

"သိရင်ပြီးတာပဲ"

"မမ တကယ်ပဲ ဆောက်ဖြစ်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ သွားစရာရှိတယ်၊ အဲဒီကိစ္စ နောက်မှဆွေးနွေးတော့"

စကားစကိုဖြတ်လိုက်ပြီး ခုံမှထရပ်လိုက်ပါ၏။ ကျွန်မလက်မှတ်ထိုးပြီးသား File တို့ကို ပွံ့ပွံ့ကယူ၍ ပိုက်ကိုင်လိုက်သေးသည်။ ဒီကလေးမလေးက ကျွန်မပြောတာဆိုတာကို သည်းခံနိုင်ပြီး နားလည်ပေးနိုင်သည်လေ။ အခုလည်း ငွေတွေမြုပ်ကုန်မှာကို စိုးရိမ်တကြီးပူပန်နေမှန်းသိပေမယ့် ခေါင်းမာသည့်ကျွန်မလက်မှမလျှော့တာကိုး။

"ဘယ်သွားဦးမှာလဲဟင်"

"ဘာလဲ၊ နင်က ငါ့အမေမို့လို့ အစစပြောနေရမှာလား"

"မဟုတ်ပါဘူး၊ မမ မြေကွက်သစ်များ ထပ်ရှာဦးမလားလို့ မေးမိတာပါ"

"လောလောဆယ် မကြည့်အားသေးဘူး၊ အခုက ဗိုလ်ယောက္ခမလောင်းနဲ့ သွားတွေ့မလို့၊ သိပြီလား"

"ရှင်!"

စိတ်တိုတိုဖြင့်ပြောသည်ကို ပွံ့ပွံ့က မျက်လုံးပြူးလျက်ကျန်ရစ်ခဲ့တော့၏။ ကျော်သာ ကြားရင်တော့ ဘယ်လောက်ထိ





ပျော်မလဲမသိတော့ပါလေ။ ကျောင်းစတက်သည့်ရက်ကတည်းက ခုံမှာငိုင်ပြီးထိုင်နေသည့်မိန်းကလေး၊ အဝေးကိုငေးရင်း လူနဲ့စိတ်ကောပ်ဘဲ မျက်ရည်ဝိုင်းပြီး အလွမ်းအဆွေး အသည်းကွဲနေသည့် ကောင်မလေးကို ကိုယ်ချင်းစာစိတ်ဖြင့် သူကူစပြီး မိတ်ဆက်ခဲ့သည့်ကောင်လေးကို သူငယ်ချင်းဖြစ်ခွင့်ပေးခဲ့တဲ့နှစ်ကို သတိတရရှိနေပြီလေ။

ကဲပါ! အတိတ်ကို မကြာခဏသတိရတာကို မေ့လိုက်ပါတော့။ လောလောဆယ်တွေ့ချင်တဲ့ အန်တီအေးနဲ့ သွားတွေ့ရတော့မှာကိုး။ တစ်နေ့နေ့မှာ ကိုယ်တို့ကိစ္စနဲ့ပတ်သက်ပြီး မေမေခေါ်တွေ့လိမ့်မယ်ဆိုတဲ့ ကျော်ပြောခဲ့သည့်စကားကို သတိမထားခဲ့ပါ။ အခုတော့ မေ့တော့တော့စကားက သက်သေဖြစ်နေပါရောလား။

Coffee ဆိုင်မှာမို့ သိပ်အခက်ကြီးမဟုတ်လှပါ။ ခက်တာက ကျွန်မ အေးအေးဆေးဆေးသွားချင်တာလေ။ တစ်နေ့လုံး တကုပ်ကုပ်လုပ်ခဲ့ရသည့်အလုပ်တို့ကြောင့် မျက်နှာက အဆီပြန်ပြီး လူက ချွေးစို့ကာ ငြီးစီစီဖြစ်နေတာမို့ပါပဲ၊ တကယ်ဆိုရေမိုးချိုးပြီး သန့်သန့်ရှင်းရှင်းလေး ပြင်ဆင်ပြီး သွားတွေ့ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပါလေ။

ဆိုင်ရှေ့မှာ ကားကိုရပ်လိုက်ပါ၏။ ဆီးညိုရောင်မှန်ကာ ထားသည့်ဆိုင်တွင်းကို အပြင်လူက မမြင်ရပေမယ့် အတွင်းထဲရှိ လူတွေကတော့ အပြင်ကိုမြင်နိုင်မှာပါလေ၊ အခုကော. ကျွန်မ ကားရပ်ပြီး ဆင်းတာကို အန်တီကြည့်နေမလား။ မှန်တံခါးကို အသာတွန်းဖွင့်၍ဝင်ကာ အပေါက်ဝနားမှာပင်ရပ်၍ ဆိုင်ထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်မိ၏။

ထောင့်နားခပ်ကျကျခုံမှာ ဏာခြေရရထိုင်နေသည့်အန်တီ အေးက ကျွန်မကိုလှမ်းကြည့်မနေပါချေ။ မမြင်တာပဲလား။ သို့ တည်းမဟုတ် တမင်မသိချင်ယောင်ဘဲ ဆောင်နေတာသလား။ ကျွန်မသန့်မှန်းမရပါလေ။ မေမေ့လိုမျိုး လူတိုင်းကို ဖော်ရွေစွာပြော ဆိုဆက်ဆံလေ့ရှိသည့်မိခင်တွေထဲမှာတော့ အန်တီအေး မပါဝင် မှန်း ကျွန်မ ကောင်းကောင်းကြီးသိထားပါ၏။

"ရောက်ပါပြီ အန်တီ"

'စောင့်ရတာ ကြာပြီလား'ဟု လောကွတ်စကားမဆိုမီ 'ထိုင်ပါ'ဟုခွင့်မပြုမီမှာပင် ခုံထက်မှာ ကျွန်မထိုင်ချလိုက်မိသည်။ လူကြီးတစ်ဦးအနေနှင့် ရှိသေသမှုရှိသော်ငြား ယောကျ္ခမလောင်း





ကို ကပ်ဖားယပ်ဖား မျက်နှာချိုသွေးရမည့်အလုပ်ကို အောက်ကျ နောက်ကျမလုပ်တတ်ပါလေ။

"အလုပ်ကနေ တန်းလာတာလား နှင်း"

"ဟုတ်ပါတယ်"

"ဒါကြောင့် ပုံစံက မလန်းတာကိုး"

ဝေဖန်တာလား၊ ကဲ့ရဲ့ရှုံ့ချတာမျိုးပဲလား။ မိန်းမတွေရဲ့ မနောကို မလေ့လာတတ်သူမို့ ကျွန်မ မပိုင်းခြားနိုင်ပါ။ မျက်နှာ ချင်းဆိုင်ရှိနေသည့်အမျိုးသမီးနှစ်ဦးရဲ့ပုံစံက အများအမြင်မှာပင် ဆန့်ကျင်ဘက်ဖြစ်နေမည်သာ။

တစ်ဦးက အရွယ်ရဲ့ တည်ငြိမ် ရင့်ကျက်မှုအပြည့်နှင့် ဏာခြေကျက်သရေရှိနေပေမယ့် တစ်ယောက်ပုံစံကဖြင့် ယောကျ်ား ဆန်ဆန်အပြင်အဆင်၊ ဆံပင်က ခပ်တိုတို၊ သို့သော် ကိုယ့်ကိုယ် ကို ယုံကြည်မှုပြည့်နက်လွန်းသည့် မျက်ဝန်းတစ်စုံကဖြင့် တောက် ပ လင်းလက်နေမည်သာ။

"အလုပ်တွေရှိနေတာကို ပစ်ထားခဲ့ရတာပါ အန်တီ"

အန်တီအေးက မျက်ခုံးတွန့်ရင်း မနှစ်မြို့ဟန်ပြလေ၏။ အမှန်ကိုပြောတာပါလေး။ အပိုမလုပ်တတ်တဲ့သူမို့ ကာသိကအောင့်



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သွားပါချေ။

''ဒီလောက်အလုပ်တွေ အသည်းအသန်လုပ်နေတာ ဘာအတွက်လဲ''

ထင်မထားတဲ့မေးခွန်းပါလား။ ဘကယ်ဆို ကျော်နဲ့ဆက်နွယ်တဲ့အမေးတွေကိုသာ ကျွန်မမျှော်လင့်ထားတာအမှန်ပါ။ ဘာမှမဆိုင်သည့်မေးခွန်းက ဘာကိုများ ရည်ရွယ်တာပါလိမ့်။

''ကျွန်မတို့သားအမိရဲ့အနာဂတ်အတွက်ပါ''

ခေါင်းညိတ်လေ၏။ ထောက်ခံတာမျိုးလား ဒါမှမဟုတ် အသိအမှတ်ပြုလက်ခံတဲ့သဘောပေပဲလား။ စကားစမြန်မြန်ဖြတ်ချင်စိတ်ကြောင့် လက်မှနာရီထံ အကြည့်က ဖျတ်ခနဲရောက်သွားရလေ၏။

''အန်တီတွေ့ချင်တဲ့ကိစ္စက''

''ဖြည်းဖြည်းပေါ့ နှင်းရယ်၊ အခုပဲရောက်တာ တစ်ခုခုသောက်ပြီး အမောဖြေပါဦးလား''

''ရပါတယ် အန်တီ၊ ကျွန်မအတွက် အိပ်ရာထက်လှဲနေတဲ့အချိန်မှာသာ အမောဖြေနားစက်တာမို့ပါ''

နှုတ်ခမ်းက မသိမသာမဲ့သွားလေ၏။ ကြီးကျယ်ရန်ကော





ဟုများ သဘောသက်ရောက်လေသလား။ ကုတင်ထက်ထိအလုပ်တွေယူယားပြီး လုပ်လေ့ရှိလွန်းတဲ့သမီးကို ပြောမနိုင်မှုန်း မေမေသာ အသိဆုံးမဟုတ်ပါလား။

''ဒီအတိုင်းပဲ နေသွားတော့မှာလား''

''အန်တီ ဘာကိုဆိုလိုတာပါလဲ''

''ဪ. . . နှင်းဘဝကို ဒီအတိုင်းချည်း မိုးလင်းမိုးချုပ်ငွေကျိုးရှာမနေရင်းနဲ့ ကုန်ဆုံးခံတော့မလားလို့ပါ''

ထိုးနက်ချက်ပါပဲလား။ အိမ်အလုပ်ကိုပဲ စိတ်ဝင်စားပြီး ယောကျ်ားလုပ်စာကို မျှော်လင့်စောင့်စားရတဲ့ ခပ်ညံ့ညံ့အိမ်ရှင်မမျိုးအဖြစ်နဲ့ပဲ ကျွန်မကိုမြင်ချင်သလိုပါပဲ။ ဒါဖြင့် အန်တီတို့စိတ်ကြိုက်ရွေးချယ်ထားတဲ့ Model သိင်္ဂီရွှေစင်ဆီမှာရော ဒီလိုအရည်အချင်းမျိုးတွေ ရှိပါရဲ့လားဟု ကျွန်မမေးချင်စိတ်ကို မျိုသိပ်လိုက်ရလေ၏။

''အန်တီပြောချင်တာကို ကျွန်မနားလည်ပါတယ်''

''ဘယ်လို''

''လူတိုင်းမှာ ဝါသနာရည်မှန်းချက်အမျိုးမျိုး ကိုယ်စီရှိကြတာပါပဲ။ ကျွန်မက လူအထင်ကြီးအောင် ဟန်ပြမလုပ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ကျွန်မလုပ်တဲ့အလုပ်တိုင်းဟာ သမာအာဇီဝဖြစ်ရမယ်၊ ဘယ်သူ့ဘယ်သူကိုမှ ထိခိုက်တာမျိုးမဖြစ်စေရဘူး။ တရားသောနည်းလမ်းနဲ့ရှာတဲ့ငွေက ပြုစင်တယ်လို့ ကျွန်မယူဆပါတယ်"

ပြုံးလေ၏။ ဘယ်လိုပဲပြောပြော အချက်တစ်ခုခုနဲ့တော့ ကျွန်မ ပြစ်ချက်ထိနေမယ်ဟုန်း သိနေပါ၏။ ဘယ်တတ်နိုင်ပါ့မလဲ။ ကျွန်မကိုက အန်တီ့ရှေ့မှာ Interview လာဖြေသလိုအဖြစ်မျိုး ဖြစ်နေတာကိုး။

"ထားပါတော့၊ သားနဲ့အခြေအနေ ဘယ်အထိရှိနေပြီလဲဆိုတာ အန်တီသိချင်တယ်"

"ကျော်သိပါတယ် အန်တီ၊ ကျော့်ကိုသာ မေးပါ"

ရှောင်တော့ရှောင်လိုက်ပေမယ့် အန်တီအေးကတော့ မကျေနပ်ပုံပါလေ။ ငါတော့ တိုက်ပွဲဝင်နေရပြီ ကျော်။ ဒါပေမဲ့ တစ်ဖက်သတ်ထိုးစစ်ခံနေရတာကတော့ ရင်ထဲမှာ အောင့်သက်သက် နာနေရတာအမှန်ပါပဲ။

"သားကို မိန်းကလေးတစ်ယောက်နဲ့ သဘောတူထားတာကို နင်းသိထားရဲ့လား"

"ဟုတ်ကဲ့၊ ကျော်ပြောမှုးတာပဲ"





"ကောင်းပြီလေ၊ ဒါဖြင့် အန်တီတို့မိန်းမချင်း ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်တာပေါ့"

သက်မကို နှိုးရှိုက်လိုက်ရပါ၏။ သိန်းထောင်ပေါင်းများစွာကို အခြေအတင်ပြောပြီး အလုပ်လုပ်နေရပုံနှင့် သိပ်မကွာခြားသလိုပါပဲလား။ နင်က ငါ့အတွက်တော့ ထိုက်သင့်သလောက် တန်ဖိုးရှိတဲ့သူငယ်ချင်းပါ ကျော်ရယ်။ သို့သော် သိဂီရွှေစင်လို မိန်းကလေးမျိုးနဲ့ ယှဉ်လုရတဲ့အထိ ငါတို့က အဆင့်ရောက်နေတာမျိုးမှမဟုတ်တာ။ (၁၅၇၀) နဲ့ (၅၂၈)က အများကြီးကွာခြားမှန်း နင်လည်း အသိဆုံးဖြစ်မှာပါလေ။

"ပြောပါ အန်တီ"

"အန်တီ့သားနဲ့ ကင်းကင်းရှင်းရှင်းနေပေးဖို့ပါ"

အရိုက်ကို ထိလေ၏။ ကင်းကင်းရှင်းရှင်းတဲ့လား။ ငါတို့က ဘယ်တုန်းကများ မကင်းမရှင်းနေခဲ့ကြပါသလဲ ကျော်။

"ကျော်နဲ့ကျွန်မက ဒီနေ့အထိ အရိုးသားဆုံး သူငယ်ချင်းတွေဆိုတာကို အန်တီ သိပါတယ်"

"အဲဒီထက် မပိုစေချင်တာလေ၊ သားနဲ့ ဘာကိစ္စကိုမှ အဆက်အစပ်ရှိမနေစေချင်တာကို နင်း နားလည်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး အန်တီ၊ အန်တီပြောချင်တာက ကျော်နဲ့ ကျွန်မကို သူငယ်ချင်းအနေနဲ့တောင် မပတ်သက်စေချင်တာမျိုး လား"

"အဲဒီသဘောပါပဲ"

တံတွေးကို ဂလုခနဲ မျိုချလိုက်ရပါ၏။ မလွယ်ပါဘူး ကျော်။ နင်နဲ့ငါ့ကြားမှာ ခြားထားတဲ့ရေကြက်လေးကို သေးသေး လေးပဲ ထင်ထားတာ၊ အခုတော့ သမုဒ္ဒရာကြီးဖြစ်နေပါရောလား။

"ရှေ့ဆက်ပြီး ဘာငွေကြေးချေးငှားတာမျိုးမှ အကြောင်း ရှာပြီး အဆက်အသွယ်မလုပ်စေချင်တာပါပဲ။ နင်းက သူငယ်ချင်း ကောင်းပီသရင် ကိုယ့်သူငယ်ချင်းရဲ့အိမ်ထောင်မှုသာယာဖို့ ကူညီ ချင်မှာပဲလို့ အန်တီထင်တယ်လေ။ ဘယ်လိုမိန်းကလေးမျိုးကမှ ကိုယ့်ခင်ပွန်းလောင်းနားမှာ သူစိမ်းမိန်းကလေးရှိနေတာကို လို လားမှာမဟုတ်လို့ပါ။ အန်တီမေတ္တာရပ်ခံတာပါ နင်း"

အမြင်တို့ ဝေဝါးသွားလေ၏။ ပြောတော့ဖြင့် နူတ်ဖျား က ပေါ့ပေါ့ပါးပါးလေးပါပဲ။ ခံရတဲ့လူက တနင့်တပိုးကြီးဆိုတာ ကို ဘယ်သူက သိပါ့မလဲ။ ကျော်. . . ခပ်ဝေးဝေးနေကြစို့တဲ့။

▲ ▲ ▲



## အခန်း (၁၃)

"မေမေ အစောကြီးကတည်းက သမီးကို သတိပေးခဲ့ သားပဲ"

ကြက်သားဆန်ပြုတ်ကိုပင် မျိုချရခက်ခဲလွန်းလှချည် လား။ အခုတလော ဘာလုပ်လုပ် အဆင်မပြေဖြစ်နေတာ ဘာ ကြောင့်လဲ။ ကျော် အဆက်အသွယ်လုပ်တာကို မလိုချင်တာမို့ Phone ပင် အသစ်လဲလိုက်ရချေပြီ။ ဝယ်ထားသည့်မြေပေါ်မှာ အဆောက်အဦးဆောက်ရန် Permitt တင်တာကိုလည်း ကန့် ကွက်ခံရ၏။

နောက်ဆုံးအပ်သည့် သုံးထပ်လုံးချင်းတိုက်ကိုလည်း အပြီးသတ်ခါနီးမှ ဟိုနေရာဒီနေရာ မကြိုက်ဘူးနှင့် ချေးများ...



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာအရှာခံရတာက တစ်မျောင့်။ အရောင်းအဝယ်ဖြစ်ခါနီးမှ ကပ်ပြီး ပျက်သွားရတာက တစ်သွယ်။ ဘာဆိုဘာတစ်ခုမှ အဆင်ပြေတာမရှိ။

တစ်စုံတစ်ယောက်ကို ရင်ဖွင့်တိုင်ပင်လိုက်ရရင် ထိုက်သင့်သလောက် ရင်ပေါ့သွားမှာဖြစ်ပေမယ့် ဘယ်သူ့ကိုပြောရမှာလဲ။ မေမေဆိုတာက စီးပွားရေးကိစ္စတွေကို ဘာတစ်ခုမှစိတ်မဝင်စားတာလေ။ ဒီလိုနဲ့ပဲ ခေါင်းတွေထူပူပြီး ဦးနှောက်ပွင့်ထွက်တော့မယ်ထင်ပါရဲ့။

အိမ် Phone ကို ဆက်လာသည့်ကျော့်ကို စကားမပြောပါဟု ပြောလေမှ ကျွန်မကိစ္စကို မေမေသိသွားတာပင်။ အပူမရှိဘဲ အေးအေးလူလူနေနေသည့်မေမေ့ကို ရင်တွင်းအပူတို့ မကူးစက်လိုပါလေ။

''သားဇော ဘာပြောသေးလဲ''

''ဘာပြောလို့ရမှာလဲ၊ သူက မိဘစကားနားထောင်တဲ့သားလိမ္မာပဲဟာ။ အမေက သွားဆို့သွား၊ ရပ်ဆို့ရပ်မှာပဲ''

''သမီးကတော့ မေမေ့စကားနားမထောင်ဘူးမဟုတ်လား''





ရေနွေးကို အေးအောင်လုပ်ပြီးမှ ကြွေမတ်ခွက်ကို ကျွန်မရှေ့သို့ မေမေ တိုးပေးလိုက်လေ၏။ မချစ် ယူလာပေးသည့်ဆေးဘူးထဲမှလည်း ဆေးတစ်လုံး ထုတ်ပေးလိုက်ပြန်သည်။ မျော့လိုက်တဲ့ငါပါလား။ ဘာမဟုတ်တာကလေးနဲ့ ထိခိုက်နာကျင်ပြီးအဆင်မပြေ ဖျားနာရတယ်လို့။

''ညနေ ဆေးခန်းဝင်ပြခဲ့ဦး''

''ဒီလောက်လေးဖြစ်တာကိုများ မေမေရယ်''

''ပေါ့ပေါ့မပြောပါနဲ့ နှင်းရယ်၊ မေမေက သမီးကိုမှီခိုနေရတဲ့သူလေ။ မေမေအားကိုးရတဲ့တောင်ဝှေး လဲသွားရင် ဘယ်လိုလုပ်မလဲ''

နာစေးနေသည့်ကြားမှ ပြုံးလိုက်မိပါ၏။ ဒီအမေနဲ့ ဒီသမီးပဲရှိတယ်လို့မပြောဘဲ ဖိုးသူတော်နဲ့တောင်ဝှေးကို မေမေ နှိုင်းနှိုင်းသုံးပြလိုက်တာကိုး။

''မေမေ့ Project ကြီး ပြီးပြီလား''

မျက်စောင်းက ဒိုင်းခနဲရောက်လာလေ၏။ သားမက်လောင်းရှာတဲ့အလုပ်ကို အိမ်ထဲနေသည့်လူက မည်သို့ရှာမှာတဲ့လဲ။ မေမေခေါင်းခဲနေသည့်ကိစ္စအတွက် ကျွန်မခေါင်းထဲက



www.burmeseclassic.com

www.burmeseclassic.com



အကန့်အလွတ်မှ ရှိမနေပါလော။

"သူတစ်ခုခုပြောချင်လို့ မကြာခဏဆက်သွယ်နေတာ ဖြစ်မှာပေါ့"

"မောရင် ရပ်သွားပါလိမ့်မယ်"

"ဘာပဲဖြစ်ဖြစ် အကျိုးအကြောင်းလေးတော့ သင့်သလို သမီးက ရှင်းပြမှပေါ့"

"သူကြိုသိပြီးသားပါ မေမေရာ။ မလိုပါဘူး"

"ဘယ်နေ့မှ မျက်နှာပင့်ပြီး မမအေးဖိတ်စာ လာပို့မလဲ မသိ"

"အဲဒီတော့လည်း ဆက်ဆက်တက်ရောက်ချီးမြှင့်ပါမယ် လို့ပြောပြီး လက်ခံလိုက်ပေါ့မေမေရယ်။ ခက်တာလိုက်လို့"

"ပြောရင် ရွဲ့ဖို့ပဲ"

ရေတ်ကောင်းမှုန့်ထပ်ဖြူးနေတာကို မေမေက ကျွန်မ လက်ကို လှမ်းဆွဲလိုက်ပြီး ဘူးကိုယူလိုက်လေ၏။ ကလေးလည်း မဟုတ်တော့ပါဘဲ ဒီနေ့အထိ ကျွန်မအပေါ် မေမေဂရုတစိုက် လုပ်ပေးနေတုန်းပါလော။

"မေမေ"





"အင်း"

"အိမ်မှုကိစ္စလည်း မနိုင်၊ မီးဖိုချောင်ကိစ္စလည်း မတတ်၊ လက်မှုပညာလည်း ဝါသနာမပါတဲ့မိန်းမတစ်ယောက်ကို ဘယ်လို လူမျိုးက ရွေးမတော်ချင်မှာလဲ"

"ဟယ်. . . ဒီကလေးကတော့"

"ပညာကတော့ တတ်ပါရဲ့၊ ပုံပန်းက မကျ။ မိန်းမလည်း မပီသ၊ ရုပ်ကလည်း ချူချာ၊ ဒီကြားထဲ ယောက်ျားလျာလိုပုံစံနဲ့ လည်း နေသေး။ စကားပြောရင်လည်း ဒိုးဒိုးဒေါက်ဒေါက်၊ မိန်းမ ပီပီ ကနွဲ့ကလျမရှိတဲ့ ဒီလိုမိန်းမကို ဘယ်လိုယောက်ျားကရော လက်ထပ်ချင်မှာတဲ့လဲ"

အလိုလေး! တွေးလိုက်မိတော့ ကျွန်မရဲ့ဟာကွက် ပျော့ကွက်တွေက မနည်းမနောပါပဲလား။ ကိုယ့်ကိုယ်ကို ဟုတ်လှပြီ ဆိုပြီး လက်မ,ထောင်၊ ခေါင်းမော့နေမိတာ ရှက်စရာကြီးပါပဲလား။ သူသူကိုယ်ကိုယ် ဆုံးဖြတ်ကြရင် အလိမ္မာအိမ်ပါ မိန်းကလေးမျိုး ကိုသာ ရွေးချယ်ချင်ကြမှာလော။

'ကိုယ့်ပခုံးကို ယှဉ်တိုက်နိုင်မယ့် သတ္တိခဲမိန်းမမျိုးကို မှ သဘောကျတာ'တဲ့။ အဲဒီလို ပခုံးယှဉ်တိုက်နိုင်ဖို့ အစွမ်းအစ



www.burmeseclassic.com

www.burmeseclassic.com



ရှိအောင် အားခဲကြိုးစားနေရတာ ပင်ပန်းလွန်းနေပါပြီ။ ကိုကြီး အထင်ကြီးအောင် ကျွန်မနေထိုင်ရှင်သန်နေခဲ့ရပေမယ့် လက်ရှိ ကမ္ဘာထဲမှာ ကျွန်မက သီးခြားဖြစ်မှန်းမသိ ဖြစ်နေတာ အမှန်ပဲ လေ။

'ကိုယ့်ထက် ဦးနှောက်ငယ်တဲ့မိန်းကလေးမျိုးကို ဘယ်တော့မှစိတ်မဝင်စားဘူး' တဲ့လား။ ကိုကြီးစိတ်ဝင်စားမှုရှိလာရေ အောင် ကျွန်မ ဘာတွေဆက်လုပ်ရဦးမှာလဲ။ ဘယ်လိုဆက်ပြီး နေထိုင်သွားရမှာပါလဲ။

ဆယ်နှစ်ဆိုတဲ့ကာလက တခြားလူတွေအတွက် ဘာမှ မဖြစ်လောက်ပေမယ့် ကျွန်မအတွက်ကတော့ ရှည်လျား တာရှည် ခဲ့တဲ့အပိုင်းအခြားပါပဲ။ မနေ့တစ်နေ့ကလိုပဲ ရင်ထဲမှာ မငြိမ်မသက် နဲ့ လှုပ်ရှားမှုတွေ ဖြစ်နေတုန်းပါပဲလေ။

"သမီးစိတ်ဓာတ်ကျနေပြီလား"

"ဟင့်အင်း"

"စိတ်အားငယ်သလိုမျိုး ဘာလို့ပြောနေရတာလဲ"

"မဟုတ်ပါဘူးမေမေ၊ အန်တီအေးရဲ့ထင်မြင်ချက်ကို တွက်ဆမိလိုက်လို့ပါ"





"ဒါကတော့ သူက သားရှင်ကိုး သမီးရဲ့။ ဒီလောက်တော့ ရှိမှာပေါ့"

'သားရှင်' တဲ့၊ ဒီလိုမျိုးတွက်ဆနိုင်သလား။ ဒါဖြင့် ဘာဆို ဘာမှပိုင်ဆိုင်ထားခြင်းမရှိခဲ့တဲ့ ကိုကြီးကရော ဘယ်လိုခေါင်းစဉ် မျိုးနဲ့ ကျွန်မကို ပယ်ချခဲ့ပါသလဲ။ အစစပြည့်စုံနေတဲ့ဘဝလေး၊ လန်းဆန်းတက်ကြွနေတဲ့အရွယ်ငယ်လေး၊ ရည်မှန်းချက်နဲ့ ခုန် ပေါက်ပျော်မြူးနေခဲ့တဲ့ မနူးမနပ်လေး၊ အဲဒီကောင်မလေးကို ဘာ ကြောင့်များ အထင်တသေးနဲ့ ဥပေက္ခာပြုခဲ့တာပါလဲ။

တကယ်ဆို အဲဒီအချိန်က မာနတွေရှိသင့်ခဲ့တာ။ ဖေဖေ့ အလုပ်သမားလေးဆိုပြီး လက်ညှိုးထိုး နှိမ်ချ ဆက်ဆံသင့်ခဲ့တာ၊ 'မမလေး' လို့အခေါ်ခံပြီး မျက်နှာလေးပင့်ထားသင့်ခဲ့တာ။ 'ကို ကြီး' လို့ ခပ်မာမာပြတ်ပြတ်လေး ခေါ်ခဲ့သင့်တာ။ အိမ်ကိုလာ ရင် မသိချင်ယောင်ဆောင် မမြင်ယောင်ဆောင်ပြီး အလေးမထား သင့်ခဲ့တာအမှန်ပါ။

အခုတော့ အဲဒါတွေကို ဘာတစ်ခုမှမလုပ်ဖြစ်ခဲ့ဘဲ ဆန့် ကျင်ဘက်တို့ကိုသာ ဆက်တိုက်လုပ်ဖြစ်ခဲ့တာလေ။ 'ဖေဖေရေ့ အစ်ကိုကြီးလာပြီ' 'အစ်ကိုကြီး ထမင်းစားမယ်၊ မေမေဆ[illegible]တွေ



www.burmeseclassic.com

www.burmeseclassic.com



ချက်ထားလဲ' 'အစ်ကိုကြီးရင်အေးစေဖို့ သံပုရာရည်လေး' စသဖြင့် မျက်စိနောက်ရလောက်အောင် ဘာကြောင့် ပြာလောင်ခတ်ခဲ့မိပါလိမ့်။

လိုက်ကာအကွယ်ကနေ အချိန်ကြာကြာချောင်းတတ်ကျင့်၊ သူရှိနေမည့်ညှော်ခန်းကို တစ်ခုခုအကြောင်းရှာ ဝင်ထွက်ကျင့်၊ သူပြန်ချိန် ပိုက်ပို့ချင်တာကို ခြံထဲရောက်နှင့်ပြီး အလုပ်မရှိအလုပ်ရှာ ယောင်ခြောက်ဆယ်ဖြစ်ကျင့်၊ ထိုထိုသောအကြောင်းအရင်းတို့ဖြင့် လှုပ်ခတ်ခဲ့သည့် ဖက်ဆွတ်နှင်းဖြစ်ခဲ့တာပါလေ။

စိတ်ရဲ့တံခါးတဲ့။ ဒီမျက်ဝန်းလေးတွေကို ကိုကြီး အလိုလိုဖတ်တတ်မှာ အသေအချာပါ။ ဒီရင်ထဲ စွဲစွဲမက်မက် စူးစူးနှင့်နှင့် ချစ်ခြင်းတို့ဖြင့် တင်ပြုံတစ်မကြီး ချစ်ခင်မြတ်နိုးတွယ်တာမက်မော ကြင်နာယုယသမျှ သမုဒယအစုစုကိုမှ ဥပေက္ခာပြုရက်ရတယ်လို့။

'အထင်သေးခြင်း' တဲ့လား၊ ရှက်ဖွယ်အတိပါပဲ။ နှုနယ်လွန်းတဲ့နှလုံးသား၊ ငယ်လွန်းတဲ့အရွယ်လေးကို မငဲ့ကွက်ရက်သူဆိုပြီး မုန်းမေ့ နာကြည်းချင်ခဲ့သော်ငြား နှလုံးသားရော ဦးနှောက်ကပါ လက်သင့်မခံခဲ့။





မုန်းပါရစေ. . . မေ့ပါရစေ. . . ဥပေက္ခာပြုလိုက်ပါရစေ. . .

သို့သော် တစ်နေ့မှ မမေ့နိုင်ခဲ့။ တစ်ရက်မှ မမုန်းဖြစ်ခဲ့။ ယနေ့တိုင် ဥပေက္ခာမပြုနိုင်ခဲ့။

ဖက်ဆွတ်နှင်းရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်သုံးပါးစလုံးကို ပိုင်စိုးအုပ်ချုပ်နိုင်စွမ်းရှိသူဆိုလို့ ဒီကမ္ဘာကြီးမှာ ကိုကြီးတစ်ဦးတည်းသာ ရှိခဲ့တာအမှန်ပါကွယ်။

''မေမေကရော သမီးရှင်ဆိုပြီး မာနမကြီးပြချင်ဘူးလား''

မေမေပြုံးလေ၏။ ဖေဖေရှိစဉ်ကတည်းက အပင်စိုက်တရားနှင့် ပျော်မွေ့ခဲ့သည့်မေမေ့ထံမှာ လောဘကင်းမုန်း ကျွန်မသိနေပါသည်။ ဒါပေမဲ့ ကျွန်မကို ဂုဏ်ယူနိုင်မည့်မိခင်မျိုးကိုတော့ဖြစ်စေချင်တာပါလေ။ မိခင်ချင်းယှဉ်မိကြရင် 'ရို့သမီးကလေ'ဆိုပြီး ထုတ်ဖော်ချီးမွမ်းနိုင်တဲ့သမီးမျိုးအဖြစ် ရှိစေချင်တာပါမေမေ။

''ပန်းတိုင်းမှာ သူ့အရောင်၊ သူ့အဆင်း၊ သူ့ရနံ့နဲ့ အစစပြည့်စုံနေပြီးသားပါ သမီးရယ်၊ ရှင်သန်နေချိန်လေးမှာ ထိုက်သင့်တဲ့သူကို ပိုင်ဆိုင်စေချင်ရုံကလွဲပြီး မေမေဘာကိုမှမမျှော်လင့်ပါဘူး။ အချိန်တန်ရင် မြေပေါ်ကြွေရမယ့် သက်ရှိတစ်ခုအတွက်



www.burmeseclassic.com

www.burmeseclassic.com



'လောဘတက်နေတာကို အပ္ပလို့ပဲ မေမေက်တော့ မြင်တယ်''

''မှန်တယ်''

''အံမယ်. . . လူကြီးကို နောက်တောက်တောက်နဲ့''

''ထောက်ခံတာလေ မေမေရဲ့''

''သားဖေကိုတော့ တစ်ခုခုပြောလိုက်ပါသမီးရယ်။ ဘုမသိဘမသိဖြစ်နေရင် ဘယ်ကောင်းပါ့မလဲ''

''မေမေပဲ ကင်းဆို''

''ဩော်. . . ပြောပြီးရင် ကင်းလို့ရတာပေါ့။ သူငယ်ချင်းတွေ မုန်းလို့ခွဲကြတာမှမဟုတ်တာဘဲ''

'မုန်းလို့'တဲ့။ 'နှင့်ကို ငါမုန်းတယ်၊ ငါနဲ့ဝေးဝေးနေ'လို့များ ပြောမိရင် ကျော် မည်သို့ဖြစ်သွားလေမည်နည်း။ အခန့်မသင့်ရင် သူ့ကိုယ်သူ တစ်ခုခုများ ထလုပ်လိုက်လေမလား။ ရက်ရက်စက်စက်ပြောချလိုက်ရဲရအောင် နှလုံးသားက မမာကျောပါလေ။

''ပြဿနာတက်ဦးမှာပဲ''

''သားဖေနဲ့လား''

''အင်းပေါ့၊ ဒီလိုတွေဖြစ်လာမယ်ဆိုတာကို ကျော် ကြို အသိပေးပြီးသား''





''ဘယ်တုန်းကလဲ''

''တော်တော်တော့ ကြာပြီ၊ သူ့ကိုလက်ခံမှာလားတဲ့''

''အဲဒီတော့''

''လက်မခံရင်တော့ သူနဲ့သမ်းကြားမှာ အခြေအနေတစ်မျိုးပြောင်းသွားလိမ့်မယ်တဲ့လေ''

'နောင်တ'တဲ့။ ဒီစကားလုံးကို ကျွန်မ ဘာကြောင့်မေ့ထားခဲ့မိတာပါလိမ့်။ 'ကိုယ်တို့ကြားက ကြိုးကို ဘယ်သူက တိခနဲပြတ်အောင် ဖြတ်နိုင်မလဲ'တဲ့။ 'ကိုယ့်ကိုလက်မခံနိုင်ရင် ရင်းနှီးရမယ့်အံရင်းအနှီး အကြီးကြီး'တဲ့လား။

လက်စသပ်တော့ ကျော်ဆိုလိုတာ ဒီကိစ္စဖြစ်နေတာလေ။ ချစ်သူအဖြစ် မရွေးချယ်ဖြစ်တာနှင့်ပဲ သူငယ်ချင်းရာဇဝင်ကို အပြီးသတ်ပယ်ဖျက်ပစ်ရမှာကတော့ ဆိုးလွန်းပါတယ် ကျော်။ တိုးတိုးဖော်၊ တိုင်ပင်ဖော်၊ ရန်ဖြစ်ဖက်၊ စကားနိုင်လုဖော်ဆိုပြီး နှစ်ကိုယ်ကြားတီးတိုးရှိခဲ့သမျှ အရာအားလုံးကို မေ့ပစ်ရရင်တော့ တရားရာကျတာ အမှန်ပါလေ။

လောကမှာ ဖြတ်ရအခက်ဆုံးကြိုးဆိုတာ ဒီသမုဒယကြိုးတစ်ခုတည်းပဲရှိမှန်း သိပါလျက်နှင့် ဤသို့ အနှတ်အောက်



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် ပြုလုပ်ရပါသလဲ။ ကျွန်မကို တစ်ဖက်တည်းချ နိုင်းရုံနဲ့ ရမယ်လို့များ ထင်နေသလား။ ဒါဖြင့် ကျော်ကရော ကျော်ကိုယ်တိုင် ကျွန်မကိုကျောပေးရပ်နေရင်တော့ တစ်မျိုးပေါ့ လေ။

ကောင်းပြီ အန်တီ၊ ကျွန်မဘက်က တသီးတသန့်နေ နိုင်ပေမယ့် ကျော်သာ ကင်းကင်းမနေနိုင်ရင် ဘာမှမတတ်နိုင် ဘူး။ အရာရာဆင်ခြင်နိုင်စွမ်းရှိပေမယ့် နိုင်လိုစိတ်က မာနကို ထိုးဆွပေးနေပြီမို့ စိန်ခေါ်ရင် ဘွာမခတ်စတမ်းပါပဲ။

တို့ ဆုံကြရဦးမယ် ကျော်။

"နောက်ကျနေပြီ၊ သိမ်းသွားတော့မယ်မေမေ"

"အေးအေး. . . နေလို့သိပ်မကောင်းဘဲ ပေတေပြီး အလုပ်တွေဆက်လုပ်မနေနဲ့နော် နှင်း။ သိပ်ပင်ပန်းရင် အိမ်ပြန် လာ"

"ဟုတ်ကဲ့ပါ မေမေရယ်"

ဆေးသောက်ပြီးသည်နှင့် အိမ်မှထွက်လာခဲ့၏။ ကားကို ဂရုတစိုက်မောင်းခဲ့ပြီး ကုမ္ပဏီကိုရောက်တော့ မနက် (၁၀)နာရီ ထိုးနေလေပြီ။ တစ်ခါမှနောက်မကျဘဲ လာတာမို့ အထူးအဆန်း





ဖြစ်နေတာကြောင့် ဝန်ထမ်းတွေ အံ့ဩကြလေ၏။

"ပုံပုံ"

"ရှင်. . . မမ"

"ဒီနေ့ စောစောပြန်မယ်၊ ညေ့သူညသွေ ကြို Date ထားသမျှ ဘာတစ်ခုမှလက်မခံနဲ့"

"မမ နေမကောင်းဘူးလား"

"အေး"

နေ့လယ်စာစားချိန်မှာ ဘာမှမစားဖြစ်ပေမယ့် ပုံပုံအလိုက် တသိလာပို့ပေးသည့် ကော်ဖီနှင့်ပေါင်မုန့်နှစ်ချပ်ကိုတော့ ဝင်အောင် စားလိုက်ရပါ၏။ အစာရှိမှ ဆေးသောက်လို့ဖြစ်မှာကိုး။ အလုပ် တွေကို မျက်လုံးအတင်းပြူးပြကြည့်ရင်း လုပ်နေရလေသည်။

ဆေးထဲမှာ အိပ်ဆေးတွေပါတာ ဖြစ်မည်ထင်ပါရဲ့။

⅄ ⅄ ⅄



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

''ဒေါက်! ဒေါက်! ''

''ဘယ်သူလဲ''

''ပုံ့ပုံ့ပါ''

တံခါးဟလျက် ခေါင်းလေးသာ ပြူဝင်လာသည့်ပုံ့ပုံ့က ဈွန်မအော်ထုတ်မှာကို စိုးရိမ်ပုံနှင့်ပါလေ။ နေမကောင်းလို့ မနည်းကြိုးစားလုပ်နေရတာပါဆိုနေမှ ဘာပြဿနာရှာချင်ပြန်ပါလိမ့်။

''ဘာလဲ''

''ဧည့်သည်ရောက်နေလို့''

''ဟာ! ငါဘယ်သူနဲ့မှ မတွေ့ချင်ဘူးလို့ ကြိုပြောထား



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ"

"တွေ့မှဖြစ်မယ်လို့ ပြောနေလို့ပါ"

"ကျစ်! ခက်တာပဲ၊ ကဲကဲ. . . လွှတ်လိုက်"

"ဟုတ်ကဲ့"

တွေ့မှဖြစ်မှာတဲ့။ ကေန္တ ကျော်များဖြစ်နေမလား။ ဒင်းတော့ ကမ္ဘာကြီးကနေ လစ်ထွက်ပြန်ပြီထင်ပါရဲ့။ ချွေးစို့လာသည့် နဖူးထက်မှာ လက်ကိုင်ပဝါဖြင့် အသာအယာချွေးသုတ်လိုက်မိစဉ် အခန်းတံခါးပွင့်သွားလေ၏။

"ဟင်! "

အခန်းတွင်းသို့ ရေမွှေးနှင့် Make-up ရနံ့တွေ အလုံးအရင်းဖြင့် ဝင်လာလေ၏။ အလိုလေး! ဘယ်ကနေဘယ်လို ဒီကိုသူမ ရောက်လာတာပါလိမ့်။ ကျော်ကတော့ မည်သို့နေမည်မသိ၊ ကျွန်မဖြင့် သူမအနားရောက်လာတာနှင့် ခေါင်းက ချက်ချင်းကိုက်လိုက်လေပြီ။

"တို့ သီဂီရွှေစင်ပါ"

"ထိုင်ပါ"

ဝတ်စုံဖြူစွတ်စွတ်ကြောင့် ဒီနေ့ ကျွန်မဝတ်လာသည့်





ခဲရောင် Fashion က ပိုမှိန်သွားသလိုနှယ်။ အင်းပေါ့လေ၊ နာမည်ကြီး Model ဆိုတော့လည်း ပိုတောက်ပနေမှဖြစ်မှာကိုး။

"ယူက ဖက်ဆွတ်နှင်းလား"

"ဟုတ်တယ်၊ လာရင်းကိစ္စက" ,

"ကိုကျော်ဇေယျာနဲ့ပတ်သက်တဲ့ကိစ္စပါ"

ကျွန်မ ပြုံးချင်ချင်ဖြစ်သွားရပါ၏။ ဘယ့်နှယ် ကျော်တစ်ယောက်တော့ ခုတလော Star ဖြစ်နေတာလေ။ ဟိုနေ့ကပဲ ကျော့်ကိစ္စနဲ့ အန်တီအေးကို သွားတွေ့ခဲ့ရသေးတာ။ ခုတစ်ခါ သီဂီရွှေစင်က ကျော်နဲ့ပတ်သက်တဲ့ကိစ္စနဲ့ ရောက်လာပြန်ချေပြီ။

"ပြောပါ"

"ယူနဲ့ကိုကျော်ဇေယျာကို သူငယ်ချင်းတွေမှန်း တို့သိထားပါတယ်"

"ဟုတ်တယ်"

"တို့တက်က ယူ့ကိုတောင်းဆိုစရာရှိလာလို့ ရောက်လာရတာပဲ"

လာပြန်ပြီ တောင်းဆိုစရာ။ အန်တီအေးကတော့ မတွေ့ရပ်ခံတာပါလို့ သိမ်သိမ်မွေ့မွေ့လေး သုံးသွားပေမယ့် သိပ်မထူး



www.burmeseclassic.com

www.burmeseclassic.com



ခြားပါလေ။

"နေပါဦး မင်းနဲ့ငါက ဘာပတ်သက်မှုများရှိနေလို့ အခု လို ငါ့ပိုင်နက်ထဲအထိ ရောက်လာပြီး တောင်းဆိုချင်ရတာလဲ"

မျက်ဝန်းက လက်ခနဲတောက်ပသွားလေ၏။ အရှိက် ထိလေသလား။ တစ်ကြိမ်တစ်ခါမှမတွေ့ဖူးပါဘဲ အထက်စီးဆန် ဆန် လာပြောနေသည့် Style မျိုးကိုတော့ မျက်မုန်းကျိုးမိတာ အမှန်။ ဒီပုံစံကို ကျော်စိတ်မဝင်စားတာ လွန်မှမလွန်တာဘဲ။

"ယူနဲ့တို့ ဘာမှမပတ်သက်ပေမယ့် ကိုကျော်ဇေယျာ ကတော့ ယူရောတို့နဲ့ပါ သက်ဆိုင်သူမို့ပါ"

"ကျော်နဲ့ငါက သူငယ်ချင်းပဲ၊ အဲဒါ ဘာဖြစ်လို့လဲ"

မျက်နှာလေး အမ်းသွားလေ၏။ 'ကျော်'လို့ ခပ်ပိုင်ပိုင် ခေါ်လိုက်တာကြောင့်များလား။ ဒီလိုပဲခေါ်နေကျမို့ ကျွန်မအတွ မထူးဆန်းတော့ပါလေ။

"သူ့ကို ယူ အဲဒီလိုပဲခေါ်တာလား"

"ဒါပေါ့"

"သူက အဲဒီလိုခေါ်ဖို့ ခွင့်ပြုထားသလား"

ပြုံသနာပဲ။ နေမကောင်းဖြစ်ချင်နေလို့ ညစ်နေပါတယ်





ဆိုမှ အရစ်များသည့် ဂျပန်မှုလီနဲ့မှ လာတိုးနေရတယ်လို့၊ မျက်စိ ရှေ့ ရှိနေသည့်ချာတိတ်မလေးကို အမြင်ကပ်ဖို့ထက် ရယ်ချင် စိတ်တို့သာ ဖြစ်တည်လာတာအမှန်ပါပဲ။

"အဲဒီလိုမခေါ်လို့ ဘယ်လိုခေါ်ရမှာလဲ။ ကိုကိုလို့ခေါ်ရ မှာလား။ ဒါမှမဟုတ် မောင်လို့ခေါ်ရမှာလား"

"ယူ! ယူ. . . စကားကို ကောင်းကောင်းပြောပါ"

မျက်နှာနီသွားသည့် ကောင်မလေးကြောင့် ကျွန်မ ပြုံး လိုက်မိတော့၏။ ဒီကလည်း ခပ်ရွဲ့ရွဲ့၊ ဟိုကလည်း ခပ်ပိုပိုတော့ ထိပ်တိုက်တွေ့နေရပြီလေ။ အခေါ်အဝေါ်ကအစ လိုက်ပြောင်းရ အောင် ကျော့်ကို သူမ တကယ်ပိုင်ဆိုင်နေပြီမို့လို့များလား။ ဘယ် လိုလဲ ကျော်။

"ဟုတ်တယ်လေ၊ မင်းက ငါနဲ့ကျော့်ကို ဟိုလိုမခေါ်နဲ့ ဒီလိုမခေါ်နဲ့လို့ Power လာပြနေတာကိုး"

"တို့နဲ့ကိုကျော်ဇေယျာက သိပ်မကြာခင်မှာ Engage လုပ်ဖြစ်ကြတော့မှာ"

"အဲဒီတော့"

"အဲဒီတော့ ယူ. ကိုကျော်ဇေယျာနဲ့မပတ်သက်တော့ဖို့



www.burmeseclassic.com

www.burmeseclassic.com



လာအသိပေးရတာပဲ''

''မပတ်သက်ဖို့ အသိပေးတာ''

''ဟုတ်တယ်''

အတော့်ကို တရားကျစရာကောင်းတဲ့ ယောက်ျားမနဲ့ရွေး ပါလားနော်။ တစ်ယောက်တစ်မျိုး Order လာပေးနေတဲ့ Targ က 'ကျော်' တဲ့လေ။ ကျောင်းမှာတုန်းကလို တဟားဟားနဲ့ လျော့ ပြီး ရယ်ချလိုက်ချင်ပါရဲ့။

''ငါတို့နှစ်ယောက် သူငယ်ချင်းဆိုတာ''

''သိတယ်''

''သူငယ်ချင်းတောင်မဖြစ်ရဘူးလို့ မင်း ဆိုလိုချင်တာ လား''

''ဟုတ်တယ်''

''ဘာကြောင့်လဲ''

''မကြိုက်လို့ပေါ့''

တစ်လွဲကြီးပဲ။ တကယ်ဆို ကျော့်ကို စိတ်ဝင်စားနေ ချစ်နေလို့လို့ သူမဖြေလိုက်ရမှာလေ။ အခုတော့ ကျွန်မကိုမကြိုက် လို့တဲ့။ ဟာသပါပဲလား။





''ငါ့ကိုကြိုက်စရာမလိုပါဘူး၊ မင်းကြိုက်ရမှာ ကျော့်ကို ပဲဟာ''

''ဖက်ဆွတ်နှင်း. . . ယူ မရိုင်းနဲ့နော်''

''ငါက ရိုင်းနေတာမဟုတ်ဘူး သိဂီရွှေစင်ရဲ့။ မင်းကသာ ငါ့ပိုင်နက်ထဲအထိ ဝင်လာပြီး ငါ့သိက္ခာကို စော်ကားနေတာ''

''ဒါ တို့ဘက်က ပြောသင့်ပြောထိုက်လို့ လာပြောရတာ ပဲလေ။ ကိုကျော်ဇေယျာကို ယူ ပတ်သက်နေတာကို တို့မကြိုက် ဘူး။ ဒါကြောင့် ယူ့ဘက်က အနေအထိုင်ဆင်ခြင်ဖို့ပြောရတာ ပဲ။ တို့ပတ်ဝန်းကျင်မှာ တို့နဲ့စေ့စပ်ပေးမယ့်လူကို သန့်သန့်လေး ပဲ ပြင်စေချင်တယ်။ သူ့ဘေးမှာ ဟိုမကျဒီမကျ မိန်းမတစ်ယောက် တကပ်ကပ်ဖြစ်နေတာကို အဖြစ်မခံနိုင်ဘူး''

''ဘာ! ''

''ယူ့သိက္ခာကို ယူ ငဲ့ကွက်ရင် ယူ့ဘက်က ဆင်ခြင်ပါ၊ ဒါပဲ''

အားပါးပါး! ရုပ်နဲ့မလိုက်ဖက်အောင် ပညာငှဲ့ကွန်းလှချည် လား။ ယောက်ျားတစ်ယောက်အတွက်နဲ့ပတ်သက်ပြီး သူစိမ်းတစ် ယောက်ရှေ့မှာ ဒီလိုလာပြောနေတာကမှ သိက္ခာမဲ့လွန်းတဲ့အခြ



www.burmeseclassic.com

www.burmeseclassic.com



အနေပါလေ။ ဤသို့ပြောမည်တင်မထားတာမို့ သူမမျက်နှာလ

လေးကို ကျွန်မအငေးသားကြည့်နေမိပါ၏။

စော်ကားတာ၊ ဒါ ထိထိမိမိကြီး တည့်တည့်စော်က

လိုက်တာပဲ၊ မိန်းမတစ်ယောက်ရဲ့မာနကို ဒီလိုလွယ်လွယ်

ဖဲ့ချပြလို့ရမယ်များထင်နေလား။ မှားမယ် သိဂီရွှေစင်။

''မင်းမှားနေပြီ''

''မမှားဘူး။ တို့ပြောနေတာ အမှန်ပဲ''

''ဒီစကားတွေကို ကျော့်ကို သွားပြောရမှာ''

''ဘာရှင့်''

''ဘယ်သူက ဘယ်သူ့ကို တကမ်းကပ်ဖြစ်နေသလဲ

တာ မင်းသေချာမသိဘဲနဲ့ ငါ့ကိုဒီလိုတွေလာမပြောနဲ့ သိဂီရွှေ

ဒီလိုမိန်းမနဲ့ပတ်သက်ပြီး ကျော့်ကိုပါ ကျွန်မသိကျွ

ရက်ပါလေ။ ကျွန်မကို မရမကစောင့်စားနေတဲ့ကျော့်ကို မချ

ပေမယ့် ဒီလိုမျိုးပစ်ပစ်ခါခါ ပက်ပက်စက်စက်အဖြစ်မျိုးနဲ့

နာလွှဲခဲပစ် ပြောမထွက်ပါချေ။

''မင်းလူကို မင်းပိုင်ရင် ငါ့ကို ဒီအထိ မင်းလာ

စရာတောင်မလိုဘူး''





''အို! တို့နဲ့သူက''

''မင်းတို့ချင်း စိမ်းတာကျက်တာတွေ ငါစိတ်မဝင်စား

ဘူး သိဂီရွှေစင်။ ငါနဲ့မပတ်သက်ဖို့ကို ကျော့်ကိုပဲသွားပြော။ ကျော့်

ကိုပဲ သွားပိတ်ပင်ပါ။ တားဆီးပါ။ အေး. . . ကျော့်သာ ကျောပေး

ထားမယ်ဆိုရင် ငါ့ဘက်က ဘယ်တော့မှခေါ်မှာမဟုတ်ဘူး။ အဲဒါ

ငါ့အသက်နဲ့ရင်းပြီး ပေးတဲ့ကတိပဲ''

ငါရင်နာတယ် ကျော့်။ ဘာမှမဟုတ်သေးပါဘဲ ငါ့ကို

ဒီလိုစော်ကားမော်ကားပြောခံရတာ ဒီတစ်ကြိမ်ပဲ ရှိသေးတာပါ။

သူငယ်ချင်းဆိုတဲ့ပြယုဂ်တစ်ခုကြောင့် ငါသည်းခံပေးလိုက်မယ်

ကျော့်၊ ဒါပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်ပဲဖြစ်ပါလိမ့်မယ်။

''ကောင်းပြီလေ၊ ယူ့ကတိကို ယူတည်မယ်ဆိုရင် ပြီး

တာပဲ''

သူမက အနိုင်ရသည့်အပြုံးမျိုးဖြင့် ထရပ်လိုက်လေ၏။

ခက်တော့ခက်သား သိဂီရွှေစင်။ ဖက်ဆွတ်နှင်းဆိုတဲ့ငါကလည်း

ဘာမဆို ခပ်လွယ်လွယ်နဲ့အလျှော့ပေးကျင့် ရှိမနေလို့ပါလေ။

ကျော့်မေမေပြောတုန်းက ငါငြိမ်နေမိခဲ့ပေမယ့် အဲဒီငြိမ်နေတဲ့ရေ

ကို ဂယက်ထလာအောင် မင်းက စလုပ်တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ ရှိတယ်"

အခန်းဝရောက်သွားစဉ် သူမခြေလှမ်းတို့ ရပ်သွား[illegible] ၏။ ဒီလိုပဲဖြစ်ရမယ်လေ။ ဖက်ဆွတ်နှင်းဆိုတာ သူများကြိုး[illegible] ရာ ကဘတ်တဲ့ရုပ်သေးရုပ်လေးမဟုတ်ဘူးဆိုတာကို မင်းသိသွ[illegible] ရလေအောင် ပါးပါးလေးထိလိုက်ရုံပါပဲ။ အလှည့်ကျရင် မနဲ့စ[illegible] ဆိုတာကို မင်းသဘောပေါက်သွားရုံလေးပါနော်။

"ကျော့ဘက်က နောက်မဆုတ်ဘူးဆိုရင်တော့ ငါ[illegible] လည်း ရပ်မနေနိုင်တော့ဘူးဆိုတာပါ"

"ယူ့. . . ယူ့. . ."

"ငါ့ဆီက ကျော်မျှော်လင့်ထားတဲ့အရာက အခုဆို ဆ[illegible] နှစ်ကျော်နေပြီမို့လို့ ကျော့ကို ကရုဏာထားပြီး. . ."

"မပြောနဲ့ . . မကြားချင်ဘူး"

နားနှစ်ဖက်ပိတ်ကာ အော်လိုက်တာမို့ ကျွန်မဟက်ဟ[illegible] ပက်ပက် ရယ်လိုက်မိတော့၏။ အချစ်ဆိုတာ ပူလောင်တဲ့သ[illegible] ရှိတယ် သိဂီရွှေစင်။ အဲဒီမီးကို ငါမျိုချထားတာ အချိန်အ[illegible] ကြာခဲ့ပါပြီ။ အခုတော့ ကျော့ကိုချစ်တဲ့ချစ်စိတ်တွေနဲ့ မင်းပူလော[illegible] တော့မှာ အသေအချာပဲ။

ရွှေပဒေသာစာပေ



"ယူ့ကိုသိပ်မုန်းတယ်"

တံခါး ဝုန်းခနဲပိတ်သွားစဉ် ကျွန်မပါးပြင်ထက်သို့ မျက်ရည်ပူတို့ စီးကျသွားတော့၏။ မငိုချင်ဘူး ကျော့။ အထူးသဖြင့် နှင့်ကြောင့်နဲ့ ငါမျက်ရည်မကျချင်ဘူး။ ငါငိုရင် နှင်မပြင်ချင်ဘူး လို့ပြောခဲ့ဖူးတယ်မဟုတ်လား။ နှင်မဟုတ်တဲ့လူကြောင့် ငါမျက်ရည်ကျတာကို ရပ်သင့်ပြီဆို။

အခုတော့ အဲဒီလူကြောင့်မဟုတ်ဘဲ နှင့်အတွက်နဲ့ ငါမျက်ရည်ကျနေရပြီ ကျော့။ ဒါကို နှင်သိပါရဲ့လား။ သူငယ်ချင်းတဲ့။ အဖြူရောင်စည်းရိုးကို ဒီအတိုင်းလေး သိမ်းသန့်ထားလိုက်ပါတော့လား။ ဘာလို့များ အပြာရောင်ပြောင်းချင်ရတာပါလိမ့်။

ဝေးဝေးနေကြရအောင် ကျော့။ ဒီ့ထက်ပိုဝေးတဲ့နေရာမှာပဲ နှင်မမြင်အောင် ငါနေလိုက်တော့မယ်။ ဟိုတုန်းကအကြောင်းတွေကို ဆွေးမြေ့သွားတဲ့စာရွက်တွေအဖြစ်နဲ့ပဲ ထားလိုက်ကြရအောင်။ ဟိုစဉ်ကတည်းကလို ထစ်ခနဲရှိ ငါ့ဆီရောက်လာတတ်တဲ့နှင့်ကို အရိပ်လိုအဖြစ်နဲ့ပဲ ခပ်ဝါးဝါးလေး ထင်ကျန်ရစ်ပါတော့မယ်။

သမုဒ္ဒရာခြားမှတော့ ပင်လယ်ကူးသင်္ဘောကြီးလည်[illegible]

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှတတ်နိုင်တော့မှာမဟုတ်ဘူး ကျော်။ နှင်းရာလို့ မကြာခဏ ရေရွတ်တတ်လေ့ရှိတဲ့နှင့်အကျင့်ကို နှင်မေ့ဖျောက်နိုင်ပါစေ။

ဩော်. . . ကျော်ရယ်။

''နှင်း''

''ဟင်''

အခန်းဝမှာပေါ်လာသည့်သူ့ကြောင့် ဖျတ်ခနဲထရပ်ကာ မှန်ချပ်ဘက်သို့ မျက်နှာမူလိုက်ရလေ၏။ မျက်ရည်တွေကို သူ မမြင်ပါစေနှင့်။

''နှင်း. . . ခုနတုန်းက''

''ပြန်တော့၊ နှင့်မျက်နှာကို ငါမမြင်ချင်တော့ဘူး''

''ဟာ! နှင်းဘယ်လိုပြောလိုက်တာလဲ''

''မုံပုံ. . . ငါဘယ်သူ့ကိုမှမတွေ့ချင်ဘူးလို့ ပြောထား တယ်မဟုတ်လား''

''နှင်း''

လက်မောင်းကို ဖျတ်ခနဲလာဆွဲလိုက်စဉ် ခေါင်းထဲ မိုက် ခနဲဖြစ်သွားပြီး ကျွန်မကမ္ဘာကြီး အမှောင်ကျသွားလေ၏။

▲ ▲ ▲



# အခန်း (၁၅)

''ဘယ်သူ''

''River ကုမ္ပဏီလို့ပြောတာပါ အစ်ကိုကြီး''

''မဟုတ်ဘူး၊ MD နာမည်ကိုပြောတာ''

''ဩော်. . . ဒေါ်ဖက်ဆွတ်နှင်းပါ အစ်ကိုကြီး၊ Construction လောကကို အသက်ငယ်ငယ်လေးနဲ့ဝင်လာပြီး နာမည်ကြီးလာခဲ့တာ။ အခု အစ်ကိုကြီးလိုချင်နေတဲ့မြေကွက်ကို''

''တော်တော့''

သူလက်ထောင်ပြလိုက်ပြီး ခုံမှထရပ်လိုက်မိ၏။ ညှိုခန်း ပြတင်းပေါက်ဆီ လျှောက်လာခဲ့ပြီး မတည်မငြိမ်ဖြစ်နေသည့်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ငြိမ်သက်အောင်ပြုလုပ်နေရလေသည်။ ပြတင်းဘောင်ကို ကိုင်ထားသည့်သူ့လက်တို့က တင်းတင်းကျပ်ကျပ်။

"ဖက်ဆွတ်နှင်း" တဲ့။

ဘုရားရေ! သူလုံးဝမေ့လျော့ထားခဲ့မိတဲ့ အမည်သညာ တစ်ခုကို ရုတ်တရက်ကြားလိုက်ရတာပါလား။ အာရုံထဲ ဖျတ်ခနဲ ပေါ်လာသည့်မျက်နှာနုနုလေးကို သူ မျက်စိမှိတ် ခေါင်းခါလျက် ရှင်းထုတ်လိုက်ရလေ၏။

"ကိုကြီး" တဲ့။ တဖွဖွခေါ်ခဲ့တဲ့အသံချိုချိုနဲ့ကောင်မလေး ပါ။ သူ့အနီးမှာ အရိပ်တစ်ခုလို တဝဲဝဲရှိနေခဲ့သည့်မိန်းကလေး အန်ကယ်ဦးကျော်ဇေရဲ့အိမ်ကိုရောက်စဉ်က အဲဒီအိမ်မှာ အသက် (၁၆)နှစ်အရွယ် ကလေးမလေးတစ်ယောက် ရှိနေလိမ့်မယ်လို့ သူ လုံးဝထင်မထားမိခဲ့တာအမှန်ပါ။

အန်ကယ်သင်ပေးခဲ့လို့ ကုမ္ပဏီလုပ်ငန်းအကြောင်းကို သူ ဂဃဏနသိမြင်တတ်မြောက်ခဲ့ရတာပင်။ လက်ထဲမှာ ဘာဆို ဘာမှမရှိ၊ ပညာကိုမတောက်တခေါက်သင်ခဲ့။ စီးပွားရေးဆိုတာ ကို နကန်းတစ်လုံးနားမလည်သည့်သူ့ကို လူယုံတစ်ဦးလို အန်ကယ် သင်ကြားပြသပေးခဲ့တာလေ။





သူဝင်ထွက်နေကျအိမ်ထဲမှာ (တစ်လကျော်ကာလ) ညနေ ခင်းမှာ ထိုင်နေစဉ် လိုက်ကာနောက်ကွယ်ရပ်နေသည့် ခြေဖမိုး ဖွေးဖွေးလေးတွေ၊ ခြေမလေးနှစ်ခုကိုထပ်၍ ဆော့ပုံကိုက ကလေး တစ်ယောက်ဟန်အပြည့်။ လိုက်ကာကိုဆုပ်ကိုင်၍ မျက်လုံးတစ် ဖက်တည်းဖြင့် ချောင်းကြည့်မှန်း သူသိသော်ငြား သတိမပြုမိခဲ့ ပါ။

ဒီအိမ်က ထမင်းကိုစား၊ ဒီအရိပ်ကိုခိုခွင့်ရမှတော့ နေ တတ်ထိုင်တတ်မှုမရှိရင် သူ့ဘဝပျက်သွားနိုင်တယ်လေ။ မပြင် ယောင်ဆောင်ပေမယ့် ဖျတ်ခနဲ မကြာခဏရောက်လာတတ်တဲ့ ခြေသံခပ်ဖွဖွ။ ဆံပင်နှစ်ဖက်ခွဲချည်ထားသည့် မြီးကောင်ပေါက် မလေး၏မျက်နှာထက်မှ သနပ်ခါးပါးကွက်လေးထံမှ ရနံ့သင်း သင်း။

မရယ်မပြုံးဖြစ်နေသည့်မျက်နှာကိုမှ ဂရုတစိုက်ကြည့်ပြီး စကားပြောတတ်တဲ့အကြည့်နက်နက်လေးတွေ၊ အန်ကယ်နှင့် အန် တီ့အပေါ် ဖော်ရွေစွာစကားတွေပြောဖြစ်သော်ငြား သူမအပေါ်မှာ တော့ မည်သည့်အပိုစကားကိုမှမပြောဖြစ်ခဲ့။

အရွယ်ရဲ့ကွာဟမှုကို အကြောင်းပြုပြီး ခပ်တန်းတန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံခြင်းကိုမှ သူမအသည်းတယားယားဖြစ်စေခဲ့လေသလား။ မတူမတန်သလိုပြုမူချက်တွေက သူမရင်ကို လှုပ်ခတ်စေသလို ဖြစ်ခဲ့တာများလား။ ပြန်ခါနီး ခြံထဲမှာ မယောင်မလည်ရှိတတ်ပြီး တစ်ခွန်းစနှစ်ခွန်းစပြောလေ့ရှိသည့် သမုဒယလက်ာတွေ။

မတူဘူးဆိုတာကိုများ သူမ တွေးမိပါရဲ့လား။ သူစိမ်းယောကျာ်းတစ်ဦးနှင့် တရင်းတနှီးမရှိဖူးမှန်း သူသိပေမယ့် အလုပ်ရှင်ရဲ့သမီးနဲ့ အလုပ်သမားဆိုသည့်အဆင့်ကို သူက ပိုသိရမယ်လေ။ အရွယ်ရောက်နေပြီဖြစ်တဲ့သူက ကလေးတစ်ယောက်ရဲ့စိတ်ကို ထိန်းမပေးနိုင်ရင် 'လူယုတ်မာ'ဆိုတဲ့နာမည်ဆိုး ခေါင်းစဉ်တပ်ပါက သူ့ဘဝပျက်မှာ အသေချာဆုံးပါပဲ။

ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက်သေဆုံးသွားသည့် အန်ကယ်ဦးကျော်ဖေရဲ့ကျေးဇူးကို သူဘယ်လိုပြန်ဆပ်ရမှာပါလဲ။ ကုမ္ပဏီအရှုံးပေါ်ခဲ့ပြီး လျော်ကြေးတွေ ပေးဆပ်ခဲ့ရတာ ဘဏ်လက်ကျန်က မရှိသလောက်နှယ် လုံးလုံးကုန်ဆုံးခဲ့တာလေ။ သူ့အတွက် လခပေးသည့်ငွေကို ဘဏ်စာအုပ်ထဲမှာ စုခဲ့သလို အန်ကယ်သိမ်းပေးထားသည့်အတွက် စုစုပေါင်းငွေက ဆယ်သိန်း ရှိနေတာမို့ သူအံ့သြသွားခဲ့ရတာပါ။





သူ့အမည်နဲ့ စာအုပ်ထဲမှငွေကို အန်တီဒေါ်ရီရီမေ၏လက်ထဲသို့ သွားအပ်ခဲ့ပေမယ့် အန်တီက လက်မခံခဲ့ပါလေ။ ထိုသို့ အန်ကယ်ပေးခဲ့သည့်ငွေအရင်းအနှီးဖြင့် စီးပွားရေးကို သူမျိုးထောင်ခဲ့တာမို့ အခုဆိုရင် သူ့နာမည်ဟာ စီးပွားရေးလောကမှာ ကြယ်တစ်ပွင့်နှယ် ထွန်းတောက်ဖြစ်ခဲ့တာပေါ့။

ဘဝကို ခပ်ပေါ့ပေါ့လေး တွေးတတ်တဲ့ ဤကလေးမလေးကို ဒီလိုမျိုးထင်ပေါ်လာလိမ့်မည်ဟု သူလုံးဝမထင်ခဲ့မိတာ အမှန်။ ဘယ်လောက်များ အံ့သြစရာကောင်းလိုက်ပါသလဲ။ သူ့အပေါ်မှာ တိတ်တခိုးပျော်ဝင်ခဲ့ဖူးတဲ့ ခပ်ငယ်ငယ်ကောင်မလေးကို အထင်သေး လျှော့တွက်ခဲ့မိတာလေ။

'ဖက်ဆွတ်နှင်း'ရဲ့ 'River Construction' တဲ့လား။ အခုတော့ သူလုပ်သမျှလုပ်ငန်း၊ သူလိုချင်တဲ့မြေနေရာမှန်သမျှကို လိုက်လံ ထိုးနှက် လုဝယ်နေတဲ့ကုမ္ပဏီက သူမ၏ကိုယ်ပိုင် ကုမ္ပဏီတဲ့။ ထူးဆန်းပါပေ့။ ဤသို့လမ်းကြောင်းမျိုးဖြင့် ဤမိန်းကလေးက သူ့ပခုံးကို ယှဉ်တိုက်နိုင်တဲ့သူ ဖြစ်နေတာလေ။

အတွေးဖြင့် သူတစ်ချက်ရယ်မိလေ၏။ အမှတ်သညာကြီးလှချည်လား ချာတိတ်ရယ်။ မင်းကို အမှတ်တမဲ့ မရှည်ပြုယ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ပြောခဲ့မိတဲ့စကားတစ်ခွန်းကို အသည်းထဲ စွဲမှတ်နိုင်ရတယ်လို့။ 'ကိုကြီး' 'နှင်းကလေ' ဆိုပြီး အကြောင်းမရှိအကြောင်းရှာ စကားလာရောတဲ့ဟန်မျိုးတွေ ခုချိန်မှာ ရှိပါဦးမလား။

ကြာတော့ကြာခဲ့ပါပြီ ဖက်ဆွတ်နှင်း။ မေ့မေ့လျော့လျော့နေခဲ့တာမှန်ပေမယ့် မင်းနဲ့အန်တီ့ကိုဆပ်ဖို့ ကျေးဇူးတွေကို အခုထိ ကိုယ်စုဆောင်းထားတုန်းဆိုတာကို ဝန်ခံပါရစေ။ အခုလက်ရှိ ကိုယ်ပိုင်ဆိုင်သမျှအားလုံးကို မင်းလက်ထဲလွှဲပေးဖို့ ကိုယ့်ရည်ရွယ်ချက်ကို မင်းဘယ်လိုမြင်လိမ့်မလဲ။

ယုံကြည်ဖို့အတွက်တော့ မင်းထံမှာ အရည်အချင်းပြည့်ဝမှုဖြစ်လိမ့်မယ်နော်။ ဒါမှသာ မင်းအဖေထားပေးခဲ့တဲ့ငွေရင်းမှန်သမျှ မပျောက်ပျက်အောင် မင်းဆက်ထိန်းပေးနိုင်မှာလေ။ အဲဒီလိုအဆင့်ရှိနေမှလည်း မင်းကို ကိုယ်စိတ်ချလက်ချလက်လွှဲနိုင်မှာမို့ပါပဲ။

ကောင်းပြီ။ ကိုယ်နဲ့ပခုံးယှဉ်တိုက်ကြဖို့ မင်းကိုစိန်ခေါ်လိုက်ပြီ ဖက်ဆွတ်နှင်း။ စကြစို့။

"သူဘယ်မှာနေသလဲ"

"ခင်ဗျာ"





"ကျစ်! ဖက်ဆွတ်နှင်း လက်ရှိနေထိုင်တဲ့နေရာကို မေးနေတာလေ မိုးနိုင်ရာ"

"ဩော်. . . ဒီမှာ သူ့ Visiting card ပါ အစ်ကိုကြီး။ Hand Phone နံပါတ်ကတော့ ခုတလောလေးကပဲ ပြောင်းသွားလို့ မမှန်တော့ပါဘူး"

သူ့ PA လှမ်းပေးလိုက်သည့် ရွှေအိုရောင်ကတ်လေးကို သူလှမ်းယူလိုက်ပါသည်။ တကယ့်ကို လှလှပပလေးပါပဲလား။ အရင်လို ချစ်စဖွယ်ဟန်လေးတွေ မင်းဆီမှာရှိနေတုန်းပဲလားကွယ်။ အာရုံထဲ မြင်ယောင်မိတဲ့ ပုံစံလေးက လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်ကာလတုန်းက ရှိစဉ်အတိုင်းပါလေ။

"အစ်ကိုကြီး"

"ပြော"

"ဒီမြေကွက်ကို ရအောင်ယူဦးမှာလား"

"ယူရမှာပေါ့"

"သူ့ဘက်က လျှော့ပေးမှာမဟုတ်ဘူး အစ်ကိုကြီးရဲ့။ မလွယ်ဘူး"

"ဘုန်းစကြာဘဝမှာ လိုချင်တာမရတဲ့အခါမျိုး ဘယ်နှခါ



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့လဲ မိုးနိုင်''

မောင်မိုးနိုင် နှုတ်ဆိတ်သွားလေ၏။ လုပ်ငန်းကိစ္စကို အိမ်အထိခေါ်ယူပြီး လုပ်တတ်တာမို့ အလုပ်အကြွေးမတင်တာပါ ပဲ။ အဲဒီလို အလုပ်လောဘကြီးတဲ့ အတတ်ပညာပေးသူကတော့ အန်ကယ်ဦးကျော်ဇေ မဟုတ်ပါလား။ ဒီအဖေနဲ့တူတဲ့သမီးက တော့ ကမ္ဘာပေါ်မှာရှိနေပြီလေ။

''ဟုတ်ပါတယ်. . . ဒါပေမဲ့ အဲဒီအမျိုးသမီးကလည်း အစ်ကိုကြီးလိုပဲ၊ သူလိုချင်တဲ့မြေကွက်တွေ နေရာတွေကို မရရ အောင် ယူတတ်တဲ့ အမျိုးသမီးဖြစ်နေလို့ပါ။ သူ့ဖွဲ့က မလျှော့ တတ်တဲ့သဘောထားပါပဲ အစ်ကိုကြီး''

သူခေါင်းညိတ်လိုက်ပါ၏။ ဒီလိုပဲဖြစ်ရမှာပေါ့လေ။ ဘုန်း စကြာကို ယှဉ်တိုက်နိုင်တဲ့အမျိုးသားတွေချည်းပဲ ကြုံခွင့်ရခဲ့တာ ကြာလှပေါ့။ ဒီတစ်ကြိမ်မှာပဲ အမျိုးသမီးတစ်ဦးနဲ့ အခုမှဆုံရမှာ။ ဒီအမျိုးသမီးရဲ့နေရာက ဖက်ဆွတ်နှင်း ဖြစ်နေတာကိုက သူ့ အတွက် ထူးခြားမှုတစ်ရပ်ပေပဲကိုး။

''ယှဉ်ပြိုင်မှုရှိမှ အောင်မြင်မှုက ပိုတန်ဖိုးကြီးမှန်း မင်း လည်းသိတယ်မဟုတ်လား''





''ကျွန်တော်က အစ်ကိုကြီးစိတ်ညစ်မှာစိုးလို့ သတိပေး ရတာပါ''

စိတ်ညစ်မှာစိုးလို့တဲ့လား။ ကိုယ့်ကို တကယ်ပဲစိတ်ညစ် ရအောင် မင်းအကြိမ်ကြိမ်အခါခါပြုလုပ်ဖြစ်ခဲ့တာပဲလေ။ အန်ကယ် တို့ အန်တီတို့ရှေ့မှာတော့ တကယ့်အစ်ကိုရင်းနှယ် 'အစ်ကိုကြီး' ဟု အရိုးသားဆုံးခေါ်ဝေါ်ခဲ့ပါလျက် လူရှင်းသွားတဲ့အခါမျိုးမှာ 'ကို ကြီး' ဟု ခပ်တိုးတိုးအခေါ်က သူ့ကိုအသည်းတယားယားဖြစ်စေ ခဲ့တာပါ။

'ရုပ်ရှင်လိုက်ပြ' 'Shopping လိုက်ပို့' 'နှင်းကိုအဝတ် အစားတွေ လိုက်ရွေးပေးနော်' ဆိုတဲ့စကားမျိုးနဲ့ မရိုးနိုင်အောင် ပူဆာတတ်ရုံမျှမက သူ့လက်မောင်းကို တမင်ခိုတွဲမှုတွေကြောင့် အားမနာစတမ်း ငြင်းပယ်ရှောင်ရှားခဲ့ရတဲ့အကြိမ်ပေါင်း မနည်း ခဲ့။ သူမ ဤသို့ဤနှယ်တရင်းတနှီးပြုမူလာတိုင်း သူစိတ်ညစ် စိတ်ရှုပ်ခဲ့ရတာအမှန်ပါလေ။

အခုလည်း ဘာထူးပါသလဲ။ ကိုယ့်အလုပ်တွေကို တစ် နည်းနည်းနဲ့ မင်းနှောင့်ယှက်နေပြီလေ။ အရင်တုန်းက ရင်းနှီးခဲ့ သမျှ အခုလို ရန်သူအဖြစ်ဆုံခဲ့ရရင် ကိုယ့်ကို မင်းဘယ်လိုဆက်



www.burmeseclassic.com

www.burmeseclassic.com



ဆံမှာတဲ့လဲ။ အဲဒါကို ကိုယ်သိပ်သိချင်ပါတယ်လေ။

''အလုပ်နဲ့ပတ်သက်လာရင် စိတ်ညစ်တဲ့ဒဏ်ကိုလည်း ခံနိုင်ရည်ရှိရမှာပေါ့ မိုးနိုင်။ သူ့ကုမ္ပဏီက ဘယ်လောက်များကြီး လို့လဲ၊ ပြောပါဦး''

''သေးတော့ သေးသေးလေးပါပဲ အစ်ကိုကြီး၊ ဒါပေမဲ့ ရွှေ့ပြောင်းတော့မတွက်ထားစေချင်ဘူးခင်ဗျ၊ ဒီမြေကွက်အပါအဝင် အစ်ကိုကြီးနဲ့ထိပ်တိုက်တွေ့ခဲ့တာ (၁၀)ခုလောက် ရှိနေပြီ၊ တကယ့် ဂျက်ပို့ဂွင့်ဆို သူချည်းရရသွားတာ''

''အကောင်သေးပေမယ့် အဆိပ်ပြင်းတယ်လို့ ဆိုလိုချင် တာလား''

''ဟုတ်ပါတယ်''

သူ ကျိတ်ပြုံးလိုက်မိပါ၏။ အတွေ့အကြုံဆိုတာ ဘဝ အတွက် အမိကတိုက်ကွက်ပါလေ။ ကိုယ့်ထက် (၁၅)နှစ်ကျော် ငယ်လွန်းတဲ့ချာတိတ်မလေးက ကိုယ့်ကိုအလဲထိုးနိုင်လိမ့်မယ်လို့ များ မင်းတွက်ထားလေသလား။ .

မှားလိမ့်မယ်နော်၊ ကျောက်တောင်ကြီးကို ခေါင်းနဲ့ဝင် ဆောင့်ချင်တဲ့ မိုက်ရူးရဲလုပ်ရပ်မျိုး မင်းလုပ်မိရင် ဘာဆက်ဖြစ်





လာမှာတဲ့လဲ။ ဇာတ်လမ်းကို စောင့်ကြည့်ရုံပါပဲလေ။

''ကြိုမြင်ပြီး လန့်နေတာလား''

''အဲဒီလိုတော့ မဟုတ်ရပါဘူး၊ အစ်ကိုကြီးစိတ်အနှောင့် အယှက်ဖြစ်မှာစိုးလို့ပါ''

''ပြိုင်ပွဲရှိရင် ယှဉ်ပြိုင်မှုရှိရမှာပေါ့''

''အစ်ကိုကြီး ဘယ်လိုလုပ်မယ်ထို့လဲ''

''နည်းလမ်းရှိပါတယ် မိုးနိုင်ရယ်၊ ပူမနေစမ်းပါနဲ့''

''သူ့ဘက်ကလည်း မလျှော့ဖြစ်ရင် ဒီကိစ္စနဲ့အချိန်ကုန် သွားရင် မကောင်းဘူးလေ။ တခြား Construction တွေလည်း ဒါကိုမရမကလိုက်နေကြတာဗျ။ သူနဲ့အစ်ကိုကြီးတို့ မညှိနိုင်ရင် ဒီပြဿနာက အေးမှာမဟုတ်ဘူး''

''ပုစ္ဆာရှိရင် အဖြေသိရမှာပေါ့ကွာ''

မောင်မိုးနိုင်က သူပြောတာကို သဘောမပေါက်ဘဲ မော့ ကြည့်လိုက်လေ၏။ ဒါ့ထက်ပိုတာ ရှိသေးတယ် မိုးနိုင်ရေ။ ရှေ့ ကိုဆက်လျှောက်ရင် ဒီ့ထက်အံ့ဩစရာတွေ အများကြီးရှိနေတာ ကို မင်းသိလာမှာလေ။

''အစ်ကိုကြီး ဘာကိုဆိုလိုတာများပါလဲ''



www.burmeseclassic.com

www.burmeseclassic.com



''လေလံတင်တာပေါ့''

''ဗျာ!. . . ဘယ်လို''

''အဲဒီမြေကွက်ကို ပြန်ရောင်းမယ်လို့ ပြောလိုက်တာလေ ကွာ''

''ဟာ!. . . အစ်ကိုကြီး''

မျက်လုံးပြူးသွားချေပြီ။ ဒီလိုပဲဖြစ်ရမှာလေ။ ဒါမှ ပွဲကကြည့်ကောင်းလာမှာကို။ မင်းရဲ့မြို့ဘက်တွေ ဘယ်လောက်များ သလဲဆိုတာကို ကြည့်ကြဦးစို့။

''အစ်ကိုကြီးလိုချင်လွန်းလို့ မရမကလိုက်ထားတဲ့ မြေကွက်ကိုလေ''

''အေး''

''လေလံပြန်တင်မယ်''

''ဩော်. . . ဟုတ်ပါတယ်ဆို''

''ဘာဖြစ်လို့လဲ၊ ကျွန်တော်ဖြင့် ဘာမှနားမလည်တော့ဘူး''

''ကျစ်!. . . စီးပွားရေးသမားဆိုတာ မျက်စိလျှင်ရသလို လည်လည်ပတ်ပတ်ရှိရတယ်ကွ။ မင်း ကျားမထိုးဖူးဘူးလား''





''အဲဒါတော့ ငယ်ငယ်တုန်းက ထိုးဖူးတာပေါ့''

''အေး. . . နှစ်ကောင်သုံးကောင်စားချင်ရင် ဘာလုပ်ရလဲ၊ ပြော''

''တစ်ကောင် ချကျွေးရပါတယ်''

''Right! အဲဒါမြှုပ်ကွက်အဖြေပဲ''

''ဗျာ!''

နားမလည်သလို ပါးစပ်အဟောင်းသားဖြစ်သွားသည့် မောင်မိုးနိုင်ပခုံးကို သူအသာပုတ်လိုက်ပါ၏။ Twist ဆိုတဲ့စကားလုံးကို ကျွမ်းကျင်စွာမသုံးနိုင်ရင် ဒီလောကမှာ ခြေချနိုင်ဖို့ ဝေးစွပါလေ။ ဒါတွေကို သူနားလည်သလို သူ့ PA လည်း သူ့နည်းတူ သိဖို့လိုသည်ပဲ။

''ဒီတစ်ပတ်အလုပ် အကုန်ပြတ်ရဲ့လား''

''မနက်ဖြန် Dinner ရှိပါတယ် အစ်ကိုကြီး''

''ဘယ်သူနဲ့ ဘယ် Hotel မှာလဲ''

''Hotel မှာမဟုတ်ပါဘူး။ ဒေါက်တာမြနန်းနွယ်တို့တိုက်မှာပါ အစ်ကိုကြီး''

အလို! မြနန်းနွယ်တဲ့။ သူ့အနီးရှိနေသည့် ကွာမြွေ့ခေါ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ကြားချက်ကိုမှ သူဘာလို့မေ့နေတာပါလိမ့်။ နှယ်သာ သိရင်တော့ မျက်စောင်းခဲတော့မှာလေ။

⅄ ⅄ ⅄



## အခန်း (၁၆)

ရေချိုးပြီးတော့ နာရီက (၆)နာရီကို ညွှန်းနေချေပြီ။ ည(၇)နာရီလောက် ရောက်သွားရင်တော့ သိပ်နောက်မကျလောက်ပါဘူး။ ညစာစားချိန်လောက်မို့ပါပဲ။ ကမ္ဘီဗီရိုမှာ ဝတ်နေသည့်ပုံစံမျိုး အနောက်တိုင်းဝတ်စုံကိုမရွေးဘဲ ရိုးရိုးသာမန်ပုဆိုးနှင့် ရှပ်အင်္ကျီကိုသာ သူရွေးဝတ်လိုက်မိလေ၏။

ရှပ်အင်္ကျီကြယ်သီးကိုတပ်နေရင်းမှ မှန်ထဲမှာ သူကြည့်လိုက်ပါ၏။ (၄၂)နှစ်ဆိုသည့်အရွယ်က တည်ငြိမ်သလို ဘဝကိုလေးလေးနက်နက်ထားပြီး လမ်းဆက်လျှောက်ရတော့မှာလေ။ အနည့်ထိုင်ချိန်လို့ပဲ ခေါ်ရမည်လား။ သူက မပြည့်မစုံနဲ့ ရုပ်တည်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရသူမို့ ရွှယ်တူအမျိုးသားတွေထက် အများကြီးပိုတည်ငြိမ်ခဲ့ရတာအမှန်ပါပင်။

''ရှုပ်အဖြူနဲ့ အရမ်းလိုက်တယ်''

နားနားသို့ ကပ်ပြောလိုက်သလိုနှယ် ကြားယောင်လိုက်မိပါ၏။ အဘယ်ကြောင့်များ ဤကလေးမကို သတိရမိပြန်ပါလိမ့်။ ခပ်ကဲကဲ ခပ်ရဲရဲအရွယ်လေးမို့ ဂရုမပြု အလေးမထားဖြစ်ခဲ့ပါလေး။ ငယ်တယ်၊ လှတယ်၊ ချစ်စဖွယ်ဆိုတာကို သူအသိအမှတ်ပြုမိပေမယ့် ညှိလို့မရတဲ့အဆင့်အတန်း၊ ယှဉ်လို့မရနိုင်တဲ့အသက်အရွယ်၊ တိုင်းတာလို့မရတဲ့ ဂုဏ်ပကာသနတို့ကြောင့် မျက်လွှာချကိုယ်ကျို့ထားတဲ့အနေအထားမျိုးမှ တစ်ရွေ့သားမရွေ့ခဲ့။

ဪ... ဥပေက္ခာပြုခဲ့တဲ့မိန်းကလေးရဲ့မျက်နှာကို နောက်ထပ်တစ်ကြိမ် တွေ့တွေ့ဆိုင်ဆိုင် ဆုံခွင့်ရဦးမှာပါလားလေး။

Hand Phone မြည်သံကြောင့် ခေါင်းဖြီးနေတာ ရပ်သွားပါ၏။ စားပွဲထက် Charging သွင်းထားသည့် Phone ကို သူယူလိုက်ရလေသည်။ ဖော်မိုးနိုင်တော့ မဟုတ်ပါလေ။

''ဟဲလို... ဘုန်းစကြာ ပြောနေပါတယ်''

''ကိုဘုန်းလား။ နွယ်ပါ''





''ဪ... ပြောလေ နွယ်''

''ဟိုလေ၊ ဒီညနေ ညစာစားဖို့ဖိတ်ထားတာကို မေ့များမေ့နေမလားလို့''

''မမေ့ပါဘူး နွယ်ရဲ့၊ အခုပဲ ကိုယ်လာဖို့ပြင်ဆင်နေတာ''

''တော်သေးတာပေါ့၊ နွယ်က မေ့များမေ့နေလားလို့ အရင် Phone ဆက်ကြည့်လိုက်မိတာ။ ကိုဘုန်းလာရင် လက်ဆောင်တွေဘာတွေ ဝယ်မလာနဲ့နော်''

အလို! လက်ဆောင်တဲ့။ Dinner ရှိတာကိုတောင် မိုးနိုင်အသိပေးလို့ သူသတိရလိုက်တာလေ။ လက်ဆောင်ဆိုတော့ တစ်ယောက်ယောက်ရဲ့ မွေးနေ့အထိမ်းအမှတ်ဆိုတာ သေချာသလောက်ဖြစ်နေတာပေါ့။

''ဘာအထိမ်းအမှတ်မို့လို့လဲ နွယ်''

''ဟော! နွယ်ပြောမှပဲ သိတော့မယ်။ ဒီနေ့ နွယ့်ရဲ့မွေးနေ့ပါ။ အဲဒါလုပ်ဖော်ကိုင်ဖက်သူငယ်ချင်းတွေကိုက Restaurent မှာ ဒီနေ့လယ်ကပဲ လိုက်ကျွေးခဲ့ပြီးပြီ။ ကိုကိုက ကိုဘုန်းကိုကျွေးစေချင်တာနဲ့ အိမ်ကိုတမင်ဖိတ်လိုက်တာမို့ပါရှင်၊ သိပြီလား''

''ဪ... ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် နွယ်မှာတာ မမေ့နဲ့နော်၊ ဘာမှဝယ်မလာပါနဲ့။ နွယ် Phone ချလိုက်ပြီ"

"OK...နွယ်"

ဝယ်မလာနဲ့ဆိုပေမယ့် ဝယ်သွားဖို့က သူ့ကိုနှိုးဆွချေပြီ။ တစ်ခုခုပေါ့လေ။ ဟိုမှာက နွယ်တို့မေမေ အန်တီနှင်းလည်း ရှိနေတာဆိုတော့ လူကြီးစားတတ်တာလေးလောက်တော့ ဝယ်သွားသင့်တာပဲမဟုတ်လား။

Phone ကို အိပ်ကပ်ထဲထည့်လိုက်ပြီး ပိုက်ဆံအိတ်ထဲသို့ ငွေထပ်ဖြည့်လိုက်ပါ၏။ အံဆွဲထဲမှ ကားသော့ကိုနှိုက်ကာ ကွန်ဒိုအခန်းထဲမှ သူဆင်းလာခဲ့သည်။ တစ်ယောက်တည်းပဲနေဖြစ်တာမို့ လုံးချင်းတိုက်နှင့်ခြံဝန်းမနေဖြစ်ဘဲ ဒီအဆင့်မြင့်ကွန်ဒိုတိုက်ခန်းမှာသာ နေဖြစ်ခဲ့တာပင်။

အောက်ဆုံးမြေညီထပ်ကား Parking မှာ သူ့ကားကို ထုတ်ကာ မောင်းလာခဲ့ပါ၏။ Mart တစ်ခုရှေ့မှာ ရပ်လိုက်ပြီး လျှောက်ဝင်လာခဲ့မိသည်။ အန်တီနှင်းက ဆီးချိုသမားမို့ ရောဂါနှင့်တည့်သည့်မုန့်ပုံးနှစ်မျိုးကို သူဝယ်ဖြစ်၏။ ပြီးနောက် မုန့်ရောင်းသည့်အောက်လွှာမှာ Cake တစ်ဘူးကိုဝယ်ကာ ကားဆက်မောင်းခဲ့ပါသည်။





လမ်းတစ်နေရာသို့ရောက်စဉ် ပန်းဆိုင်သီးသန့်လေးကို မြင်လိုက်ရ၍ သူ ကားကိုရပ်လိုက်မိ၏။ နွယ်က မိန်းကလေးဆိုတော့ ပန်းတစ်မျိုးမျိုးတော့ နှစ်သက်မှာပင်။

မှန်ချပ်တံခါးကို အသာတွန်း၍ သူဝင်လိုက်ပါ၏။ Air-con ခန်းတွင်းမှာ ရောင်စုံပန်းပွင့်တို့၏ရနံ့က သင်းသင်းပျံ့ပျံ့၊ ဒီဘက်ခန်းမှာ ပန်းခြင်းတွေ ပန်းစည်းတွေရောင်းပြီး တွဲလျက်အခန်းမှာက အမျိုးသမီးအသုံးအဆောင်ပစ္စည်းတွေရှိနေတာမို့ သူ့ခြေလှမ်း တုံ့ခနဲဖြစ်သွားရပါ၏။ နွယ် ဘာများသုံးတတ်ကြိုက်တတ်ပါသလဲ။

"ဟိုးအပေါ်မှာ ချိတ်ထားတဲ့ပဝါလေး ပြပါ"

"ဘာရောင်လဲ မမ"

"ဟိုအစိမ်းပုပ်ရောင်လေးလေ၊ အဲဒါ"

သူ့ရင်ထဲ ဒိတ်ခနဲမြည်သွားရလေ၏။ လှမ်းမြင်လိုက်သည်က အဖြူရောင် Blouse ကို Style Pants အဖြူနှင့် တွဲဝတ်ထားပါသည့်အမျိုးသမီးလေး။ ခပ်တိုတိုညှပ်ထားသည့်ဆံပင်တို့ကြောင့် ရှိရင်းစွဲအသက်ထက်ပင် ပိုနုနယ်နေသယောင်ရှိယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဖက်ဆွတ်နှင်း"

တီးတိုးရေရွတ်လိုက်မိတာကြောင့် သူအထိတ်တလန့်ဖြစ်သွားရသလို လူကလည်း ပန်းခြင်းများကို စီတင်ထားသည့်အနောက်မှာ ကွယ်ရပ်လိုက်မိလေ၏။ သူမက ပဝါစိမ်းလေးကို တစ်ချက်ကိုင်ကြည့်ကာ ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်ပါသည်။

Packing သေချာထုပ်ကာ ဖဲပြားစည်းနှောင်ပြီးမှ သူမငွေရှင်းလိုက်လေ၏။ ဘယ်သူ့ဖို့ဝယ်တာလဲ။ သူမ၏မေမေ၊ အန်တီမေအတွက်ပဲ ဖြစ်မယ်ထင်ပါရဲ့။ ခပ်တည်တည်မျက်နှာထက်မှာ အပြုံးဟူ၍မရှိတာကြောင့် ကောင်တာစာရေးမလေးများပုံစံက မဝံ့မရဲ။

ကိုယ့်ကိုယ်ကို ယုံကြည်တဲ့ Confidence က သူမမျက်ဝန်းထဲမှာရော အပြင် Style မှာပါ သိသိသာသာပေါ်လွင်နေတာလေ။ ခပ်မတ်မတ်ခန္ဓာကိုယ်၊ ဖြောင့်စင်းသွယ်တန်းနေတဲ့ခြေတံများ၊ ပင့်မောသလိုဖြစ်နေသည့် တည်တည်တံ့တံ့မျက်နှာထားကို အထောက်အကူပြုသလိုဖြစ်နေသည့် လည်တံလှလှသွယ်သွယ်လေး မြင်ရုံဖြင့် တစ်ဖက်လူ ရှိန်သွားစေမည့်အရောင်တို့ဖြင့် သူမက လင်းလက်ဖုံးလွှမ်းနေတာလေ။





"Thanks...နော်"

ပြုံးရုံလေးအပြုံးဖြင့် ကမ်းပေးလာသည့် Paper Bag ကို လှမ်းယူလျက် သူမပြောလိုက်ပါ၏။ ပြီးနောက် ကောင်တာရှေ့မှလှည့်ထွက်လာကာ သူရှိနေသည့်ပန်းဆိုင်အတွင်းသို့ လျှောက်လာလေသည်။ အလိုလေး! မဟုတ်တာလုပ်ထားတာမျိုး မရှိပါဘဲ သူ ဘာကြောင့်ပုန်းရှောင်မိသလိုဖြစ်ပြီး အထိတ်တလန့်ဖြစ်နေရတာပါလိမ့်နော်။

စိမ်ပြေနပြေကြည့်တာမျိုးမဟုတ်ဘဲ ပန်းဆိုင်အတွင်းမှာ သူမအကြည့်တို့က ဝေ့ဝဲကြည့်လိုက်လေ၏။ မျက်မှောင်လေးကြုတ်သွားတာမို့ သူ့ရင်ထဲ လှပ်ခနဲအေးသွားသည့်နှယ်။ ဘုရားရေ! သူ့ကိုများ သူမ မြင်သွားလေသလား။ မဖြစ်နိုင်ပါလေ။

ကြည့်ရတာ တစ်နေရာက အပြန်ဝင်လာပုံပါပဲ။ သူမပုံစံက (အနည်းငယ်မျှ) နွမ်းနယ်နေပုံပေါက်နေတာလေ။ သို့သော် ချွေးစီးပုံမျိုးရှိမနေဘဲ လန်းဆန်းမှုတော့ ရှိနေပါ၏။

ကြည့်ပါဦး။ ဒါ လွန်ခဲ့သည့် (၁၀)နှစ်က သူ့အနီးမှာ တဝဲဝဲလည်ရှိနေခဲ့သည့် ပိတုန်းမလေးတဲ့လား။ ဖြူစင်လှပလွန်းသည့်အရိပ်အယောင်မျိုး လုံးဝရှိမနေတော့သလို ကည့်ခင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သံ့ည့်မျက်နှာထက်မှ မျက်ဝန်းတို့က မာနရောင်ဖြင့် လင်းလက်တောက်ပနေသလိုနှယ်ပါလေ။

"အပွင့် (၆၀) စည်းပေးပါ"

သူမရွေးချယ်လိုက်သည်က အနံ့သိပ်မရှိလှသည့် အနီရဲရဲနှင်းဆီဖြစ်နေလေ၏။ ပန်းစည်းနောင်ပေးမည့်ကောင်မလေးက အထားခံမည့်နှင်းပန်းတို့သစ်ခွတို့ကို လက်ပေ့ပြလျက် သူမကို ပြောလိုက်သော်ငြား .ခေါင်းခါပြလိုက်လေသည်။

"မကြိုက်ဘူး၊ ကျွန်မက ပန်းနံ့ပြင်းရင် ခေါင်းမူးတတ်တယ်။ ပြီးတော့ သူတို့ဝတ်မှုန်တွေက နှာခေါင်းထဲဝင်ရင် နှာချေတတ်လို့ပါ။ နှင်းဆီပဲပေးနော်"

သူ ပြုံးလိုက်မိပါ၏။ ပွင့်ပွင့်လင်းလင်းပါပဲလား။ ပန်းမကြိုက်တာ၊ အနံ့မနှစ်သက်တာကို တမင်ပြောလိုက်တာမို့ သူမ၏လျှို့ဝှက်ချက်ကို သူသိခွင့်ရသွားတာလေ။ ဒီလို Style နဲ့ ဒီလိုစရိုက်မျိုးက ဒီနေ့ခေတ်မှာ အရှားသားပါပဲ။

သူမငွေရှင်းပြီး ထွက်သွားတာကို သူအနောက်မှ မသိမသာလိုက်ကြည့်လိုက်ပါ၏။ မောင်းထွက်သွားသည့်ဆီးညိုရောင်ကားလေးက ခပ်မြန်မြန်မို့ စိတ်မြန်လက်မြန်ရှိသူမှန်း သိနိုင်ဘည်





လေ။

အပွင့်ခပ်လှလှ ဂန္ဓမာအဖြူကိုသာ သူရွေးလိုက်ပါ၏။ နွယ့်အသက် မည်မျှမှန်းမသိပေမယ့် အပွင့် (၃၀)မို့ ပန်းစည်းကလှသွားလေသည်။ ကတ်ထည့်ဦးမလားမေးတာကို သူခေါင်းခါပြလိုက်တာမို့ Plastic စ,ပတ်လိုက်ပြီး ဖဲကြိုးလှလှလေးဖြင့် ချည်ပေးလေ၏။

သူကားမောင်းပြန်ထွက်ခဲ့တော့ (၇)နာရီခွန်းနေလေပြီ။ အင်းပေါ့လေ၊ Mart ထဲလည်း ပတ်ခဲ့သလို ပန်းဆိုင်မှာလည်း သူမကို (အချိန်ကုန်ခံ) ငေးနေခဲ့မိတာကိုး။ ခြံထဲကို မောင်းဝင်တော့ တိုက်ဝမှာ ရပ်စောင့်နေသည်က ဒေါက်တာမြနန်းနွယ်ပါလေ။

"လာလို့ တော်သေးတာပေါ့"

"လာနေပါပြီလို့ ကိုယ်ပြောတယ်လေ"

ပန်းစည်းနှင့် Cake ဘူးကိုအရင်ယူ၍ သူပေးလိုက်တော့ နွယ့်မျက်နှာက ပန်းရောင်သန်းသွားသည့်နှယ်။ ဘာမှဝယ်မလာခဲ့ပါနဲ့လို့ အတန်တန်ပြောပေမယ့် သူဝယ်ခဲ့မိတာကိုး။ ပြီးနောက်မှ မုန့်ပုံးတွေထည့်လာသည့်အိတ်ကို သူယူလျက် တိုက်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်ပါ၏။

"မလိုဘူးလို့ပြောထားလျက်သားနဲ့ ကိုဘုန်းရယ်"

"လက်ဆောင်မှမဟုတ်တာ နွယ်ရဲ့"

မျက်စောင်းတစ်ဝင့် လွှင့်လာလေ၏။ အတွင်းခန်းမှထွက်လာသည့်မမထားကို သူနှုတ်ဆက်ကာ မုန့်ပုံးတို့ကို ကမ်းပေးလိုက်ပါသည်။

"အန်တီနှင်းအတွက်ပါ"

"အားနာစရာ ကိုဘုန်းရယ်"

"မဟုတ်တာ အစ်မရဲ့၊ ဒါနဲ့ ကိုမြတ်မင်းရော"

"ရှိပါ၊ အခုလေးတင်ပဲ ပြန်ရောက်လို့ ရေချိုးနေလေရဲ့၊ ခဏစောင့်ဦးလေ"

"ဟုတ်ကဲ့၊ ရပါတယ်"

"မေမေကတော့ ခပ်စောစောစားပြီး ပုတီးစိပ်ရင်း အိပ်ပျော်သွားပြီ"

သူခေါင်းညိတ်လျက် ခုံမှာဝင်ထိုင်လိုက်ပါ၏။ ညှော်ခန်းနံရံတို့မှာ နွယ့်ပုံတို့နှင့် တူဖြစ်သူ နန္ဒမောင်တို့၏ဓာတ်ပုံတို့က နေရာအနှံ့။ ဒီတူဝရီးနှစ်ယောက်စလုံး ဓာတ်ပုံအရိုက်ခံရတာကို





ဝါသနာပါတယ်ထင်ပါရဲ့။

"ဆာနေပြီလား ကိုဘုန်း"

"မဆာပါဘူး နွယ်ရယ်၊ အိမ်မှာဆို (၉)နာရီလောက်မှစားဖြစ်တာ။ ညစာမစားဖြစ်တဲ့ရက်က များတယ်"

"မှန်မှန်စားမှပေါ့၊ တော်ကြာ အစာအိမ်တွေဘာတွေဖြစ်နေဦးမယ်"

စိုးရိမ်စကားလေလား။ သို့တည်းမဟုတ် ဆရာဝန်တစ်ဦး၏ဓေတနာစကားပေပဲလား။ သူ မဝေခွဲတတ်ပါလေ။ နဂိုကတည်းက အမျိုးသမီးတွေရဲ့အတွင်းစိတ်ကို သူမှမဖတ်တတ်ခဲ့တာကိုး။

"ဟော! မောင်ဘုန်းတောင် ရောက်နေပြီလား"

"ဟုတ်ကဲ့ အစ်ကို"

"ဘယ်လိုလဲ၊ လုပ်ငန်းအဆင်ပြေရဲ့လား"

"ပြေတယ်လို့ပဲပြောရမှာပေါ့ အစ်ကိုရဲ့"

"ဒါနဲ့ မောင်ဘုန်းတို့ ဟိုတလောက ရလိုက်တဲ့မြေနေရာက အသံတွေထွက်နေတယ်ဆို၊ လိုချင်တဲ့လူတွေ ဝိုင်းဝိုင်းလည်နေတာပဲဆိုလား ကြားတာပဲ"

ဟော! ဒီကိစ္စက ကုမ္ပဏီလောကမှာတောင် ပျံ့နေပါပြီရော



www.burmeseclassic.com

www.burmeseclassic.com



လား။ တစ်ကောကျော်ကျော်နေရာကို အလုအယက်လိုချင်နေသည့် လူတွေက မနည်းဘူးလေ။ စေတနာဗလပွထက် အကျိုးအမြတ် ရဖို့က ပိုပြီးများနေတာကိုး။

"ဘာလုပ်မယ်လို့ စိတ်ကူးထားလဲ"

"ကျွန်တော်ကတော့ ကွန်ဒိုဆောက်ဖြစ်မယ့် အစ်ကို"

"ကွန်ဒို"

"ဟုတ်ကဲ့"

"ဟိုတက်က ဈေးရုံဆိုလား၊ Shopping Mall ဆိုလား ဆောက်ချင်ကယ်ဆို၊ နှစ်နေရာပေါင်းမှ အဆောက်အဦဆောက် လို့ရမှာပေါ့။ ဘယ်သူလျှော့ပေးမှာတဲ့လဲ"

"ကျွန်တော့်ဘက်ကတော့ လက်လွှတ်ဖို့လုံးဝမရှိပါဘူး"

ဦးမြတ်မင်း ခေါင်းညိတ်လိုက်လေ၏။ စီးပွားရေးသမား တွေရဲ့လောဘကို သိတာမဟုတ်ပါလား။

"ဒါနဲ့ သားရော"

"လျှောက်ပြန်သံပေး သွားနေတာလေ၊ မှောင်မှပဲ ပြန် လာတော့မှာ"

"ဒီကောင် ဘယ်သူ့ကိုချိန်နေပြန်ပြီလဲ"





"ကိုကိုတို့သိကြမှာပါ၊ Construction လောကမှာ နာ မည်ကြီးလေ၊ ဖက်ခွတ်နှင်းတဲ့"

သူကိုင်ထားသည့်ဇွန်းခက်ရင်းက ထမင်းပန်းကန်ပေါ် ရုတ်တရက်ကျသွားပါ၏။ `ဖက်ခွတ်နှင်း' တဲ့လား။ နှမှောင် သခေါ်ကျနေတဲ့မိန်းကလေးက သူမတဲ့လေ။

ဘုရားရေ! လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။

⅄ ⅄ ⅄



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ကားကို ဆင်ဝင်အောက်မှာ ရပ်လိုက်စဉ် ခြံဝကို ဦးပေးလျက် ရပ်ထားသည့်ကားဖြူလေးကို ကျွန်မတွေ့လိုက်ပါ၏။ ဘယ်သူ့ကားများလဲ။ ကျော့်ကားတော့ မဟုတ်တာပါလေ။ ဒါဖြင့် ညွှန့်သည့်တစ်ယောက်ယောက် ရောက်နေတာထင်ပါရဲ့။ ညမိုးချုပ်ကြီး ဘယ်သူကများ အိမ်လာလည်တာပါလိမ့်။

"သမီးပြန်လာပြီ"

ညွှန့်ခန်းမှာထိုင်နေသည့်မေမေ့ထံမှ အသံထွက်ပေမယ့် ကျွန်မက မကြည့်သေးပါချေ။ ဖိနပ်ချွတ်တာကိုသာ အာရုံစိုက်နေတာမို့ အဝင်ဝကိုကျောပေးထားသည့်ညွှန့်သည်ကို မသိဘူးလို



www.burmeseclassic.com

www.burmeseclassic.com



ခုတလော အရမ်းမောနေသဖြင့် စကားအရမ်းမပြောချင်ပါဘူး

"မေမေ့အတွက် ဝယ်လာပေးတာ"

ပန်းစည်းနှင့်ပါဆယ်ဘူးကို မေမေ့ထံပေးလိုက်စဉ် ခုံမှာရှိနေသည့်လူကို ကျွန်မမြင်လိုက်ရသလို အံ့သြသွားရပါ၏။ အလို နန္ဒမောင်ကတော့ အိမ်ပေါ်ကိုရောက်နေပါရောလား။

" 'မ' က ပန်းမကြိုက်ဘူးဆိုပြီး ပန်းစည်းတော့ ဝယ်တတ်သားပဲ"

"နေစမ်းပါဦး၊ မင်းက ဘာကိစ္စနဲ့များ ငါ့အိမ်အထိရောက်နေတာလဲ"

"ဟယ်! သမီးရယ်၊ ကိုယ့်ဆီလာလည်တဲ့ဧည့်သည်ကို"

မေမေဝင်ဟန့်လိုက်သော်ငြား ကျွန်မ လျှော့ပေးလို့မရပါလေ။ ဒီချာတိတ်ကို လိုက်လိုက်လျောလျောဆက်ဆံမိရင် ခေါင်းတက်လာပြီ။ နောက်ပိုင်းရှင်းမရအောင် ရှုပ်တော့မှာကိုး။

ဒီလောက် မျက်နှာကြောမာ လေသံပြင်းပြင်းနဲ့ ခက်ခက်ထန်ထန်အမူအရာမျိုးဖြင့် ပြောဆိုနေတာတောင်မှ ဒင်းက မသိနှလေးစားနဲ့ အိမ်အထိရောက်လာတာလေ။ စိတ်ကြီးရယ် ရှုပ်ရှုပ်

" 'မ' ဟိုတလောလေးက နေမကောင်းဖြစ်သွားသော





ဘယ်ဆို"

"အဲဒါ မင်းသိစရာမလိုပါဘူး"

"ရုံးခန်းထဲမှာ သတိလစ်သွားတဲ့အထိ ဖြစ်သွားတာကို မောင်က မစိုးရိမ်ရဘူးလား"

"ဘာ! "

"ဟဲ့! သမီးနော်"

ကြည့်စမ်း! မေမေ့ရှေ့မှာများ ဒင်းက သူ့ကိုယ်သူ 'မောင်' တဲ့လေ၊ နှုတ်ရဲလှချည်လား။ ပုံစံကတော့ ပြောလေ့ပြောထရှိသလို ဘာမှမထူးဆန်းဟန်အပြည့်နဲ့ပါပဲ။

ကျော်နဲ့ပတ်သက်ပြီး ပြဿနာက ပူပူနွေးနွေးရှင်းမရနိုင်သေးတာ။ အခုတစ်ခါ ဒီချာတိတ်က တစ်မျောင့်။ မေမေ့ရှေ့မှာ ကျွန်မချစ်သူလိုလိုပုံစံနဲ့ ပြောနေသည့်စကားအတိုင်းအတာက ဘယ်အထိများ ခရီးရောက်နေပြီလဲ။ ရင်တွေ ပူလိုက်တာနော်။

"ကိုယ့်ကိုစိုးရိမ်လို့ လာမေးတဲ့ဧည့်သည်ကို ဘယ်လိုများ ဆက်ဆံနေတာလဲ"

"ဒီကိစ္စ မေမေဘာမှမသိဘူးနော်"

"ဩော်. . . သေချာရှင်းပြရင်တော့ မေမေသိမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါ ရှက်စရာမှမဟုတ်တာ"

"မေမေ"

ပြုံးသနားပဲ။ ဒီချာတိတ်ရဲ့အကြည့်အပြောတွေကြောင့် မေမေ ကောင်းကောင်းကြီးအထင်လွဲနေချေပြီ။ မေမေကျလာ အောင် ဤကောင်လေး မည်သို့သောဟန်ပန်အမူအရာတွေများ တတ်မြောက်ကျွမ်းကျင်စွာ သုံးပြသွားတာပါလိမ့်။

"နေမကောင်းတဲ့လူက ဒီလောက်ထိ ဒေါသတွေမကြီး ရဘူးလေ 'မ'ရာ။ စိတ်ကိုလျှော့မှပေါ့"

"နန္ဒမောင်"

"ဗျာ"

ဒေါသဖြင့်ခေါ်တာကိုတောင် လေပြည်လေးဖြင့် ပြန်ထူး သတဲ့။ အဘယ်မျှဒေါပွစရာကောင်းလိုက်ပါသလဲ။ Sport Shirt အဖြူကို Style Pants အဖြူဖြင့် သေသေသပ်သပ်ဝတ်လာပုံ ကိုက သားသားနားနားလေး။ ခါတိုင်း (အနည်းငယ်မျှ) ရှည်နေ သည့်ဆံပင်ကိုလည်း ညှပ်ထားတာမို့ တိုတိုကပ်ကပ်ဖြင့် Gentle man Style အပြည့်။

ဒီလိုလူချောသန့်လေးက အိမ်အထိလာပြီး လိမ်ညာနေ





မည်ဟု မေမေယုံမှာတဲ့လဲ။ အပြင်လောကကြီးကို ဘာဆိုဘာမှ သိမနေတဲ့ အေးအေးလူလူမေမေ့အတွက် တော်ရုံလူမျိုးကို လွယ် လင့်တကူယုံကြည်လိုက်ဖို့ သိပ်လွယ်ကူတာပါလေ။

ကောင်းပြီ နန္ဒမောင်၊ 'မ'င်းနဲ့ငါ ထိပ်တိုက်တွေ့ကြတာ ပေါ့။

"လာ"

"ဘယ်ကိုလဲ 'မ'ရဲ့"

"ငါ့ကိုတွေ့ချင်လို့ မင်းလာတာမဟုတ်လား။ ငါ့နောက် လိုက်ခဲ့"

"အို. . . 'မ'ခေါ်လို့ကတော့ လကမ္ဘာပေါ်ထိ မောင်က လိုက်ပြီးသားပဲ။ ခွင့်ပြုပါဦး အန်တီခင်ဗျာ"

"အေးအေး. . . သားလေး"

တိုက်ရှေ့သို့ထွက်ခဲ့သည့် ကျွန်မနောက်သို့ ခပ်ပြုံးပြုံး မျက်နှာဖြင့် သူလိုက်လာလေ၏။ ဒီလိုခပ်ညုညုအကြည့်မျိုးနဲ့ မိန်းကလေးဘယ်နှယောက်ရဲ့အသည်းတွေကို ချွေချနိုင်ခဲ့သလဲ နန္ဒမောင်။ ဖက်ဆွတ်နှင်းက အမာတကာ့အမာစားထဲမှာ ပါတဲ့ လူပါ။



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးပန်းရုံအနီးမှာ ခြေလှမ်းကိုရပ်လိုက်ပါ၏။ ဆင်ဝင်အောက်မှမီးက ဒီနေရာကို အလင်းပြပြလေးတော့ လင်းနေလေသည်။ ချာတိတ်က ကျွန်မရှေ့မှာ ရပ်နေပုံကိုက Style ခပ်ကျကျလေ။

"ဘာသဘောလဲ"

"ဘာကိုလဲ 'မ'ရဲ့"

"မင်းဘာသဘောနဲ့ ငါ့အိမ်ထဲထိရောက်နေလဲလို့ မေးနေတာလေ။ ငါ့ကိုဘတ်လို့ရမယ်မထင်လေနဲ့၊ ပြော"

သူက ကျွန်မအံကြိတ်ပြောတာကို သဘောကျသလိုနှယ် ခပ်အုပ်အုပ်ရယ်လိုက်လေ၏။ ပုံစံကိုက ရုပ်ရှင်ထဲက ဗီလိန်လိုချည်း ကျွန်မမျက်စိထဲ Cross ဖြစ်နေတာလေ။ ငါနော်၊ ဒင်းမျက်နှာကို စိတ်ရှိလက်ရှိရိုက်ပိတော့မှာပဲ။

"အဲဒါ 'မ'သိပါတယ်"

"ဘာ"

" 'မ'ကိုချစ်လို့ပေါ့ဗျ။ ဒါအဆန်းလား"

"ဘာပြောတယ်"

မရည်ရွယ်သော်ငြား ကျွန်မလက်က သူ့ရင်ဘတ်ကို





တွန်းလိုက်မိလေ၏။ နောက်သို့ တစ်လှမ်း သူဆုတ်လိုက်ပါ၏။ မီးသာ ထိန်ထိန်လင်းနေရင် ကျွန်မမျက်နှာမှာ ရဲရဲနီဒေါသကြီးကြီးကို လူတိုင်းမြင်တော့မှာ အမှန်ပါလေ။

"Easy...'မ'ရာ၊ ချစ်စကားပြောဖေးရုံနဲ့ ဒီလောက်ထိ ဒေါသထွက်စရာလား။ ဘယ်မိန်းကလေးမျိုးမှာမှ 'မ'လို Character မျိုးမရှိကြဘူး။ တကယ်အံ့ဩစရာပဲ"

"ဒီမှာ နန္ဒမောင်"

"ဗျာ. . . သိပ်ခေါ်လို့ကောင်းနေပုံပဲ၊ နားထဲကို ချိုနေတာပဲ"

"ပေါ့ပျက်ပျက်ပြောမနေစမ်းပါနဲ့၊ ငါ့အမေကို မင်းဘာတွေပြောထားသလဲ"

"သိချင်လား"

ခပ်ရူးရူးကြည့်ဖြစ်၏။ သူ့ပုံစံက သွေးအေးအေးဖြင့် ငြိမ်သက်နေသလောက် ကျွန်မမှာတော့ ဒေါသတို့ဖြင့် ပူလောင်ဆူပွက်နေတာလေ။ လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားတာတောင်မှ တဆတ်ဆတ်တုန်နေပါ၏။ ဒေါသမီးကိုမှ လာမွှေးတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



“ ‘မ’ကို မောင်ဘယ်လောက်ထိ ချစ်လဲဆိုတာကို”

“ဖြန်း!. . .”

ချာတိတ်မျက်နှာ စောင်းသွားသလို ခဏမျှ မျက်စိမှိတ်၍ ငြိမ်သက်သွားလေ၏။ မှတ်ပြီလား။ ငါ့ကိုဒီလိုပြောရင် ငါက ဒီလိုတုန့်ပြန်တတ်တယ်ဆိုတာကို မင်းသိသင့်ပြီ နန္ဒမောင်။ ငါက စိန်ခေါ်ရင် မိုးကိုတောင် ခေါင်းနဲ့တက်တိုက်ချင်တဲ့ အာဂမိန်းမ မျိုးပဲ။

“ကိုယ့်ကို. . . အသက်လောက် ချစ်နေပါတယ်ဆိုတဲ့ ယောက်ျားတစ်ယောက်ကို ‘မ’ဒီလိုပဲဆက်ဆံလိုက်တာလား”

“ဟုတ်တယ်”

“နည်းနည်းလောက် လွန်မနေဘူးလား”

“ဒါ ငါ့ခြံ မင်းနင်းထားတာ ငါပိုင်တဲ့နေရာပဲ နန္ဒမောင်။ ငါ့ပိုင်နက်ထဲအထိလာပြီး ငါ့ကိုစော်ကားနေတဲ့လူကို ဒီလိုပဲဆက်ဆံသင့်လို့ ငါလုပ်လိုက်တာပဲ”

“ဘယ်လိုမိန်းကလေးကမှ ကိုယ့်ကိုချစ်ပါတယ်လို့ပြောတဲ့ယောက်ျားမျိုးကို ဒီလိုမရက်စက်တတ်ကြပါဘူး”

“အေး. . . သူများတွေ မလုပ်ရဲပေမယ့် ငါလုပ်တယ်





ဘာဖြစ်လဲ”

သူက ကျွန်မမျက်နှာကို ခပ်ငေးငေးကြည့်နေလေ၏။ ဘုရားရေ!. . . ဒီကောင်လေးရဲ့မျက်လုံးထဲမှာ အရည်တွေ လဲ့နေတာပါလား။ ကြည့်စမ်း! ဒါ ကျွန်မနှလုံးသားကို အရည်ပျော်စေနိုင်တဲ့လှည့်ကွက်လို့ ဘယ်သူပြောနိုင်မှာတဲ့လဲ။ နှင်းစိတ်ပျော့မသွားမိစေနဲ့ ဖက်ဆွတ်နှင်း။

“ ‘မ’ကို မောင်အရမ်းချစ်တယ်”

“အဲဒါ ချစ်ဦး”

နောက်ထပ်တစ်ကြိမ် ထပ်ရိုက်မိစဉ် ကျွန်မလက်ကောက်ဝတ်ကို သူဖမ်းဆုပ်ကိုင်လိုက်လေ၏။ အို. . . လက်မှာ ဒီလောက်အားပါနေမှတော့ သူ့ရင်ထဲမှာ ကျွန်မအပေါ် တော်တော်ဒေါသဖြစ်နေတာ သေချာသလောက်ပါပဲ။

“ဘာလုပ်တာလဲ၊ လွှတ်”

သူက ရုန်းနေသည့်လက်ကို မလွှတ်ပေးသည့်အပြင် အားဖြင့်ဆွဲလိုက်တာမို့ ခပ်ပါးပါးခန္ဓာကိုယ်က သူ့ရင်ခွင်ထဲသို့ ထွေးခနဲရောက်သွားရလေ၏။ အင်အားတွေ စုစည်းလျက် ရုန်းထွက်လိုက်စဉ် ကျွန်မပါးပြင်ထက် နွေးခနဲဖြစ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး ထုပ္ပုံတုန့်လှုပ်သွားသလို နှောင်တက ရင်တွင်းမှာ ရုတ်ချည်းဖြစ်တည်လေ၏။

မှားပြီ နှင်းရေ့. . . ဒီလိုလုပ်မိရင် ဒီလိုဖြစ်တတ်မှန်း ဘာကြောင့် ကြိုမမြင်မိရတာလဲ။

''မင်း. . . မင်း. . .''

''နှင်း''

ရုတ်တရက်ကြားလိုက်ရသည့်အသံကြောင့် ကျွန်မကို သူ့ အသာလွှတ်ပေးလိုက်သလို နောက်ကျောဆီသို့ အကြည့် ရောက်သွားရလေ၏။ အလို! ဒီအချိန်ကြီး ဒီနေရာကိုရောက်လာတဲ့သူက ကျော်ဖြစ်နေတာလေ။

''ကျော်''

''ဘာဖြစ်နေတာလဲ''

''ဘာဖြစ်ဖြစ် ခင်ဗျားအပူလား''

''ဒါဘာသဘောလဲ နှင်း''

''ကျော်''

''ကိုယ့်ကိုကျတော့ မင်း ဒီလို''

''မဟုတ်ဘူး ကျော်၊ မဟုတ်ဘူး''





ကျွန်မ လက်ကာပြလျက် ငြင်းဆန်လိုက်ရပါ၏။ အနေအထားတစ်ခုက ကျွန်မနှင့်ကျော့်ကို အဝေးဆုံးရောက်အောင်ပြု လုပ်နိုင်တာလေ။ ဘုရားရေ! မေမေအထင်လွဲသလိုမျိုး ကျော်ပါ ဖြစ်သွားရင်တော့ ကျွန်မ သွားပေမည်။

''ဒီကောင်နဲ့''

''ဟာ! ခင်ဗျား ရှိုင်းလှချည်လား''

''နှင်း''

''မဟုတ်ဘူး ကျော်၊ သူနဲ့ငါ နင်ထင်သလိုမဟုတ်ဘူး''

''ဘာ! မင်း. . . မင်း. . . နှင်းကို၊ ကဲကွာ''

ရုတ်တရက်ဖြစ်သွားသည့်ပဋိပက္ခက ကျွန်မမျက်စိရှေ့မှာ ရှုပ်ယှက်ခတ်သွားရတာလေ။ တားဖို့လည်း သတိမကပ်၊ အော်ဟစ်ဖို့လည်း ခွန်အားကမရှိတဲ့ လက်တကာကာဖြင့်သာ နေမိလေ၏။ တစ်ခဏအတွင်း ပူးကပ်သွားကြသည့်ခန္ဓာနှစ်ခုက ခပ်ခွာခွာဖြစ်သွားကြလေမှ ကျွန်မသတိဝင်သွားရပါသည်။

''တော်တော့ ကျော်၊ တော်တော့''

''မ. . .''

''ဘာ 'မ' လဲ၊ ဟောကောင်. . . မင်း သူများပိုင်နက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ထိလာပြီး စော်ကားမော်ကားလုပ်ရဲတာပေါ့လေ''

'' 'မ'က ကျူပ်ချစ်သူဗျ''

''ဟော့ကောင်! မင်း. . .''

''တော်ပါတော့ ကျော်၊ ငါတောင်းပန်ပါတယ်၊ မလုပ်ပါနဲ့တော့''

ခန္ဓာကိုယ်တောင့်တင်းသည့်ကျော်မှာ ဘာအနာတရမှ ရှိမနေသော်ငြား ဟိုချာတိတ်ကတော့ နှုတ်ခမ်းထောင့်မှာ သွေးစွန်းသွားတာကို လက်ခုံဖြင့်သုတ်လိုက်တာလေ။ ကြည့်ပါဦး။ ကျွန်မအတွက်နဲ့ ကလေးတွေလိုမျိုး လူနှစ်ယောက် ခိုက်ရန်ဖြစ်ပွားရတယ်လို့''

''ခင်ဗျားကို လုံးဝမကျေနပ်ဘူး''

''အဲဒီတော့ မင်းက ဘာလုပ်ချင်သလဲပြော''

''ကဲ. . . တော်တော့လို့ဆို၊ မင်းလည်းပြန်တော့ နန္ဒမောင်၊ နောက်ကို ငါ့အိမ်ရောက်မလာပါစေနဲ့။ နောက်တစ်ကြိမ်ဆိုရင် မင်းကို ငါတရားစွဲမှာ အသေအချာပဲ''

''ကောင်းပြီလေ၊ 'မ'နှင်လို့ မောင်ပြန်မှာပါ။ ဒါပေမဲ့ 'မ'ရင်ထဲကတော့ နှင်ထုတ်လို့ရမယ်မထင်ပါနဲ့''





''ဟာ. . . ဒီကောင်''

''မောင် သွားပြီ''

ကျော့်ရင်ဘတ်ကို ကျွန်မတွန်းကာ ထားဆီးထားစဉ် ဟိုချာတိတ်က ကားပေါ်တက်ကာ မောင်းထွက်သွားလေ၏။ ကျော့်ကား ခြံထဲဝင်လာတာ၊ ကားမီးလင်းတာကိုတောင် မသိရလောက် ကျွန်မတို့နှစ်ယောက်အခြေအနေက ဤသို့ဖြစ်နေရတယ်လို့။ ရှက်ဖွယ်ကောင်းလေစွ။

⅄ ⅄ ⅄



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

''ကိုယ်ထင်တောင် ထင်မထားဘူးကွာ၊ ဘယ်က ဘယ်လို ဒီလိုခပ်ငယ်ငယ်ကောင်လေးမျိုးနဲ့ ငြိနေရတာလဲ''

''ဘယ်မှာငြိလို့လဲ''

''ခုနအခြေအနေမျိုးက အဲဒီလိုမဟုတ်လို့ ဘာဖြစ်ရမှာလဲ။ ကိုယ့်ကိုမရွေးချင်လို့နေရင်တောင်မှ ကိုယ့်ထက်ပိုပြီးတော့တဲ့လူကို မင်းရွေးရင် ဘာမှပြောဖို့တောင်မလိုဘူး။ ခုတော့ မပြောချင်ဘူး''

ကျော်က မကျေမနပ်ပြောကာ ဆင်ဝင်အောက်ရှိခုံတန်းမှာ ထိုင်ချလိုက်လေ၏။ ခုနတိုးကျိတ်လိုက်ရသည့်လက်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ချည်ဖြန့်ချည်လုပ်နေပါသည်။ ကြည့်ပါဦး၊ ကျွန်မရဲ့အရင်းနှီးဆုံး သူငယ်ချင်းလေးက ကျွန်မအတွက်နဲ့ ထိုးရဲကျိတ်ရဲတဲ့အဆင့်ထိတောင် လုပ်ဝံ့သတဲ့လေ။ မျက်စိရှေ့ မြင်လိုက်ရတာမို့ ကျော့်ကို စောဒကမတက်ဝံ့။

တကယ်ပါ၊ ကျွန်မတွေ့ဖူးသမျှ ယောကျ်ားတိုင်းမှာ ဤသို့ စိတ်မြန်လက်မြန်မျိုးမရှိခဲ့ဖူးတာလေ။ ကျော့်ရော သူပါ ကျွန်မအပေါ်မှာ အလေးအနက်ရှိကာ လက်တစ်ကမ်းအကွာမှ စကားပြောကျင့် ရှိခဲ့ကြတာမို့ ဒီချာတိတ်ကို ဒီလိုပြုမူလိမ့်မယ်လို့ ထင်မထားမိတာအမှန်ပါလေ။

"တောက်! ငြိမ်နေ, သိလား။ ခုနကတော့ တရှူးရှူးနဲ့ ဒေါသထွက်ပြပြီး အခုတော့ သွေးက အေးပါ့"

"ငါက ဘာလုပ်ရမှာလဲ"

"တစ်ခုခုလုပ်ပေါ့၊ သူ့အိမ်ကိုဖြစ်ဖြစ် တိုင်သင့်တိုင်လေ"

ကျွန်မနှုတ်ခမ်းအောက်နားကို အသာကိုက်ထားလိုက်မိပါ၏။ ကျော့်က ကျွန်မကိုယ်စား ဒေါသတွေဖြစ်နေတုန်းမဟုတ်ပါလား။ ကိုယ်က စလုပ်မိလို့ ဤသို့ဤနှယ်ဖြစ်ကုန်ရတာ တကယ့်တရားခံအစစ်က ဖက်ဆွတ်နှင်းဆိုတဲ့ကျွန်မသာဖြစ်နေတာပါလေ။





"မတိုင်တော့ပါဘူး၊ တိုင်လည်း ထူးမှာမှမဟုတ်တာ"

"ဪ. . . သူဒီလိုပြုမူသွားတာကို ငြိမ်နေမယ်ပေါ့။ ဒါကြောင့် ဒီကောင် ဒီလိုလက်ရဲဇက်ရဲလုပ်ဝံ့တာ"

"မဟုတ်ပါဘူး ကျော့်ရယ်၊ ငါမှားတာပါ။ ငါကစလုပ်မိလို့ဖြစ်ကုန်တာ။ ငါ့အပြစ်"

"မင်းက ဘာလုပ်လိုက်မိလို့လဲ"

"သူ့ပါးကိုရိုက်လိုက်မိတာ"

"ဘယ်လို"

သက်ပြင်းကိုမှုတ်ထုတ်လိုက်မိ၏။ ခုချိန်ထိ ရေမချိုးရသေးဘဲ ကျွန်မ ချွေးစို့နေသလောက်၊ ကျော့်က ရေမိုးချိုးထွက်လာမှန်း သိသာစေမည့် Shower soap နံ့သင်းသင်းနှင့် လူကလန်းလန်းဆန်းဆန်းပုံစံဖြစ်နေတာပါလေ။

အားနာစွာဖြင့် ခပ်ခွာခွာထိုင်ချလိုက်မိစဉ် ကျော့်က ကျွန်မလက်ဖမိုးကို အသာအုပ်ကိုင်လိုက်လေသည်။ ဒါက ဘာသဘောလဲ။ ရိုက်မိတယ်ဆိုတာကို မယုံသလိုမျိုးများလား။

"ဘာလို့ရိုက်လိုက်ရတာလဲ"

"ဒီလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဟုတ်တာလောက်လေးနဲ့တော့ မင်းလက်မပါနိုင်ပါဘူး နှင်းရာ"

သူ့ဘယ်ဘက်ခြမ်းမှာ ထိုင်နေတာမို့ နှင်းက သူ့လက်ကိုင်ထားတာကို မရုန်းဖယ်ဘဲ ကျန်လက်တစ်ဖက်ဖြင့် သူ့မလည်တိုင်ကို အသာပွတ်သပ်လိုက်ကာ မျက်လွှာချသွားလေ၏။ ကြည့်စမ်း! ရက်သတဲ့။ နှင်းရက်သွေးဖြာစဉ်မှာ လုပ်တာတဲ့အပြုအမူမျိုးကိုမှ သူ့ရှေ့မှာ လုပ်ရတယ်လို့။

မင်း... အဲဒီချာတိတ်အပေါ်မှာများ ပျော်ပင်သွားလေသလား နှင်းရယ်။ ရင်မောရပါဘိ။

"ချစ်တယ်ပြောလို့"

"ဘာ!"

"အာ... ပြောပြီးပြီလေကွာ၊ ထပ်မမေးနဲ့တော့"

သူ ခပ်အုပ်အုပ်ရယ်လိုက်မိလေ၏။ နှင်းက... နှင်းက ချစ်တယ်ပြောတဲ့အတွက် သူစိမ်းယောက်ျားတစ်ယောက်ကို ကိုယ်ထိလက်ရောက်ရိုက်လိုက်တာတဲ့လေ။ သူပြောတုန်းကတော့ ဒီလိုမျိုးပြန်မလုပ်ခဲ့တာမို့ နှင်းကိုကျေးဇူးတင်ရမလိုဖြစ်နေပါရောလား။ မချင့်မရဲဖြစ်လာတာမို့ နှင်း၏လက်ဖမိုးမို့မို့လေးကို သူ





ဖော်ခနဲယူ၍ မွှေးရှိုက်လိုက်မိလေ၏။ တဆိတ်! စိတ်မဆိုးပါစေနှင့်။

"ဘာလုပ်တာလဲ"

"ကျေးဇူးတင်လို့"

မျက်စောင်းခဲ့ချေပြီ။ ဟိုကောင်လေးကိုတော့ ရန်စွယ်ငေါငေါ ဒေါသထွက်ခဲ့ပေမယ့် သူ့အပေါ်မှာ ဤသို့ငြိမ်းအေးစွာ ဆက်ဆံတာမို့ အများကြီး သာလွန်နေသေးတာလေ။ နှင်းရယ်၊ ရင်ဖိုလိုက်မောတဲ့ချစ်ခြင်းအလျှင်နဲ့ မေတ္တာရေးကြောင်းလေး က ဘယ်အချိန်မှာမှ စီးမျောကျလာပါ့မလဲ။ စောင့်စားနေသူအတွက် မျှော်လင့်ခြင်းရက်မွဲတို့က ရှည်လျားလွန်းလှပါဘိ။

"စိတ်ဆိုးလား"

"ဘာလဲ"

သူ့မလက်ကို ခပ်တင်းတင်းညှစ်ကိုင်ပြလိုက်တာမို့ နှင်းက သူ့ကိုပခုံးချင်းယှဉ်တိုက်လေ၏။ ပြေလည်သွားပါပဲ၊ အခုလေးတင် မေမေတို့နဲ့စကားများလာသည့်အဖြစ်ကို သူ တစ်ခဏ မေ့ဖြစ်သွားရတာလေ။

"ဒီအချိန်ကြီး ဘာလာလုပ်ပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလာလိုက်လို့ ကွဲခန်းမဲ့တာမဟုတ်လား"

"အံမာ! လူကိုများ ကွယ်ရာမှာ ခိုးစားတတ်တဲ့ သူခိုး သူဝှက်လို့ထင်နေ"

"မဟုတ်လို့လား"

"မဟုတ်ဘူး"

တီးတိုးရယ်မြူးကြလေ၏။ ညဥ့်ဦးယံလေက သူတို့နှစ်ဦးကို ဖေ့ဝဲတိုက်ခတ်သွားလေသည်။ ညဘက်မှ ထွက်လာကြသည့် ပိုးကောင်ငယ်လေးတို့သည်လည်း အသံစပေးလေပြီ။ ဒီလိုပဲ ကိုယ့်ကမ္ဘာကြီးလှပပါရစေလား နှင်းရယ်။

"နှင်းအတွက် ဆရာဝန်ညွှန်လိုက်တဲ့ဆေးတွေ လာခဲ့တာ"

"တကူးတကကြီး ကျော်ရယ်"

"ဒီလိုမှမပို့ပေးရင် ဒီလူနာက ဆေးသောက်မှာမဟုတ်ဘူးလေ"

ကုမ္ပဏီရုံးခန်းတွင်းမှာ ဘယ်လိုဖြစ်ခဲ့သလဲ ကျွန်မမမှတ်မိတော့ပါလေ။ သိင်္ဂီရွှေစင်ကြောင့် ဖြစ်လာရတဲ့ဒေါသနှင့် ကျော်ကို မျက်နှာချင်းမဆိုင်ချင်တော့တာမို့ ကျောပေးရပ်နေခဲ့တာပါ။





ဒေါသတကြီးနဲ့ လက်မောင်းကို ကျော် ဆတ်ခနဲဆွဲလိုက်ချိန်၊ ခေါင်းထဲ မိုက်ခနဲဖြစ်သွားပြီး ကမ္ဘာကြီးနဲ့ ရုတ်တရက်အဆက်အသွယ်ပြတ်သွားခဲ့တာလေ။

ကျွန်မသတိရလာတော့ ပုဂ္ဂလိကဆေးခန်းထဲမှာပင်။ စိုးရိမ်တကြီးစောင့်ကြည့်နေခဲ့တဲ့ကျော့်မျက်ဝန်းတစ်စုံ၊ ခပ်တင်းတင်းဆုပ်ကိုင်ထားသည့်လက်တစ်စုံ၊ တကယ်အရေးကြုံစဉ်၌ ဘေးမှာရှိနေတဲ့လူကမှ တကယ့်မိတ်ဆွေစစ်တဲ့။ ဟုတ်ပါတယ်၊ ကျော်ဟာ ကျွန်မဘဝအတွက် တကယ့်ကို အရာရောက် အရေးပါတဲ့ မိတ်ဆွေသူငယ်ချင်းစစ်စစ်ပါပဲ။

သို့သော် ကျွန်မနှင့်ကျော့်ကြားမှာ ရှိနေသည့်ကျောက်တံတိုင်းကြီးကိုတော့ ဘယ်လိုနည်းလမ်းမျိုးနှင့်မှ ဖြိုချနိုင်မှာမဟုတ်တာလေ။

"အန်တီအေး မသိဘူးလား"

ကျော် အသံတိတ်ငြိမ်သက်သွားလေ၏။ သိမှာပေါ့။ ဒီသားကိုမွေးထားတဲ့အမေမို့ သားဖြစ်သူလုပ်သမျှ ဘာမဆို အလိုလိုသိနေမှာအမှန်ပါလေ။

'သိင်္ဂီရွှေစင်ကြောင့် ကိုယ့်မေမေနဲ့စကားများပြီး ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာတာ''

''သူ့ကြောင့်လား၊ ငါ့ကြောင့်လား၊ နှင်းသီရဲ့လားနဲ့ ကျော်ရယ်''

'သူ့ကြောင့်ပါဆိုကွာ''

မျက်စိမှိတ်ယုံသတဲ့။ မချစ်မနှစ်သက်သည့်သူအပေါ်မှာပဲ အပြစ်တင်ချင်တာ သဘာဝပေပဲလား။ ကျွန်မအတွက်ကြောင့်နဲ့ ကျော့်မိဘတွေနဲ့ သွေးကွဲစကားများလာတာကတော့ မကောင်းပါဘူးလေ။

''နှင့်ကို ဘူအတော်ချစ်ပုံရတယ်''

''ဘယ်သူလဲ၊ သီဂီရွှေစင်လား''

''အင်း''

''နားစမ်းပါကွာ၊ လူချင်းတွေ့တုန်းကဖြင့် မာနတစ်ခွဲသားနဲ့ မူယာမာယာများနေပြီး နောက်ကွယ်ကနေ ဟန်ဆောင်ပန်ဆောင်ထလုပ်တာ ချစ်တာလား''

''ဒါကတော့ မိန်းကလေးသဘာဝလေ၊ ကျော်ရယ်''

''မိန်းကလေးသဘာဝဆိုရင် မင်းကရော ဘယ်နှခါ ဟန်ဆောင်ဖူးလို့လဲ နှင်းရဲ့''





'ဘယ်နှခါ ဟန်ဆောင်ဖူးလို့လဲ'ဟူသည့် ကျော့်စကားက ကျွန်မအရှိုက်ကို ထိလေ၏။ အဲဒီလိုဟန်မဆောင်တတ်ခဲ့လို့ ကျွန်မ သူ့ရှေ့မှာ အရှက်လုံးလုံးလျားလျားကွဲခဲ့ရတာလေ။ ဘယ်လောက်ပဲ ပုန်းလျှိုးကွယ်လျှိုးနေဖြစ်ခဲ့ပါလျက် အိမ်သို့ သူရောက်လာသည့်အခါတိုင်း သူ့မြင်ကွင်းရှေ့ကို မရည်ရွယ်ပါဘဲ ရောက်ရောက်သွားခဲ့ရတာ အကြိမ်ပေါင်းမနည်းခဲ့၊ သူနဲ့စကားပြောချင်လို့ ဖြစ်အောင် အကြံရှာဖွေထုတ်ခဲ့မိတဲ့အခါပေါင်းကလည်း များခဲ့တာလေ။

'ကိုကြီးမှာ ချစ်သူရှိလားဟင်'လို့မေးမိတာ အပြစ်တဲ့လား။ (၁၈)နှစ်မပြည့်သေးတဲ့ကလေးတစ်ယောက်ရဲ့ စိတ်ကူးယဉ်ဆန်ဆန်မေးလိုက်မိတဲ့ လျှပ်တစ်ပြက်အမေးလို့ ဖော့ပြီးမတွေးတတ်ဘူးလား။ ဒါပေမဲ့ ကျွန်မ တကယ့်ကိုအလေးအနက် သံယောဇဉ်ကြိုးနှောင်တွယ်မိတာ အမှန်ပါလေ။

ဩော် . . . ကိုကြီးရယ်၊ အခု ကျွန်မအသက် (၂၈)နှစ်ပြည့်နေတဲ့အထိ ရှိနေတာတောင်မှ ဒီနေ့အထိ မမေ့နိုင်သလို ကိုကြီးအတွက် ရင်ခုန်သံကလည်း မရပ်နိုင်သေးပါလားကွယ်။

''ငါလည်း ဟန်ဆောင်တတ်ပါတယ် ကျော်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းကလဲ"

ကျွန်မ ကျိတ်ပြုံးမိပါ၏။ သိင်္ဂီရွှေစင်လာသည့်နေ့တုန်းက ကျွန်မကို ရန်စကားပြောခဲ့တာကြောင့် သူမကိုပြန်ပြီး တုန့်ပြန်ခဲ့မိတာလေ။ မိန်းမဆိုတာ မနာလိုသလို အတွင်းစိတ်ကောက်တတ်တဲ့အမျိုးပဲပဲဟုတ်လား။

"နှင့်ကောင်မလေးလာတုန်းက ဆွဲပေးလိုက်တာ"

"ဘာ ကိုယ့်ကောင်မလေးလဲ"

"ဟုတ်တယ်လေ၊ နှင်နဲ့ငါ့ကို သူငယ်ချင်းလိုမတွဲပါနဲ့ ဆိုပဲ့စကားပြောတာ ဒုတိယလူဖြစ်နေတာကိုး"

"ဘယ်လို! ဒုတိယလူ. . . ဟုတ်လား"

အလို! နှုတ်က လွှတ်ခနဲထွက်သွားတာ မဖမ်းမိတော့ပါလေ။ သေစမ်း! ကျော်တို့သားအမိကို ရန်တိုက်ပေးသလိုတော့ ဖြစ်ကုန်ဦးမှာပါပဲလား။ အမေဖြစ်သူက ဒီလောက်တားမြစ်နေတာတောင် သားဖြစ်သူက ညမိုးချုပ်ကြီး ကျွန်မဆီ ရောက်နေတာပဲကြည့်တော့လေ၊

"ငါလည်း နည်းနည်းညစ်နေတာနဲ့ပြောလိုက်မိတာပါ ကျော်။ ဒီလောက်ထိ မရည်ရွယ်ပါဘူး"





"ပထမပြောတာက ဘယ်သူလဲ"

". . ."

"ပြောလေ. နှင်း"

"နှင်သိပြီးသားပါ ကျော်ရယ်",

"မေမေပေါ့. . . ဟုတ်လား"

နှစ်ယောက်သား နှုတ်ဆိတ်သွားပါ၏။ ကျော်က ကျွန်မလက်ကို ခပ်နာနာညှစ်လိုက်တာမို့ အတော်ခံပြင်းနေပြီမှန်း သိသာနိုင်ပါသည်၊ အိုလေ! ကိုယ့်မိခင်အရွယ်ကို စိတ်ညစ်မိအောင် လုပ်မိရင် ကျွန်မပဓမမေအလှည့်မှာ ဝင်လည်ရင် ဘယ့်နှယ်လုပ်မှာပါလဲ။ မိခင်ချင်း ကိုယ်ချင်းစာကြည့်သင့်ပါတယ် ဖက်ဆွတ် • နှင်းရယ်။

"အန့်တီအေးနဲ့တော့ ပြဿနာထပ်မတက်ချင်ပါနဲ့တော့ ကျော်"

"ဒါဆို ဟိုကောင်မလေးကရော"

"ခွင့်လွှတ်လိုက်ပါဟာ"

"ဘယ်လို"

"ဟုတ်တယ်၊ မသိစိတ်ရဲ့တွန်းအားကြောင့်ငါ့ဆီကို



www.burmeseclassic.com

www.burmeseclassic.com



သူရောက်လာတာ။ နင်သဘောပေါက်သင့်တဲ့ပေါ့ ကျော်''

''ဘာကိုပြောတာလဲ''

''နင့်ကို သူချစ်နေပြီ''

ကျော့်ထံမှ သက်ပြင်းရှိုက်သံ ထွက်လာလေ၏။ ရင်မော နေပြီလား။ ဒီဝေဒနာကို ငါခံစားခဲ့ရတာက (၁၀)နှစ်ကျော် ကြာ ခဲ့ပါပြီလေ။ ဟိုတုန်းကလို လက်ရှိလို နောက်တစ်ချိန်လို တို့နှစ် ယောက် သူငယ်ချင်းအဖြစ်ပဲ ရှိပါစေတော့လား ကျော်ရယ်။

''ကိုယ်. . .

''ညဥ့်နက်နေပြီ၊ ပြန်သင့်ပြီ ကျော်''

ခြံဝင်ဝနားမှာပင် ကားရပ်ထားတာမို့ ကျော့်ကို ခြံအထိ လမ်းလျှောက်လျက် လိုက်ပို့ပါ၏။ ကျော့်ကားလေး ထွက်သွား တာကို မျက်စိတစ်ဆုံး ကြည့်နေမိတာအမှန်ပါ။ မီးနီလေးပျောက် သွားလေမှ ခြံထဲဝင်ခဲ့တော့ ဦးဖြိုးက ခြံတံခါးကိုစေ့ပိတ်၊ သော့ ခတ်လိုက်လေ၏။

နန္ဒမောင်ပြန်တာ တော်တော်ကြာပေမယ့် သူမပြန်သေး ပါလေ။ ခြံရှေ့မလှမ်းမကမ်းမှာ ကားရပ်ထားပြီး စောင့်ကြည့်နေ တာမို့ သူမနှင့်ဟိုလူငယ်ကို ကောင်းကောင်းကြီးမြင်လိုက်ပါ၏။





ဘယ်သူလဲ၊ ဖက်ခွတ်နှင်းရဲ့လက်ကိုကိုင်သည့် ကောင် လေးက သူမရဲ့ပတ်သက်တဲ့လူပဲလား။ ဒါမှမဟုတ် မိတ်ဆွေ သူငယ်ချင်းပဲလား။ သို့တည်းမဟုတ် ချစ်သူလေလား။

ရင်ထဲမှာ ပူဆင်းသွားရတာ အမှန်ပါလေ။

⅄ ⅄ ⅄



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"တောက်!"

ရုံးခန်းထဲဝင်လိုက်ပြီး ဆုံလည်ခုံပေါ် ပစ်ထိုင်လိုက်ပါ၏။ မျက်နှာကို လက်ဝါးဖြင့်အုပ်ထားလိုက်ပြီး ရင်တွင်းမှဒေါသကို ဖြေလိုက်ပေမယ့် အပူကတော့ မအေးနိုင်ပါချေ။

ဒီလောက်ကြိုးစားပြီး လုပ်နေပေမယ့် အခုတော့ ကျွန်မ အတွက် အားလုံးပျက်စီးသွားပြီလေ။ ရှုံ့ကုမ္ပဏီက ကျွန်မရဲ့မြေ ကွက်တစ်ဝက်ကို လေလံတင်ရောင်းတာကြောင့် လေလံပွဲမှာသွား ခဲ့ပေမယ့် ဘယ်လိုမှဝယ်မရတော့ပါချေ။

အရင်က သိန်းရာဂဏန်းကို ဖေဖေ့ခြံပေါင် အိမ်ပေါင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရှာနိုင်ခဲ့ပေမယ့် သိန်းထောင်ချီကုန်မယ့်အရင်းအနှီးကြောင့် လက်လျှော့ခဲ့ရပြီလေ။ နောက်ဆုံးကျည်ဆန်ကို ထုတ်သုံးမယ်ဆိုရင် လက်ရှိနေထိုင်နေတဲ့အသိုက်အမြုံကို ဖျက်ဆီးရောင်းချဖို့ပဲ ရှိတော့တာကိုး။

ဒီကိစ္စကြောင့်နဲ့တော့ မေမေ့ကိုမျက်ရည်မကျစေလိုတော့ပါချေ။ ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုသာ ဦးစားပေးလိုက်ရတော့မှာမို့ ဆုံးဖြတ်ချက်ရဲရဲချကာ ခြေလှမ်းနောက်ဆုတ်ခဲ့ရတဲ့ အဖြစ်ရယ်ပါ။

အဘယ်မျှရှက်ဖွယ်ကောင်းလိုက်ပါသလဲ။ စီးပွားရေးသမားတွေ အလုအယက်လိုချင်၍ ဝယ်နေကြသည့်ပွဲမှ တစ်ဝက်တစ်ပြက်နဲ့တင် ထပြန်ခဲ့ရတာလေ။ ကိုယ့်ကိုယ်ကို အပြစ်ပုံချရံကလွဲပြီး ဘာမှမတတ်နိုင်ခဲ့။ တစ်သက်နဲ့တစ်ကိုယ် အရှုံးပေးနောက်ဆုတ်ခဲ့ရတဲ့အဖြစ်ကလည်း ဘုရားစူး ဒီတစ်ကြိမ်သာ ရှိတာအမှန်ပါပဲ။

"မမ"

"အင်း. . ."

"ဘာဆက်လုပ်မလဲဟင်"





မျက်နှာငယ်လေးနှင့်ရောက်လာသည့်ပုံပုံကို အော်ထုတ်လိုက်ချင်ပေမယ့် မဆိုင်သူကို ဆွဲထည့်ရမ်းတာမျိုး ကျွန်မမလုပ်ချင်ပါလေ။ ရှိတဲ့ဝန်ထမ်းလေးနည်းနည်းလေးပဲ ရှိတာမို့ ကိုယ်အုပ်ချုပ်နိုင်တာမှမဟုတ်ရင် ဒီစီးပွားရေးလောကမှာ ဘယ်လိုရပ်တန့်လိုက်နိုင်မှာလဲ။

"ဘာကိုပြောတာလဲ ပုံပုံ ဒီမြေကွက်နဲ့ပတ်သက်ရင်တော့ နောက်ထပ်ဘာမှမဟာနဲ့တော့နော်။ ငါစိတ်ပျက်လွန်းလို့ပါ"

"အဲဒါမဟုတ်ပါဘူး. . . ဟိုဟာ"

"ဘာလဲ"

"ဟိုတလောက မမနဲ့စာချုပ်မယ့်တိုက်သုံးလုံးလေ"

"အေးလေ. . . ပြော"

"အဲဒါ တစ်ဖက်ကုမ္ပဏီက ငွေလျှော့ပြီးယူတဲ့အပြင် ပြီးစီးမယ့်ကာလကိုပါ လျှော့ပေးလို့ဆိုပြီး. . ."

"ဘာ! "

ခေါင်းထဲ မိုက်ခနဲမူးဝေသွားရပါ၏။ အဲဒါကို မနက်ဖြန်မှာပဲ စရန်ငွေလက်ခံပြီး စာချုပ်ချုပ်ရတော့မှာကို။ ဘယ်လိုဖြစ်တာပါလိမ့်။ ကံဆိုးမ,မိုးရွာတယ်ဆိုတာ အမှန်ပါပဲလား။ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည့်ကံတို့က ကျွန်မထံကို တည့်တည့်ကြီးဦးတည်ပြီး လာနေတာလေ။

"မမ. . . မမ. . . ရရဲ့လားဟင်. . . ဆရာဝန်ပင့်ပေးရမလား"

စိုးရိမ်တကြီးမေးလိုက်သည့်ပုံပုံကို အသာလက်ပြလိုက်ပါ၏။ ခုတလော ဘယ်လိုဖြစ်တယ်မသိ၊ လူက သိပ်ကိုချူချာလွန်းနေတာလေ။ ဟိုတလောက ဆရာဝန်ညွှန်းပေးလိုက်သဖြင့် ကျော်ယူလာပေးသည့်ဆေးတွေကိုလည်း မှန်မှန်မသောက်ဖြစ်။ စိတ်တွေရှုပ်လိုက်တာနော်။

"ဘယ်သူယူသွားတာတဲ့လဲ"

"ရှုဝံပါ"

"ဘာ! "

"သူတို့နဲ့ထိပ်တိုက်ဆုံတာ ဒီတစ်ခါမှမဟုတ်တာ မမရဲ့။ ကျန်ခဲ့တဲ့နှစ်က မမအပ်ခဲ့တဲ့ Plaza တစ်ခုနဲ့ တိုက်သုံးလုံးတုန်းကလည်း သူတို့ထက် မမဦးလို့ ရခဲ့တာလေ"

ဟုတ်သားပဲ။ အလုညီဆိုတာ ရှိစတမ်းပေကို။ ထားပါတော့၊ ကျွန်မက သူများနဲ့ပြောဆိုပြီးသားကို စာချုပ်မချုပ်ရသေး





ခင် ကဖျက်ယဖျက်ယူတတ်တာမျိုးမဟုတ်တာလေ။ ကိုယ်နဲ့ပဲပြော၊ သဘောတူပြီးမှ စာချုပ်လက်မှတ်ထိုးပြီး ဆောက်လုပ်ပေးခဲ့တာပါ။

အခုတစ်ခါကတော့ စာချုပ်ချုပ်ခါနီးမှ အဖျက်သဘောဝင်သွားတာမျိုးမဟုတ်လား။ ဒီလိုဖြတ်ခုတ်စားရင် ဒီလောကမှာ ဘယ်လိုရပ်တည်နိုင်မှာတဲ့လဲ။ အကြီးစားကုမ္ပဏီဖြစ်ပြီး ကျွန်မရဲ့အသေးစားကုမ္ပဏီလေးကို နှင်းပြလိုက်တဲ့သဘောမျိုး ရောက်သွားတာလေ။

"ရှုဝံကုမ္ပဏီက MD ဘယ်သူလဲ"

"ဦးဘုန်းစကြာပါ "

"ဘာ! "

"ဦးဘုန်းစကြာပါ မမ"

ရင်ထဲမှာ ဒိန်းခနဲမြည်သွားသလို နားထဲမှာ လေတွေဝင်ထွက်သံတဝီဝီကိုသာ ကြားရလေတော့၏။ ဘုရားရေ! ဦးဘုန်းစကြာတဲ့လား။ ကျွန်မနဲ့ထိပ်တိုက်လာဆုံရတဲ့လူက ကိုကြီးတဲ့လားကွယ်။ ဘယ်လိုတွေဖြစ်ကုန်တာလဲ။ ဖေဖေသင်ပေးခဲ့တဲ့ပညာက Export & Inport ထုတ်ကုန်သွင်းကုန်ကဏ္ဍပါ။ အခု



www.burmeseclassic.com

www.burmeseclassic.com



တော့ သူလုပ်နေတာက Construction ဆောက်လုပ်ရေးလုပ်ငန်းကြီးတဲ့လား။

"ဒါ ငါ့ကို မိမိရရတိုက်လိုက်တာပဲ"

တီးတိုးရေရွတ်လိုက်မိတာကို ပုံ့ပုံ့က ခေါင်းညိတ်ထောက်ခံလိုက်လေ၏။ လောလောဆယ် လက်ထဲမှာ ဘာမှလုပ်လို့မရသေးတဲ့ (အရင်းအနှီးကြီးကြီးစိုက်ထားရမည့်အဆောက်အဦး) မြေကွက်တစ်ဝက်သာ ပိုင်ထားပြီး တခြားဘာအလုပ်မှရှိမနေတဲ့အဖြစ်ပါလား။ ဒီလိုသာ ဆောက်လုပ်ဖို့ Ready ရှိမနေရင် ကျွန်မလုပ်ငန်း ရပ်သွားတော့မယ့်အခြေအနေပါလေ။

"...လမ်းက နှစ်ထပ်တိုက်ရော"

"ပြီးနေပြီမမ၊ ကျန်ခဲ့တဲ့အပတ်ကပဲ အချောကိုင် ဆေးသုတ်ပြီးတာ။ ဒီတစ်ပတ်တည်းမှာ အပ်ရုံပဲ။ ကိုတိုးတို့အဖွဲ့က နားနေရပြီ"

ခေါင်းထဲမှာ တစစ်စစ်ကိုက်လာချေလေပြီ၊ လက်သမားတွေ နားပြီးရင် ပန်းရံအဖွဲ့တွေ အလုပ်သိမ်းချေပြီ။ Painter တွေလည်း ထိုနည်းလည်းကောင်းမဟုတ်ပါလား။

စဉ်းစားတော့ ဖက်ဆွတ်နှင်းရေ...ကျော်ပြောသလို





ကျောက်တောင်ကြီးကို ခေါင်းနဲ့တိုက်ဖို့ပြင်တာ မိုက်မဲခြင်းတဲ့။ အစကတည်းက သတိပေးခဲ့သားပဲ၊ 'ဝ'မရှိဘဲ 'ဝိ'လုပ်လို့မရဘူးဆိုတာကို သက်သေပြလိုက်သလိုပါပဲလား။

"Phone ခေါ်ပေး"

"ရှင်"

"ရူဝံကို Phone ခေါ်ပေးလို့"

"ဟုတ်...ဟုတ်ကဲ့ မမ"

စားပွဲထက်ရှိ Phone ကိုကိုင်ဖို့ပင် အင်အားတွေ မရှိတော့သလိုနှယ်။ ကိုကြီးရယ်၊ တစ်ချိန်က ရှိခဲ့ဖူးတဲ့ (ရှိမယ်ထင်လို့ပါ) သံယောဇဉ်ကို တစ်ချက်လောက် ငဲ့ပေးပါ။ ကိုယ့်ညီမလေးပဲဆိုပြီး နည်းနည်းလေးတော့ လျှော့ပေးစေချင်ပါရဲ့။

"ရပြီ မမ"

ရုံး Phone နီနီလေးကို ကျွန်မယူလိုက်စဉ် လက်ဖျားတို့က အေးစက်စက်။ ကြာတော့ကြာခဲ့ပါပြီလေ။ လွန်ခဲ့တဲ့ (၁၀) နှစ်ကျော်က ကောင်မလေးတစ်ယောက်ရဲ့အသံကို ကိုကြီးမှတ်မိနေပါ့မလား။ သို့တည်းမဟုတ် မေ့မေ့ပျောက်ပျောက်နဲ့ ဥပေက္ခာပြုခဲ့ပြီလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို. . . ရွှဲကုမ္ပဏီက ဘုန်းကြော်ပါ"

". . ."

"ဟယ်လို"

"နှင်း. . . ပါ"

အသံတို့ တိတ်သွားလေ၏။ အသက်မှ ရှူမိပါရဲ့လား။ Phone ခွက်ကို ခပ်တင်းတင်းဆုပ်ကိုင်မိပုံကိုက ယခုအချိန်ထိ သူနဲ့ပတ်သက်ရင် ကျွန်မစိတ်တွေ မတည်ငြိမ်သေးဘူးဆိုတာ ပြနေသည့်နှယ်လေ။

ဘယ်လိုလဲ. . . 'ဘယ်က နှင်းလဲ' လို့များ မေးလိုက်လေမလား။ ကိုကြီးဘဝမှာ 'နှင်း' ဆိုတဲ့အမည်မျိုးနဲ့ မိန်းကလေး ဘယ်နှယောက်များ တွေ့ဖူးခဲ့ပါသလဲ။

"ပြောလေ"

အို! ရင်ထဲမှာ သိမ့်ခနဲဖြစ်သွားသည့်အထိ ဝမ်းသာမိသွားရပါ၏။ မှတ်မိတယ်ပေါ့။ ဒါဆို သူ ကျွန်မကိုသိနေဆဲပေါ့လေ။ ကျွန်မတို့ကြားက စိမ်းသက်ခြင်းရေပြင်ကို အပြာရောင်ပြောင်းလိုက်စေချင်ပါရဲ့။

"ညှိစရာလေး ရှိလို့ပါ"





"ဘာကိစ္စလဲ"

"အလုပ်. . . အလုပ်ကိစ္စပါ"

"အလုပ်ကိစ္စဆိုရင်တော့ ကိုယ့် PA နဲ့ Appointment ကြိုယူပြီး လာတွေ့လိုက်ပါ။ အခုအလုပ်ရှုပ်နေလို့"

"နှင်းက ကိုကြီးနဲ့ပဲတွေ့ချင်တာ၊ တွေ့မှဖြစ်မှာမို့ပါ"

သက်ပြင်းရှိုက်သံသဲ့သဲ့မျှ ကြားလိုက်ရလေ၏။ ရင်မောနေပြီလားဟင်။ ကျွန်မက ဒီထက်မကပိုပြီး ရင်မောနေရတာပါလေ။

"အင်းလေ၊ အဲဒါကိုပဲ မောင်မိုးနိုင်နဲ့ညှိလို့ပြောတာပေါ့"

"နှင်းအတွက် အရေးကြီးလို့ပါ"

"ပြောပြီးပြီလေ"

''Meeting' ချိန်နီးပြီ' ဟု ဘေးနားမှသတိပေးသံကို ခပ်တိုးတိုးကြားရလေ၏။ သူအမှန်အတိုင်းပြောတာပါပဲလား။ ကျွန်မကိုမတွေ့ချင်လို့ ရှောင်တာမျိုးမဟုတ်တာလေ။ စိတ်ထဲမှာ အတော်လေးကို သက်သာသွားရတာအမှန်ပါလေ။

PA က ယောက်ျားလေးတဲ့လား။ တခြားကုမ္ပဏီလူကြီးတွေလို Secretary ချောချောလှလှလေးမျိုးမထားဘဲ အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးပဲ ခန့်ထားတာမို့ အမှတ်တွေတိုးပေးမိရတာလေ။ ပြောသားပဲ၊ ကျွန်မရဲ့ကိုကြီးက အဲဒီလိုမျိုး လူရိုသေခံရတဲ့ပုဂ္ဂိုလ်ပါလို့။

"ကိုယ် Meeting ရှိလို့ Phone ချရတော့မယ်၊ PA နဲ့ပဲ ချိန်းလိုက်နော်။ ဒါပဲ"

ကျွန်မဘာမှမပြောရသေးမီ Phone ချသွားချေပြီ။ လက်ထဲမှ Phone ကိုကိုင်ထားမိဆဲ၊ ကျွန်မအသက် (၂၈)နှစ်ရှိနေပြီဆိုတော့ သူက (၄၃)နှစ်ပေါ့နော်။ အရမ်းကိုများ ရင့်နေပြီလား။ ဖေဖေတုန်းကဆို အဲဒီအရွယ်မှာ နားသယ်စပ်ဆံပင်တချို့ ကျိုးတို့ကျဲတဲ ဖြူနေတာလေ။

သူရော အဲဒီလိုဖြူများဖြူနေပြီလား။ အရင်လိုမျိုး တောင့်တင်းတဲ့ခန္ဓာကိုယ်နဲ့ Fit ဖြစ်တုန်းပဲလား။ အသက်အရွယ်ကြောင့် ပြည့်များပြည့်ကုန်ပြီလား။ ဒါမှမဟုတ် ပိန်များပိန်နေပြီလား။ ကျွန်မသိပ်သိချင်ပါတယ်လေ။

အရင်လို ခပ်တည်တည်မျက်နှာမာကြီးနဲ့ ကြည့်နေဦးမှာပဲလား။ မျက်မှောင်ကြီးကြုတ်ပြီး စူးစူးစိုက်စိုက်ကြည့်ရင် ဘယ့်နှယ်လုပ်ရမလဲ။ ဟိုတုန်းကလို အထင်တသေးနဲ့ လူကိုကလေးပေါက်စနလေးလို အော်လိုက်ငေါက်လိုက်လုပ်နေဦးမှာပဲ





လားကွယ်။

"မမ. . . ညှော်သည်"

"ဟာ! ဒီအချိန်ကြီး ဘယ်ကညှော်သည်"

စကားပင်မဆုံးသေးခင် ပုံပုံဘေးမှကာ့ပ်ကာ တိုးဝင်လာသည့်ချာတိတ်ကြောင့် စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းကိုသာ ဆောင့်ချလိုက်မိတော့၏။ အရှုပ်ထုပ်ပဲ၊ ဒီမှာ ညစ်နေရတဲ့ကြားထဲ ဒင်းက လာရှုပ်နေပြန်ပြီလေ။

ဟိုနေ့ညနေကတည်းက ဒင်းနဲ့ကျော် ပြဿနာတက်ခဲ့ရသေးတာ။ တင်တင်စီးစီးလုပ်ခဲ့တာကိုလည်း Phone နဲ့တောင် တစ်ချက်မတောင်းပန်ဘဲ အခု မျက်နှာပြောင်တိုက်ပြီး ရောက်ချလာချေပြီ။

"မ"

"မင်းကို ငါမတွေ့ချင်ဘူး နန္ဒမောင်"

"ဘယ်နှခါအထိ ပြောနေဦးမှာလဲ"

"ကျစ်!. . ."

အတော့်ကို လက်ပေါက်ကပ်တဲ့ကောင်လေးပါပဲ၊ ကိုယ်ယိလက်ရောက်ရိုက်လည်း မကြောက်၊ ဘယ်လောက်ပဲ ပင်ပစ်



www.burmeseclassic.com

www.burmeseclassic.com



ခါခါပြောလည်း မနာ။ မင်းဘယ်လိုချာတိတ်ပါလဲ နန္ဒမောင်။

"အိမ်ကိုလည်း လာပြီးပြီ၊ အခု ငါအလုပ်လုပ်နေတဲ့ နေရာအထိ လာနှောင့်ယှက်တာတော့ လွန်လွန်းပြီ နန္ဒမောင်"

"မေးစရာရှိလို့"

"ဘာလဲ၊ ဘာကိုမေးဦးမလို့လဲ"

"ဟိုနေ့က လူ့အကြောင်း"

စပြန်ချေပြီ။ ကျော်နဲ့မပတ်သက်တော့ပါလို့ ကတိပေးပြီးနောက်ပိုင်း တက်လိုက်သမျှ ပြဿနာအရှုပ်က ရှင်းလို့မကုန်နိုင်တာလေ။ အခုလည်း နန္ဒမောင်က ကျော့်ကိစ္စတဲ့။

"ကျော်က တို့ချစ်သူလေ"

"မ!. . ."

"အဟုတ်ပြောတာ နန္ဒမောင်ရဲ့၊ ကိုယ်တို့တွဲလာတာ တော်တော်ကြာနေပြီ"

"မယုံဘူး. . . လုံးဝမယုံဘူး"

"အဲဒါတော့ ကိုယ်လည်းမတတ်နိုင်ဘူးလေ။ သိပ်မကြာခင်မှာ မင်းရဲ့လက်ထဲ Wedding Card ထည့်တော့မှပဲ ယုံချင်ယုံပေါ့"





"မဟုတ်ဘူး. . . မဟုတ်ရဘူး. . . 'မ' အဲဒီလောက်ထိ မောင့်အပေါ် မရက်စက်ချင်ပါနဲ့။ 'မ'ကို အသက်လောက်ချစ်ရတဲ့. . ."

"ငါကမှ မင်းကိုမချစ်တာ နန္ဒမောင်ရဲ့၊ Never!"

ကောင်လေး၏မျက်ဝန်းစိမ်းစိမ်းတို့ကိုသာ ကျွန်မကြည့်နေဖြစ်လေသည်။ ဟန်ဆောင်ရတာ အပင်ပန်းဆုံးပါပဲ။

Sorry!...နန္ဒမောင်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

တစ်အိမ်လုံး အုတ်အော်သောင်းတင်းဖြစ်သလို အိမ်မှာ အသက်အကြီးဆုံးဖြစ်သည့် ဒေါ်မေနှင်းတစ်ယောက် မြေးဖြစ်သူ နန္ဒမောင်၏သတင်းကိုကြားအပြီးမှာ ယိုင်လဲလျက် သတိလစ်သွားလေ၏။ ညနေစောင်း မှောင်ရီပျိုးချိန်မို့ အိမ်မှာ လူစုံချိန် ဒီသတင်းဆိုးကို ရုတ်တရက် ကြားလိုက်ရတာလေ။

"ဆေးရုံ. . . ဆေးရုံသွားကြမယ်"

သားဇောဖြင့် ပူလောင်နေသည့်ဦးမြတ်မင်းနှင့် ဒေါ်ထားထားဆွေတို့ ဘာလုပ်ရမယ်မှန်းမသိဖြစ်နေကြစဉ် Duty ဆင်းလာသည့် ဒေါက်တာမြနန်းနွယ်ကပင် သတိပေး လောဆော်ရတော့



www.burmeseclassic.com

www.burmeseclassic.com



၏။ မာမီ့ကိုသတိရအောင် ပြုလုပ်ပေးနေပေမယ့် သွေးတိုး ဆီးချို သမားမို့ တော်ရုံသတိပြန်လည်မလာပါလေ။

Ambulence ကို Phone ဆက်မှာကာ နွယ်ပင် ကား ပေါ်လိုက်ခဲ့ပြီး ကိုကိုနှင့်မမက အိမ်ကကားဖြင့် အနောက်မှလိုက် ခဲ့ကြလေသည်။ အမှန်က တူတော်မောင် ကား Accident ဖြစ် တဲ့သတင်းကို ခြံထဲရောက်ခါနီး Phone သတင်းရခဲ့တာပါ။ မောင့် သူငယ်ချင်းတွေက စိုးရိမ်တကြီးဖြင့် အိမ်ကိုလှမ်းဆက်ရာမှ မမ ကိုင်ထားတုန်း ဘေးနားရောက်လာသည့်မာမီ ကြားသွားခဲ့ရတာ လေ။

နှုတ်ဖျားမှ ရွရွရွတ်သမျှ သဗ္ဗဒေ့ဂါထာတော်သည်လည်း ကမောက်ကမ။ ဆေးရုံရောက်တာနှင့် မာမီ့ကို Drip ချိတ်၊ Pre-ssure တိုင်း၊ ဆီးချိုတိုင်းဖြင့် ရှုပ်ယှက်ခတ်နေကြစဉ် မောင့်ကို Operation ခန်းထဲသို့ သွင်းချေပြီ။

"သား. ¦ . သားလေး"

"မစိုးရိမ်ရဘူးလို့ ဆရာဝန်ကြီးက ပြောပါတယ် ထား ရယ်"

"မစိုးရိမ်ဘဲရှိမလား အစ်ကိုရယ်"





"ဟုတ်ပါတယ် မမရဲ့၊ မောင်က ခြေထောက်အရိုးထိ ရုံဖြစ်ပြီး နဖူးမှာ နည်းနည်းဒဏ်ရာရရုံပါ။ ဘာမှသိပ်ကြီးကြီးကျယ် ကျယ်ဖြစ်မသွားပါဘူး။ မာမီ့ကိုသာ စိုးရိမ်ရတာ"

"မာမီ သတိရပြီလား နွယ်"

"ဟင့်အင်း"

ခုတန်းပေါ်မှာ အင်အားမရှိတော့သည့်နွယ် ထိုင်မိနေ ကြ၏။ ဖြစ်ချိန်တန်ဖြစ်တယ်ဆိုတာ အမှန်ပါလေ။ ဒီလောက် သောကဝေးတဲ့နွယ်တို့အိမ်မှာမှ ဝမ်းနည်းစရာတစ်ပြိုင်တည်း ပြု ဝင်လာတာ အံ့ဩစရာပင်။

"ကိုဘုန်းကိုတော့ အသိပေးရမှာပဲ"

"အို. . . ကိုကလည်း မိသားစုအရေးကိစ္စနဲ့ သူ့စိမ်းကို"

"မဟုတ်ဘူး ထားရဲ့၊ အလုပ်ကိစ္စနဲ့ ဒီညနေ အိမ်ကို သူလာဖို့ရှိလို့"

"ဪ"

ကိုကိုက Hand Phone ကိုဖွင့်ကာ အချိန်တော်တော် ကြာကြာပြောနေစဉ် မောင့်သူငယ်ချင်းတွေတစ်ပြုံကြီး ရောက်လာ ကြလေ၏။ သူတို့ငါးယောက်ပဲ ဆေးရုံပို့ကြတာ၊ သွေးရှာနေကြ



www.burmeseclassic.com

www.burmeseclassic.com



တာကို တက်ညီလက်ညီလုပ်ပေးကြတာလေ။

"နန္ဒ ထွက်မလာသေးဘူးလား အန်တီလေး"

"အင်း"

"ဘွားဘွားရော၊ ဘယ့်နှယ်နေလဲ။ ကျွန်တော်လည်း Phone ပြောနေတုန်း ဘွားဘွားလဲသွားသံကို ကြားလိုက်ရတာ"

"ကုပေးနေတုန်းပါ ဝဏ္ဏရယ်"

"အဲဒီမိန်းမကိုက ရက်စက်လွန်းတာပါကွာ"

"ဟော့ကောင်! တိုးတိုး"

တစ်ယောက်က မကျေမနပ်ရေရွတ်လိုက်တာကို ကျွန်ချာတိတ်တွေက တီးတိုးတားမြစ်ကြလေ၏။ 'အဲဒီမိန်းမ'တဲ့။ ဒါဖြင့် မိန်းကလေးကိစ္စဖြစ်နေတာပေါ့လေ။

"ဘယ်သူလဲ ကျော်စွာ"

"ခင်ဗျာ"

"ခုန သားရွတ်လိုက်သံကြားလို့"

"ဘာမှမဟုတ်ပါဘူး အန်တီလေးရဲ့"

"ဘာလို့မဟုတ်ရမှာလဲ. . . သူပြောလိုက်လို့ ဒီကောင် Beer တွေမူးအောင် သောက်သွားတာလေ"





"ဟော့ကောင်! ကျော်စွာ"

ဘယ်လိုပဲပိတ်ပိတ် နှုတ်မှာသည့်မိုးကျော်စွာက သူငယ်ချင်းဘက်က မခံချိမခံသာဖြင့်ပြောနေတာမို့ ဇာတ်လမ်းက သိရပေပြီ။

"အန်တီလေးတို့ကို ပွင့်ပွင့်လင်းလင်းပြောကြပါကွယ်၊ သားတို့ကို အန်တီလေးတို့ အပြစ်မတင်ပါဘူး"

"ဖက်ဆွတ်နှင်းကြောင့်ပါ အန်တီလေး"

"ဘယ်လို"

"ဟုတ်တယ် အန်တီလေးရဲ့၊ အဲဒီမိန်းမက နန္ဒကို လုံးဝမချစ်ဘူး။ သူ မင်္ဂလာဆောင်တော့မယ်လို့ပြောလိုက်လို့ ဒီကောင် ညစ်ပြီး လုပ်ချင်တာလျှောက်လုပ်လို့ဖြစ်တာ"

"ဖြစ်ရလေ"

အပြစ်တင်လို့ ဘယ်ရမှာတဲ့လဲ။ သူ့စိမ်းက အခါခါငြင်းဆန်နေပါလျက် မောင်ကသာ တစ်ဖက်သတ်ချစ်နေတာပဲဖြစ်နေတာလေ။ ခေတ်လူငယ်တွေရဲ့စိတ်ကို ထိန်းချုပ်ရခက်ပါဘိ။

"နန္ဒကလည်း နန္ဒပဲလေကွာ၊ ဟိုကမကြိုက်နိုင်ပါဘူးလို့ပြောတာကို ခဏခဏသွားနေတာကိုး။ ဟိုတလောတုန်းက



www.burmeseclassic.com

www.burmeseclassic.com



အိမ်အထိသွားလို့ ဟိုကကျွေးထည့်လိုက်သေးတဲ့ဟာ။ အမှတ်ကို မရှိဘူး''

ဖွတ်ပါပဲလား။ အိမ်မှာ ဖွတ်တစ္ဆတ်နိုင်တာကို ကလေးမို့ လူကြီးတွေက သည်းခံခွင့်လွှတ်နိုင်ကြပေမယ့် သူစိမ်းက ဘယ်လုပ်နိုင်ပါ့မလဲ။ ပြီးတော့ မောင်က ဟိုမိန်းကလေးထက် လေးငါးခြောက်နှစ်ကျော်ငယ်တဲ့ ချာတိတ်လေးမို့ ဟိုက အထင်မကြီးတာလည်း ပါမှာလေ။

''ဒေါ်မေနှင်းသတိလည်လာပါပြီ ဒေါက်တာမြနန်းနွယ်''

''ကျွေးဖူးတင်လိုက်တာ ဆရာကြီးရယ်''

''ဆေးရုံကိုအချိန်မီရောက်လို့ ကံကောင်းသွားတာပါဗျာ။ ဆီးချိုလည်း ကျသွားပါပြီ။ တစ်လလောက်တော့ စိတ်ကိုပေါ့ပေါ့ပါးပါးလေး ထားပြီး နားနားနေနေထားပေးကြပါ''

''ဟုတ်ကဲ့ပါရှင်''

မာမီ့ကိုဝင်တွေ့ကြစဉ် မကြာမီရောက်လာသည်က ကိုဘုန်းရယ်လေ။

''ယုံတောင်မယုံဘူး။ ရုတ်တရက်ကြီး ဘယ်လိုဖြစ်ကုန်တာလဲ အစ်ကိုကြီးရဲ့''





လူနာနား လူတွေများနေတာမို့ Nurse မလေး သတိပေးသဖြင့် ခဏမျှကြည့်ပြီး အပြင်ထွက်လာခဲ့ကြ၏။

''သားသတင်းကိုကြားလိုက်လို့ ဖြစ်တာ''

''အစ်ကိုကြီးသားရော''

''Operation...လုပ်နေတုန်းပဲ''

ညီမဖြစ်သူနှင့်ဇနီးက မာမီ့အနီးရှိနေစဉ် ဦးမြတ်မင်းနှင့် သူတို့နှစ်ယောက် အပြင်ခုံထက်မှာ ထိုင်လိုက်ပါ၏။ ဦးမြတ်မင်း ထံမှသက်ပြင်းငွေ့အပူက သူ့ထံသို့ ကူးစက်သွားသလိုနှယ်ပါလေ။

''မောင်ဘုန်းကို အကူအညီတောင်းစရာရှိလာပြီ''

''ရပါတယ် အစ်ကိုကြီးရဲ့ ပြောပါ၊ ဒီလူနဲ့ဒီလူ အားနာစရာမရှိပါဘူး''

ဦးမြတ်မင်းအကြည့်က အစိုးရိမ်ပူပန်အများကြီးပါနေတာမို့ သူရင်ထိတ်သွားရပါ၏။ ဘာပါလိမ့်။ ဤလူကြီးက စကားကိုဆိုခဲသလို ပြောရင်လည်း ပြတ်ပြတ်သားသားမို့ သူနဲ့စိတ်တူကိုယ်တူ လက်တွဲလုပ်ဖြစ်ခဲ့တာ ကြာခဲ့ပြီလေ။

''တကယ့်ကို အားနာစရာဖြစ်နေလို့ပါ''

''ခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com

"မောင်ဘုန်းနဲ့ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးကို ဒီရောက်အောင်လာဖို့ ဖိတ်ပေးစေချင်တာပါကွာ"

သူ့ရင်ထဲ ထိတ်သွားရပါ၏။ ရင်းနှီးတဲ့မိတ်ဆွေတဲ့လား။ ဗုဒ္ဓေါ! နန္ဒမောင်စိတ်ဝင်စားနေပါတယ်ဆိုတဲ့ 'ဖက်ဆွတ်နှင်း'ကို များလား။ ဖွ! လွဲပါစေ ဖယ်ပါစေ။ အလို!. . . ဒါကို သူဘာကြောင့်များ စိုးရိမ်နေတာပါလိမ့်။ အံ့သြဖွယ်ကောင်းလေစွ။

"သားသတိရလာတဲ့အခါ ဖက်ဆွတ်နှင်းကို အနီးမှာရှိစေချင်တာပါပဲ မောင်ဘုန်း"

မျက်လုံးအစုံကို သူ မှိတ်ချလိုက်မိပါ၏။ ထင်ထားတဲ့အတိုင်းပါပဲလား။ တောင်းဆိုရဲပြီ။ သူနဲ့သူမက ဟိုတုန်းကလို ရင်းရင်းနှီးနှီးရှိနေတာမှမဟုတ်တဲ့။ ဒါနဲ့များ ဘာကြောင့် ဒီတောင်းဆိုမှုကို သူ့ဆီမှာ တောင်းရတာပါလိမ့်။

"ကျွန်တော် သူနဲ့မရင်းနှီးတာ အမှန်ပါ အစ်ကိုကြီး"

ညာသလိုဖြစ်နေပြီလား။ မေးထူးခေါ်ပြောရုံထက် မပိုတဲ့ဆက်ဆံရေးက သာမန်ကာရုံကာလို့သတ်မှတ်ရင် ရနိုင်တာပဲ။ ဒါကို ရင်းနှီးတဲ့အဆင့်လို့ မခေါ်နိုင်တာလေ။

"ကျန်ခဲ့တဲ့သုံးလလောက်က အိမ်မှာ မောင်ဘုန်းကို





Dinner ဖိတ်ကျွေးခဲ့တဲ့နေ့ကို မှတ်မိသေးရဲ့လား"

ဘာသဘောပါလိမ့်။ ထမင်းတစ်နပ် ဖိတ်ကျွေးရုံနဲ့တော့ ဒီလိုအပေးအယူမျိုး ယူလို့ရတာမှမဟုတ်တာလေ။ ဦးမြတ်မင်း ဘာကိုဆိုလိုပါသလဲ။

"အဲဒီနေ့က 'ဖက်ဆွတ်နှင်း'ဆိုတဲ့အမည်ကိုကြားပြီး မောင်ဘုန်းမျက်နှာပျက်သွားတာကို သတိထားမိခဲ့တာ"

". . ."

"ကာယကံရှင်မသိအောင် မောင်ဘုန်းနောက်ကြောင်းကို စုံစမ်းပြီးသိခဲ့ပါတယ်"

"အစ်ကိုကြီး. . . ကျွန်တော်"

"ယောကျ်ားချင်းမို့ ကောင်းကောင်းကြီးသိနိုင် နားလည်နိုင်ပါတယ် မောင်ဘုန်း။ ကိုယ်တို့အိမ်ကို ဒီလောက် နှစ်ချီကြာအောင် ဝင်ထွက်ခဲ့ပါလျက် ကိုယ့်ညီမနဲ့ ဒီလောက်ကြီးခင်မင်ပြောဆိုဖြစ်ခဲ့ပါလျက် လုံးဝစိတ်မဝင်စားခဲ့တဲ့အကြောင်းအရာက ဒီလောက်ထိလေးနက်သမှု ရှိနေလိမ့်မယ်လို့ မထင်ထားခဲ့တာ အမှန်ပါပဲ"

"သူနဲ့ကျွန်တော် ရိုးသားခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါက မောင်ရင်တို့ကိစ္စပါလေ။ ကိုယ်တောင်းဆိုချင်တာက သူ့ကိုဖိတ်ပေးနိုင်မလားဆိုတာပါ"

သူ နှုတ်ဆိတ်နေမိ၏။ သူမ Phone ဆက်တုန်းကဖြင့် အချိန်မရှိသလို လွှဲပြီးပြောခဲ့တာလေ။ အခုတော့ နန္ဒမောင်ကြောင့် သူ့ဘက်ကနေ သူမကို စပြီးခေါ်ရတော့မယ့်အခြေအနေမျိုးပါလား။ ဘယ်လိုလဲ. . . သူဘာလုပ်ရမှာပါလိမ့်။

Operation ခန်းထဲမှထွက်လာသည့်နန္ဒမောင်ကို Special room ထဲပြောင်းကာ စိုးရိမ်တကြီးစောင့်နေကြပြန်၏။ နာရီဝက်ကျော်ကျော်အကြာမှာ မသိမသာလှုးလွန့်လာသည့်လူနာကြောင့် ဝမ်းသာအားရဖြစ်သွားကြပါသည်။

"မောင်. . . မောင်. . . သတိရပြီလား သား"

မျက်ဝန်းတို့ကိုမဖွင့်မိ နှုတ်ခမ်းအစုံပွင့်လာတာမို့ တစ်ခုခုပြောရန် အားယူနေမှန်းသိလိုက်ပါသည်။ မျှော်လင့်တကြီးစောင့်နေကြသည့်မျက်ဝန်းတို့ကို သူအငေးသားဖြင့် ကြည့်နေမိလေ၏။

"မ. . ."

သက်ပြင်းချလိုက်သံတို့က ပြိုင်တူပါလေ။ သေကောင်ပေါင်းလဲအခြေအနေမှာတောင် တမ်းတတဲ့အမည်က 'မ'တဲ့လား။





တစ်ချိန်က သူ့အပေါ် စိတ်ဝင်တစားရှိခဲ့တဲ့ 'ဖက်ဆွတ်နှင်း'တဲ့လားလေ။

ခြေလှမ်းကိုနောက်ဆုတ်လျက် ကော်ရစ်ဒါသို့ သူထွက်ခဲ့ပါ၏။ Phone ခလုတ်တို့ကို နှိပ်နေသည့်ကာလက နှောင့်နှေးလွန်းပါတယ်လေ။

"ဟယ်လို"

". . ."

"ဟယ်လို. . . ဘယ်သူလဲမသိဘူး"

"ကိုယ်ပါ"

"ရှင်!"

"ဘုန်းစကြာပါ ဖက်ဆွတ်နှင်း"

အသံတိတ်သွားလေ၏။ စိတ်လှုပ်ရှားနေပြီလား။ ထင်မထားတာကြောင့် အံ့သြနေတာလည်း ဖြစ်ကောင်းဖြစ်နိုင်တာပင်။

"ကို. . . ကိုကြီး"

"နန္ဒမောင် ကား Accident ဖြစ်ပြီး ဆေးရုံရောက်နေတယ်"

"ဟင်!"



www.burmeseclassic.com

www.burmeseclassic.com



"Operation ခန်းထဲက အခုပဲထွက်လာတာ၊ မင်းကို တွေ့ချင်လို့ ကျေးဇူးပြုပြီး လာတွေ့နိုင်မလားလို့မေးတာပါ"

"သူနဲ့ကိုကြီးက ဘာပတ်သက်မှုရှိလို့လဲ"

"ကိုယ့်တူတော်တယ်"

"မဖြစ်နိုင်ဘူး၊ ကိုကြီးမှာ ဘာဆွေမျိုးမှ ရှိခဲ့ဖူးတာမဟုတ်ဘူးလေ"

အတိအကျကို သိနေတာပါပဲလား။ သူကသာ . . . ဤကလေးမလေးကို လျစ်လျူရှုခဲ့ပေါင်း အကြိမ်မနည်းခဲ့တာလေ။ ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက်လူငယ်လေးကို အနှံကယ်ဦးကျော်ဖေ ခေါ်ယူသင်ပြပေးခဲ့တာကို သူမကောင်းကောင်းကြီးသိခဲ့တာပါလား။

"ကိုယ့်မိတ်ဆွေရဲ့သား ဖြစ်နေလို့ပါ"

"ကိုကြီးမိတ်ဆွေက နှင်းနဲ့ဘာမှမပတ်သက်တဲ့ဟာ။ ပြီးတော့ အဲဒီကောင်လေးကို လုံးဝကြည့်မရဘူး"

"ဒီလိုတော့ ပြီးစလွယ်မပြောပါနဲ့ ဖက်ဆွတ်နှင်း။ ချာတိတ်က မင်းအတွက်နဲ့ ဒီလိုဖြစ်တာမို့ မင်းပယောဂ မကင်းဘူးလေ"





"သူ့ကို နှင်းအစောကြီးကတည်းက အပြတ်ပြောထားပြီးသားပါ။ နှင်းက ဆုံးဖြတ်ပြီးရင် ဘယ်တော့မှပြန်မပြင်တတ်ဘူး"

"ကိုယ်ကောင်းဆိုနေတာပါ ဖက်ဆွတ်နှင်း"

'ဆုံးဖြတ်ပြီးရင် ဘယ်တော့မှပြန်မပြင်တတ်ဘူး' တဲ့။ အခုမှ ဘုန်းစကြာကိုယ်ပွားမျိုးနဲ့ ကြုံနေရတာလေ။ သူ တစ်ချိန်က အထင်မြင်သေးခဲ့မိတဲ့ ခပ်ပျော့ပျော့ချာတိတ်မလေးရဲ့စိတ်က အခုတော့ မာကျောနေချေပြီ။

"နန္ဒမောင်က ကိုယ်နဲ့ဆွေမျိုးတော်ရမယ့်ကလေးဆိုရင် ပိုမှန်ပါလိမ့်မယ်။ ဒါကြောင့်ပါ"

"ဘယ်လို. . . နှင်း နားမလည်ဘူး"

သူ သက်ပြင်းကိုခိုးရှိုက်လိုက်မိ၏။ မပြောချင်ပေမယ့် အခြေအနေက ပြောမှကိုဖြစ်တော့မှာလေ။ လောကမှာ ကိုယ့်ကိုယ်ကို ပြန်ညာရတဲ့အလုပ်လောက် ခက်ခဲတာ ဘာမှမရှိတော့ပါချေ။

"ကိုကြီး"

"နန္ဒမောင်ရဲ့အဒေါ် ဒေါက်တာမြနှင်းနွယ်နဲ့ကိုယ် မကြာခင် Engage လုပ်ကြတော့မှာမို့"



www.burmeseclassic.com

www.burmeseclassic.com



"နှင်း မလာဘူး"

"ဖက်ဆွတ်နှင်း"

"ဒါစကားအကုန်ပဲ ဦးဘုန်းစကြာ၊ နှင်းမပတ်သက်ချင်တဲ့အမျိုးအနွယ်တွေနဲ့ မျက်နှာချင်းဆိုင်ဖို့ ဆန္ဒလုံးဝမရှိဘူး။ နန္ဒမောင်ကို ဘယ်တော့မှမချစ်နိုင်ဘူးလို့ပြောခဲ့တာမို့ တွေးပြီးသားတံတွေးကို နှင်းပြန်မျိုမချဘူး။ ဒီတော့ သူ့ကိုလာတွေ့ဖို့လည်း မလိုဘူးလေ။ ဒါပဲ"

'တူ'ခနဲ Phone ပိတ်သွားလေပြီ။ ရဲဝံ့ပြတ်သားပါပေ့။ လွန်ခဲ့သည့် (၁၀)နှစ်တာခန့်က ဖြူစင်တဲ့အပြုံးလေးနဲ့ ချာတိတ်မလေးက အာရုံထဲမှာ မှုံဝါးဝါးပါလေ။

⅄ ⅄ ⅄



## အခန်း (၂၁)

ရုံးခန်းထဲဝင်လာသည့်ကျော့ကိုမြင်တော့ ကျွန်မ နှာခေါင်းရှုံ့ပြလိုက်မိပါ၏။ ဒီတစ်ကောင်လည်း ကျွန်မနည်းတူ ခေါင်းအမာသားပါပဲ။ အိမ်ကမိဘတွေ ဘာပြောပြော ဂရုမစိုက်တဲ့လူမိုက်လုံးလုံးဖြစ်နေပြီလေ။

"လာပြန်ပြီလား"

"ဘာလဲ၊ မကြိုက်ဘူးလား၊ လှည့်ပြန်လိုက်ရမလား"

"ပုံပုံ၊ Black Coffee နှစ်ခွက်လုပ်ပေးပါ၊ Please!"

Intercon ခလုပ်ကိုနှိပ်လိုက်ကာ ပြောလိုက်ပြီး စားပွဲရှေ့မှာ ခုံကိုမေးဆတ်ပြလျက် ကျော့ကိုထိုင်ခိုင်းလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"အပြုံးကလည်း အသက်မပါလိုက်တာ"

"ဒါဖြင့် ဘယ်လိုပြုံးရမှာလဲ"

"ဘာဖြစ်လို့လဲ နှင်း"

အမေးကို အမေးနှင့်ပင် ပြန်ဖြေလိုက်တာမို့ ပခုံးတွန့်လိုက်မိ၏။ ညကပဲ ဟိုချာတိတ်သတင်းကြားခဲ့ရတာထက် ကိုကြီးစကားက ကျွန်မအဖို့က်ကို တည့်တည့်ထိခဲ့ရတာလေ။

'ဒေါက်တာမြနန်းနွယ်'တဲ့လား။ အရင်တုန်းကတော့ ကိုယ်နဲ့ပခုံးချင်းယှဉ်တိုက်နိုင်မယ့် မိန်းမမျိုးကိုပဲ စိတ်ဝင်စားနိုင်မှာဆို။

အခုတော့ ကိုကြီးက အပြောတခြား အလုပ်တခြား လူညာကြီးပါလေ။

"မေးတာ ဖြေဦးလေ"

"ဒီလိုပါပဲ"

"ထမင်းတစ်ပတ်မစားရတဲ့လူမမာလိုပဲ အားတွေ ဘယ်ရောက်ကုန်ပြီလဲကွာ"

"အမှန်အတိုင်းပြောရမှာလား"

"ပြောရမှာပေါ့။ ကိုယ်နဲ့မင်းကြားမှာ ဘာများဖုံးကွယ်





ထားစရာရှိလို့လဲ"

မျက်ရည်ဝဲလာတာကို ထိန်းချုပ်ရပါ၏။ Engage လုပ်တော့မှာတဲ့။ ပေါ့ပေါ့လေးပြောရက်လိုက်တာ။ နန္ဒမောင်ကိုပြောခဲ့သလိုမျိုး နှင်းကိုလက်စားချေလိုက်လေသလားကိုကြီးရယ်။ ရက်စက်လွန်းပါပေ့။

"လမ်းပျောက်နေပြီ"

"ဘယ်လို"

"ဘာဆက်လုပ်ရမလဲ မသိတော့ဘူး"

"နှင်း. . ."

ခုံမှထရပ်ကာ ကျော့်ကိုကျောပေးလျက် မှန်ချပ်များအနီးမှာ သွားရပ်လိုက်ပါ၏။ အောက်မှအပြင်မြင်ကွင်းက မျက်ဝန်းထဲမှာ ဝိုးတဝါး။ မျက်ရည်တွေကုန်ချင်ပြီကွယ်။ တော်သင့်ပါပြီ။ ဆယ်နှစ်ကျော်ရှူသွင်းခဲ့တာ အရွှေလိုပါပဲလား။ နောက်ဆုံးရလိုက်တဲ့ရလဒ်ကလည်း ဒုတိယမို့အသည်းကွဲခြင်းပါပဲတဲ့လား။

ရက်စက်လိုက်တာ ကံကြမ္မာရယ်။

"သူ စေ့စပ်တော့မယ်တဲ့"

'ဘယ်သူလဲ'ဟု ကျော့်ထံမှမေးခွန်းထွက်မလာပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှုတ်မှ 'သူ'ဆိုတဲ့နာမ်စားဟာ ဘယ်သူ့ကိုရည်ညွှန်းသလဲ ဆိုတာကို သူငယ်ချင်းဖြစ်တဲ့ကျော် အသိဆုံးဖြစ်မှာပါပဲ။ ကြာပြီ ဆိုပေမယ့် မမေ့ရက်နိုင်တဲ့အချစ်ဦးမို့ပါ ကိုကြီးရယ်။

"နန္ဒမောင်ရဲ့အဒေါ်နဲ့လို့ပြောတယ်"

"ဘယ်သူ. . ."

"ဒေါက်တာမြနန်းနွယ်တဲ့"

ကျော် အသံတိတ်သွားလေ၏။ သိဖူးသလား၊ မြင်ဖူးသလားဟု အပိုစကားမဆိုမိ။ ကျွန်မပြောတာကိုသာ အာရုံစိုက်နားထောင်နေပုံမျိုးပါပဲ။ မိုးတဖွဲဖွဲရွာလာတာကို အဓိပ္ပာယ်မဲ့ငေးကြည့်နေဖြစ်တာ အချိန်တော်တော်ကြာသွားလေ၏။

လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်တုန်းကတော့ ဒီမိုးစက်တွေကို လက်ဝါးဖြင့် တို့ထိခံဆော့ပြီး စိတ်ကူးယဉ်ပျော်မြူးခဲ့ဖူးတဲ့အမှန်ပါလေ။ အခုတော့ ဘာရည်ရွယ်ချက်မှမရှိဘဲ ဒီတိုင်းငေးနေမိတာ ခြေထောက်တွေ ကျဉ်လာချိန်အထိပါပဲ။

ပုံ့ပုံ့ ကော်ဖီလာပို့ပေးသွားတာကို အနံ့ရတာမို့ အလိုလိုသိနေပါ၏။

"အသက်ရှင်နေတာ ,အဓိပ္ပာယ်မရှိတော့သလိုပဲ"





"နှင်းကလည်းကွာ၊ အားလျော့တဲ့စကားတွေ ပြောနေပြန်ပါပြီ"

"ကုမ္ပဏီဖျက်လိုက်ရင်ရော"

"ဟောကြည့်! မင်း ဒီလောက်ကျားကုပ်ကျားခဲ တည်ထောင်ထားသမျှ ပစ္စလက္ခတ် မလုပ်လိုက်ချင်နဲ့"

"စီးပွားမရှာတော့ဘဲ ရိုးရိုးကုပ်ကုပ်အိမ်ရှင်မလို မီးဖိုခန်းထဲမှာပဲ နေဖြစ်ရင် အနိတိအေးက ချွေးမတော်ကောင်းတော်နိုင်တာပဲလေ။ မဟုတ်ဘူးလား"

မျက်ရည်မကျအောင် ထိန်းနိုင်ပြီမို့ ကျော့်ထံ မျက်နှာပြန်မူလိုက်စဉ် ကျော်က ကော်ဖီခွက်ကိုအသာယူလိုက်ပြီး ပြောလေ၏။

"မင်းဟာသက မရယ်ရဘူး နှင်းရဲ့"

"နည်းနည်းပါးပါး ဟန်ဆောင်ရယ်ပေးတာ မဟုတ်ဘူး ကျော်ရာ။ ဥပမာ– ကိုယ် ကျွမ်းထိုးလိုက်တော့မယ် နှင်းရေ့ဆိုပြီးတော့ပေါ့"

နှစ်ဦးသား မရယ်ချင်ဘဲ တီးတိုးရယ်လိုက်မိစဉ် တံခါး ခေါက်သံထွက်လာသလို တံခါးပါ ပွင့်သွားလေ၏။ အခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည့်ပုံပုံကို နှောင့်ယှက်ရန်ကောဟု ကြည့်လိုက်မိပါသည်။

"မမ. . . ညေ့. . ."

ပုံပုံနောက်မှ ပေါ်လာသည့်လူတစ်ယောက်ကြောင့် ရပ်နေသည့်ခြေထောက်က အလိုလိုပျော့ကျသွားသဖြင့် ဆုံလည်ခုံကို အမြန်ဖမ်းကိုင်လိုက်ရလေသည်။ အလို! လွန်ခဲ့တဲ့ဆယ်နှစ်တာကာလအတိတ်ကို ရုတ်ချည်းပြန်ရောက်သွားရသလိုပါပဲလား။

ဦးဘုန်းစကြာတဲ့။ အင်မတန်မှ ကျက်သရေရှိပြီး ခန့်ထည်တည်ကြည်လွန်းပါသည့် လူကြီးတစ်ဦးက ခြေလှမ်းမှန်မှန်ဖြင့် ကျွန်မအနီးသို့ လျှောက်လာတာလေ။

အရင်လို ကြည့်ကောင်းနေတုန်းပါပဲလားကွယ်။

"ဩော်. . . ထိုင်ပါခင်ဗျ"

ကျော်က အလိုက်တသိဖြင့် ခုံရွှေ့ပေးလျက် နေရာပေးလိုက်သလို ကျွန်မကို မျက်နှာရိပ်မျက်နှာကဲဖြင့် ရှောင်ရန်အချက်ပြနေပြီလေ။ အင်း. . . အချစ်ဦးနဲ့တွေ့ဆုံခန်းမှာ သူငယ်ချင်းက အလိုက်တသိရှောင်ချင်ပုံမျိုးပါလား။

"ရပါတယ် ကျော်၊ ထိုင်ပါ"

"ကိုယ် Toilet သွားမလို့"





ကဲ! အကြောင်းပြပုံက သေသပ်ပါ့။ နှလယ်နှစ်ချက်တီးအချိန်ကြီး ဒီကို သူဘာလာလုပ်ပါသလဲ။ ပဟေဠိတို့က ရင်မှာ အပြည့်အနက်ပါလေ။

"ကိစ္စက"

"လာညှိတာ"

"ရှင်!"

ခုံမှာ အယောင်ယောင်အမှားမှားဖြင့် ခုံမှာထိုင်လိုက်မိ၏။ လာညှိတာတဲ့။ ကျွန်မဘက်က ညှိပါရစေဆိုတုန်းကဖြင့် ကြိုးတင်ပွဲပိုင့်ယူပါလို့ပြောခဲ့တဲ့သူက အခုတော့ ရှေ့ကိုဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာတာမဟုတ်လား။

"ဘာကိုလဲ"

"မင်းလိုချင်တဲ့မြေကွက်ကို စာချုပ်မှာလက်မှတ်ထိုးပြီး ကိုယ်ပေးမယ်ဆိုရင် ကိုယ်တောင်းဆိုတာကို လက်ခံမှာလား"

ဝမ်းသာရမှာထက် ရင်ထဲမှာ ကျည်ခနဲဖြစ်သွားတာအမှန်ပါ။ ကြည့်စမ်း! နှလုံးသားကို မြေကွက်တစ်ခုနဲ့ အလဲအလှယ်လုပ်တာတဲ့လား။ ကိုကြီးမှာ ဒီလောက်အထိ ရက်စက်တဲ့နှလုံးသားမျိုး ရှိနေသလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com

"နန္ဒမောင်ကို ခဏလေးပဲဖြစ်ဖြစ် သွားတွေ့လိုက်ပေးဖို့ပါ"

မျက်ရည်ကိုအနိုင်နိုင်ထိန်းရပါ၏။ သွားတွေ့ဆိုတဲ့စကားက ပေါ့ပေါ့လေးဖြစ်ပေမယ့် အဲဒီနောက်ပိုင်းမှာ မလှုပ်နိုင်အောင် ချည်နှောင်ခံရမယ့်ကြိုးတွေကို ကျွန်မကြိုမြင်နေတာ အမှန်ပါလေ။ သံယောဇဉ်ဆိုတာမျိုးက ဖြတ်ရအခက်ဆုံးလို့ပြောလေ့ရှိကြပေမယ့် သူ့အဖို့ကဖြင့် လွယ်လွန်းလှချည်လား။

လူမှုရေးအရ သွားတွေ့ပြီး အားနာမှုတွေ တောင်းဆိုလိုက်လျှော့မှုတွေ ဆက်ရှိလာရင် လူသားတစ်ဦးအနေနဲ့ ရှောင်ရခက်တော့မှာလေ။ ကိုကြီး ရက်စက်တယ်။

နှင်းကိုဘယ်လိုပဲမချစ်ဘဲ ရှိပါစေဦးတော့။ သူစိမ်းတစ်ယောက်ရဲ့ရင်ခွင်ထဲ ရောက်သည်အထိ တွန်းပို့ထည့်ရက်လောက်တဲ့အထိ လုပ်ရပ်မျိုးကတော့ လွန်တာပါလေ။

"ကျွန်မ, စကားကိုနှစ်ခါမပြောတတ်ဘူး ဦးဘုန်းကြော့"

"စဉ်းစားကြည့်ပါ ဖက်ဆွတ်နှင်းရဲ့၊ မင်းသိပ်လိုချင်တဲ့အရာကို အလကားရလိုက်မှာလေ။ နန္ဒမောင်ကို ခဏလေးသွားတွေ့ရမှာ မင်းအတွက် ဘယ်လောက်များအပန်းကြီးလို့လဲ၊ ပြော





ပါဦး"

'မင်းသိပ်လိုချင်တဲ့အရာ'တဲ့။ ပြောရက်လိုက်တာ။ ဒီလောကကြီးမှာ ကျွန်မအလိုချင်ဆုံးအရာဟာ ဘာလဲဆိုတာကို သူအသိဆုံးဖြစ်ပါလျက်နဲ့ ဤသို့ရက်ရက်စက်စက်ပြောထွက်ရတယ်လို့။

"မလိုဘူး"

"သေချာစဉ်းစားကြည့်ပါဦး ဖက်ဆွတ်နှင်းရဲ့"

"တော်ပါတော့ ဦးဘုန်းကြော့၊ ကျွန်မကို ဒီလောက်ထိ စိတ်အနှောင့်အယှက်ပေးရရင် ကျေနပ်ပါတော့"

"ကိုယ် ဘာများအမှားလုပ်မိလို့လဲ"

နေရာမှ ဝုန်းခနဲထရပ်လိုက်မိ၏။ တင်းထားစမ်း ဖက်ဆွတ်နှင်း။ သူ့ရှေ့မှာ ခပ်ပျော့ပျော့ကောင်မလေးဆိုတာကို လုံးဝမပြမိစေနဲ့။ တစ်သက်လုံး အထင်တသေးကြည့်လာခဲ့တဲ့ ဒီမျက်လုံးတွေကို ရပ်တန့်လိုက်သင့်ပါပြီလေ။

"ကျွန်မပြောလိုက်မယ် ဦးဘုန်းကြော့၊ ရှင့်ဆီက ဘယ်လိုသက်ရှိသက်မဲ့ကိုမှ ကျွန်မ မလိုချင်ဘူး။ ဟိုတုန်းကလည်း မလိုချင်ခဲ့ဘူး၊ အခုလည်း မလိုချင်ဘူး။ နောင်လည်း ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ လိုချင်မှာမဟုတ်ဘူး။ ဒီတော့ ကျွန်မမျက်စိရှေ့က ရှင်အမြန်ဆုံး ထွက်သွားပေးပါ''

''သေချာပြီလား''

''. . .''

''အဲဒီမြေပေါ်မှာ ဘယ်လိုအဆောက်အဦးမျိုးဆောက်မလဲလို့ စိတ်ကူးခဲ့တဲ့မင်းရဲ့စီမံကိန်းကြီးကို ဒီလိုပဲ မျက်နှာလွှဲ ခဲပစ် ခပ်လွယ်လွယ်နဲ့ စွန့်လွှတ်နိုင်တယ်ပေါ့လေ''

စကားလုံးတို့ သံချွန်တွေလို စူးရှလွန်းပါတယ်လေ။ လက်နက်ချနေတဲ့လူကို ထပ်ပြီးခြိမ်းခြောက်နေပြန်ပါပြီ။ မက်ခဲ့ဖူးတဲ့အိပ်မက်မှန်သမျှကို ရိုက်ချိုးဖျက်ဆီးနိုင်တာကိုပဲ ဂုဏ်ယူပါတော့လား။ နှလုံးသားကို တစ်စစီ ကျိုးပဲ့စေမယ့် စကားလုံးလက်နက်နဲ့ မထိုးဆွချင်ပါနဲ့တော့။

''ကျေးဇူးပြု၍ ထွက်သွားပေးပါ''

''ဒါက နှင်တာလား''

''ဟုတ်တယ်၊ ရှင့်မျက်နှာကို ဒီဘဝမပြောနဲ့ နောက်ဘဝဆက်တိုင်းဆက်တိုင်း မမြင်ပါရစေနဲ့တော့ ဦးဘုန်းစကြာ။ သွားပါတော့''





ဖြည်းဖြည်းချင်း ထရပ်လျက် အခန်းဝဆီ လှမ်းသွားသည့် သူ့နောက်ကျောက မျက်ဝန်းထဲမှာ မှုံဝါးနေလေ၏။ ငိုချလိုက်ချင်စိတ်ကို အောင့်အည်းထားရတာကိုက ခက်ခဲပင်ပန်းလှလေစွ။

''နှင်း. . .''

''ကျော်. . .''

အနီးသို့ရောက်လာသည့် ကျော့်ရင်ခွင်ထဲသို့ဝင်လျက် ကလေးတစ်ယောက်နှယ် ချုံးပွဲချ၍ စိတ်လွှတ်ကာ ငိုလိုက်မိတော့၏။ ဟုတ်ပါတယ်၊ ဖက်ဆွတ်နှင်းဆိုတာ သူ့အတွက်တော့ စီးနေကျဖိနပ်လေးအဆင့်တောင်မှ အသုံးမဝင်တာလေ။

ဟိုတုန်းကလိုပဲ အခုလည်း အရှုံးဆိုတာကို နောင်တနဲ့အတူ သေသည့်အထိ ထွေးပိုက်သွားရမှာ ကျွန်မအတွက် ရလဒ်ပါပဲ။

''ငါ. . . ငါ ဘယ်လိုပဲကြိုးစား. . . ကြိုးစား. . . ဘယ်လောက်ပဲ အမြင့်ကိုရောက်အောင် တက်လှမ်းနေပါစေ. . . သူ့အတွက်. . . သူ့အတွက်ကတော့ ငါက. . . ငါက အငွေ့ပျံပျောက်ကွယ်သွားနိုင်တဲ့ နှင်းမှုံလေးတစ်စက်လောက်ပဲ. . . အဆင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေတာပါ ကျော်ရယ်''

''နှင်းရယ်''

ခြေလှမ်းတို့ တုံ့ခနဲရပ်သွားရပါ၏။ အငွေ့ပျံပျောက်ကွယ်သွားနိုင်တဲ့နှင်းမှုံလေးတစ်စက်တဲ့လား။ မဟုတ်ပါဘူး။ မဟုတ်ရပါဘူး. . . သူ့အမြတ်တနိုးသိမ်းဆည်းထားချင်တဲ့ နှင်းပွင့်ကလေးပါလေ။

ပြန်လှည့်ကြည့်လိုက်မိစဉ် သူမြင်လိုက်ရသည်က ဟိုကောင်လေးရဲ့ရင်ခွင်ထဲမှာ သူမက ငိုလို့၊ ဟိုကောင်လေးကလည်း သူမကိုဖက်ထားတာမှ တင်းတင်းကျပ်ကျပ်။ ဒီလိုပဲ သူထွက်သွားရမှာလား။

ဒီအတိုင်းကြီး ရင်ဘတ်တစ်ခုလုံး ကြေမွလျက်သားကြီးနဲ့ (နောက်ထပ်တစ်ကြိမ်) ကျောခိုင်းလိုက်ရမှာတဲ့လား။ ဟိုတစ်ချိန်တုန်းကတော့ ကျေးဇူးတရားဆိုတဲ့ခေါင်းစဉ်ကြီးနဲ့ 'အလျှာ'ဆိုသည့်အခြေအနေကြောင့် နောက်ဆုတ် ခြေလှမ်းရပ်တန့်ခဲ့ရတာ။ ဒီတစ်ကြိမ်မှာပါ အလွယ်တကူ လက်လျှော့ ကျောပေးခဲ့တာက သဘာဝကျပါရဲ့လား။

ချစ်ခြင်းရဲ့စွမ်းအားက ဤမျှထိ ကြီးမားလိမ့်မည်ဟု သူ





မတွေးမိခဲ့။

သူ့ကိုချစ်တဲ့ချစ်ခြင်းတွေကြောင့် သူပြောခဲ့တဲ့စကားတို့ကြောင့် မခံချင်စိတ်နဲ့ ဒီနေ့ဒီအခြေအနေထိရောက်အောင် အင်အားကုန်ထုတ်သုံးပြီး ကြိုးစားခဲ့တာတဲ့လေ။ အင်မတန်အားပျော့ပါတယ်ဆိုတဲ့ ဆယ်ကျော်သက်ကောင်မလေးက သူ့ကိုချစ်တဲ့စိတ်စေတသိက်တစ်ခုတည်းအတွက်နဲ့ အင်အားကြီးယောကျ်ားတွေလို ရုန်းကန်ကြိုးစားအောင်မြင်လာတာတဲ့လေ။

အံ့ဩဖွယ်ကောင်းလေစွ. . .

ဖက်ဆွတ်နှင်း. . .

မင်းပြောတော့ ကိုယ့်ဆီက ဘာသက်ရှိသက်မဲ့အရာမျိုးကိုမှ မမျှော်လင့်ခဲ့ဘူးဆို. . .

ဒီစကားကို ဘာအာမခံချက်မျိုးနဲ့ ယုံကြည်ပေးရမှာတဲ့လဲ. . .

"ငါ့နှလုံးသားကို ဥပေက္ခာပြုနိုင်တာကို ငါအပြစ်မတင်ပါဘူး။ ဒါပေမဲ့. . . ဒါပေမဲ့ သူမဟုတ်တဲ့ သူစိမ်းတစ်ယောက်ရဲ့လက်ထဲကို လွယ်လွယ်ကူကူ ထိုးအပ်ရလောက်တဲ့အထိ လုပ်ဝံ့တာကတော့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး"

ကျွန်မ တုန့်လှုပ်သွားရပါ၏။ ငိုသံက တိခနဲရပ်သွားသလို အထိတ်တလန့်ဖြစ်သွားစဉ် သူက ကျွန်မလက်မောင်းကို (ကျော့်ရင်ခွင်ထဲမှ)ဆွဲယူကာ တင်းကျပ်စွာ ထွေးပိုက်ထားလေ၏။ ဘာတွေဖြစ်ကုန်ပါလိမ့်။

"ကိုယ့်ကို ခွင့်လွှတ်ပေးပါကွာ. . . ဟိုတစ်ချိန်တည်းက မတောင်းပန်ဖြစ်တာကိုပါ အခုတစ်ခါတည်း တောင်းပန်ပါရစေ။ ကိုယ် အနူးအညွတ်တောင်းပန်ပါတယ်"

". . ."

"ဘုန်းစကြာရဲ့ဘဝမှာ ဖက်ဆွတ်နှင်းဆိုတာ နှင်းတစ်ပွင့်လေးဖြစ်ခဲ့ရင်တောင်မှ အဲဒီနှင်းပွင့်လေးကို ကိုယ့်တစ်သက်တန်ဖိုးထားပြီး ထိန်းသိမ်းသွားမယ်ဆိုတာကို ယုံကြည်ပေးပါ"

". . ."

"ဟိုတုန်းကတည်းက မင်းကို ကိုယ်သိပ်ချစ်ခဲ့တာပါ ဖက်ဆွတ်နှင်း"

ကမ္ဘာကြီးမည်သို့လည်ကုန်ပြီ မသိတော့ပါလေ။ ကျော့တစ်ယောက် ဘယ်လိုဘယ်ပုံနဲ့ ကျွန်မတို့အနီးမှာ ရှိနေမလဲဆို

ရွှေပဒေသာစာပေ



တာကိုလည်း မတွေးမိတော့။

ဘာပဲဖြစ်ဖြစ် ကျွန်မအတွက် အသက်ရှင်ရပ်တည်ရမယ့် ကမ္ဘာကြီးက အခုတော့ ရောင်စုံပန်းဥယျာဉ်ကြီးနှယ် ဆန်းကြယ်လှပသွားတာအမှန်ပါလေ။

ကိုကြီးက ကျွန်မကို ဟိုးတုန်းကတည်းက ချစ်ခဲ့တာတဲ့။ ။

လေးစားလျက်. . .

မမသဒ္ဒါမောင်
8th August 2012
PM 4:15

www.burmeseclassic.com